

www.burmeseclassic.com
အချစ်တစ်ခုကို ရလာပြီဆိုတော့
အဲဒီအချစ်ကိုပဟိုပြုတဲ့ စိတ်ကူးအိပ်မက်
အတွေးတွေဟာလည်း ပျူဟာမျိုးစုံခင်ကျင်းပြီး
ကိုယ့်ဘဝထဲကို အလျှိုလျှိုဝင်ရောက်
တက်ခဲ့လာကြတော့တာပါပဲ—။
လုံးချင်းဝတ္ထုသစ်
မေပုလဲဦး
ရင်ခုန်သံနိုးစက်တစ်လုံး
2007
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၆၉၀၇၀၇
မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၀၉၆၁၀၇၀၇

❒

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာ
အုပ်ရေ ၅၀၀

❒

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

❒

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❒

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**တန်ဖိုး ၁၀၀ ကျပ်**

❒

ကွန်ပျူတာ

# ရင်ခုန်သံ နှိုးစက်တစ်လုံး

## မေပုလဲဦး

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရင်ခုန်သံနှိုးစက်တစ်လုံး

အံ့ဩစရာကောင်းလိုက်တာ ...
ရှည်လျားတဲ့ ဖြတ်သန်းမှု။
များပြားတဲ့ အတွေ့အကြုံတွေနဲ့ အတန်
အသင့် ရင့်ကျက် ခဲ့ပြီလို့ထင်ထားခဲ့တဲ့ ကျွန်မဟာ
'အချစ်'ဆိုတဲ့ ရင်ခုန်သံနှိုးစက်တစ်လုံးရဲ့
လှုန့်နှိုးမှုကို မလွန်ဆန်နိုင်စွာ ခံခဲ့ရတယ်။
ဘဝကို ခေါင်လိုက် ပြားလိုက် ခံယူနိုင်ခဲ့ပြီး
ပေမဲ့ အချစ်ရဲ့ မျက်နှာစာမှာတော့ ပျာယီပျာယာ
နိုင်ခဲ့ရတယ်။
ချုပ်ထိန်းနိုင်စွမ်းရှိပါတယ်ဆိုတဲ့ စိတ်ခံစား
မှုဟာလည်း ရင်ခုန်လှိုက်မောခြင်းရဲ့အောက်မှာ
မရှိပရဲ ...

သိန်းခင်ဆဝဆ

www.burmeseclassic.com

www.burmeseclassic.com



အလဲလဲအပြိုပြို ...

မကြမ်းတမ်းလွန်းလှပေမဲ့ သိပ်အနူးညံ့ကြီး မဟုတ်တဲ့ ကျွန်မနှလုံးသားဟာ ခုတော့ သိမ်မွေ့နေလိုက်တာများ

တကယ့်ကို မယုံနိုင်လောက်စရာပါ ...

မေဝသုန်

BURMESE CLASSIC .com



အချစ်တစ်ခုကို ရလာပြီဆိုတော့ အဲဒီအချစ်ကို ဗဟိုပြုတဲ့ စိတ်ကူးအိပ်မက်အတွေးတွေဟာလည်း ဗျူဟာမျိုးစုံခင်းကျင်းပြီး ကိုယ့် ဘဝထဲကို အလျှိုလျှို ဝင်ရောက်တပ်စွဲလာကြတော့တာပေါ့။

မကျင်လည်ခဲ့ဖူးသေးတဲ့ အစိမ်းသက်သက်နယ်ပယ် ဖြစ်ပေမဲ့ ကိုယ့်အတွက် ကြောင်တက်တက်ကြီးတော့ ဖြစ်မနေခဲ့ပါဘူး။

သူ့စိမ်းဆန်မှု မှန်သမျှကို အချစ်က မိတ်ဆွေစစ်တွေဖြစ် အောင် မိတ်ဖွဲ့ပေးခဲ့လို့ပဲ ဖြစ်တယ်။

အချစ်ဟာ ဘယ်လောက် အံ့သြစရာကောင်းလိုက်သလဲ။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခင်တုန်းကတော့ သူစိမ်းဆန် လိုက်တာ။

တွေ့ကြုံလာရပြီဆိုတော့လည်း တကယ့်ကို မိတ်ကောင်း မိတ်ဖက်။

ငြီးငွေ့ဖွယ်ပစ္စက္ခဘဝထဲကနေ အနာဂတ်တစ်နေရာကို ယုံယုံကြည်ကြည် မျှော်လင့်မိစေတဲ့အထိ။

ပချွန်မိုး



BURMESE CLASSIC .com

# နိဒါန်း

ဂျာသီဆိုတာ စနစ်တကျနဲ့ အစီအစဉ်တကျ လည်ပတ်ဖြစ်တည်နေတဲ့ သဘာဝဖြစ်စဉ်ကြီးတစ်ခုပေါ့ ချစ်သူ။

* ပုရစ်တွေဖူးမယ်။
ရိုးတံကျဲကျဲသစ်ပင်တွေ တွေ့ရမယ်။
ဥသြလေးရဲ့ တွန်သံကို ကြားလိုက်ရမယ်။
ဒါ... နွေဥတု။

* ဖားအော်သံလေးတွေ ကြားရမယ်။
မြေသင်းနံ့သင်းသင်း ရှူရှိုက်လိုက်ရမယ်။

ကောင်းကင်မည်းမည်းကြီးရဲ့ နှလုံးသွေးဖောက်တွေဟာ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



မြေအတွက် ဖြူစင်တဲ့ မိုးရေစက်လေးတွေအဖြစ် ပြောင်းလဲ စုန်ဆင်းလာကြမယ်။

ဒါ… မိုးဥတု။

● မြောက်ဘက်ဆီက လေညင်းကလေးတွေ ပြေးထွက်လာမယ်။

စာပဝါခန်းဆီးစလေးချထားသလို ဆည်းဆာလေးတွေ လမ်းလျှောက်လာမယ်။

အပြစ်ကင်းစင်ပြီး ရှင်းသန့်တဲ့နှင်းစက်လေးတွေက ညတိုင်း ညတိုင်း အလည်လာကြမယ်။

ဒါ… ဆောင်းဥတု။

ဥတုသုံးပါးနဲ့ စနစ်တကျ လည်ပတ်နေတဲ့ သဘာဝတရားရဲ့ ရာသီဟာ ဖောက်ပြန်ခဲ့တယ်လို့ ကြားဖူးပါသလား ချစ်သူ။

မိုးခေါင်တာ၊ ရေကြီးတာတွေတော့ တစ်ခါတစ်ရံ ရှိတာပေါ့လေ။ ဒါပေမဲ့ သူ့အချိန် သူ့အခါ သူ့အလှည့်ကိုတော့ ရတာတိုသမျှ အချိန်လေးမှာ အလှဆုံး ခင်းကျင်းပြသသွားခဲ့တာပဲ။





ကဲ တို့ရဲ့ အချစ်ရာသီထဲမှာကော။

ဘာတွေနဲ့ ဖွဲ့တည်ပြီး ဘယ်လိုခင်းကျင်းပြသွားမှာတဲ့လဲ။

● ရင်စုန်သံလေးတွေကို အဘိဓာန်စာအုပ် အကူအညီမပါဘဲ ဘာသာပြန်ကြမယ်။

မျက်ဝန်းစကားတွေကို နှလုံးသားနဲ့ သောတဆင်ကြမယ်။

သံယောဇဉ်တွေကို ဖိုင်းဝေပြီး အကြင်နာစောင်လေးတွေ ရက်ကြမယ်။

မကြည်လင်တဲ့ မှန်ချပ်တွေကို ရိုက်ခွဲပြီး နားလည်မှုမှန်သားပြင်တွေ အစားထိုးတပ်ဆင်ကြမယ်။

ကိုယ်ပိုင်အတ္တကိုယ်စီကို သူပိုင်ကိုယ်ပိုင် နှစ်ယောက်စလုံးနဲ့ ဆိုင်တဲ့ လှပသော အတ္တသားငယ်လေးတွေ မွေးဖွားကြမယ်။

မြစ်တစ်မြစ်လို ကမ်းပါးတွေကို တိုက်စားမစီးဆင်းဘဲ စမ်းချောင်းတစ်ချောင်းလို ကြည်ကြည်လင်လင် စီးဆင်းကြမယ်။

သစ်ပုပ်ပင်ကြီးတွေကို ကာလရှည်ကြာလာရင် အိုမင်း မသွားစေဘဲ ပန်းခင်းတစ်ခင်းလို အမြဲတလဲလဲရှိပြီး၊ အစဉ်



www.burmeseclassic.com

www.burmeseclassic.com



တလဲလဲ ဖူးပွင့်၊ အဖန်တလဲလဲ ဆွတ်ခူးနိုင်ဖို့ ထပ်ခါထပ်ခါ ပြုစုပျိုးထောင်ကြမယ်။

မိုးခေါင်းတာ၊ ရေကြီးတာမျိုးလောက်တောင်မှ ဖောက်ပြန်ခြင်းမရှိတဲ့ ဥတုတွေနဲ့ အချစ်ရာသီကို ဖွဲ့တည်ကြမယ်။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံးနဲ့ လွတ်ကင်းဖွဲ့တည်နေတဲ့ အချစ်ရာသီဟာ အုံ့အုံ့ဆိုင်းဆိုင်းရော၊ ကြည်ကြည်လင်လင်ပါ ဖြစ်နေရမယ်။

အချစ်ရာသီဆိုတာ ...

အပူမပြင်း

မိုးလည်းမခေါင်

နှင်းစက်လေးတွေတောင်မှ

ခေါင်းထောင်ကြည့်ရမယ့်

တုလွတ်ကင်းသော ရာသီစက်ဝိုင်းကြီးပါပဲ ချစ်သူ။

အဲဒီ ရာသီစက်ဝိုင်းကြီးထဲမှာ ခရီးရှည်ကြီးတစ်ခုကိုစတင် လျှောက်လှမ်းဖို့အတွက်

ခြေလှမ်းစခဲ့တာကတော့ ...

* * *

သိန်းမင်းစာပေ

# အခန်း (၁)

"သမီး ဘယ်သူနဲ့နေမှာလဲ"

ချောင်ပိတ်လာတဲ့ မေးခွန်းကိုဖြေဖို့ လွတ်လမ်းကို ကမန်းကတန်း ရှာဖွေလိုက်မိတယ်။ ကျဉ်းကျပ် ကြမ်းတမ်းလှတဲ့ တစ်သွယ်တည်းသောလမ်းကို ဖျတ်ခနဲတွေ့လိုက်ရတယ်။ မဆိုင်းမတွ ခေါင်းငုံ့ရင်း ခပ်မာမာလေး ပြောလိုက်ရတယ်။

"တစ်ယောက်တည်း နေမယ်"

"အို မဟုတ်တာ"

အမေ့ဆီက လက်မခံလိုတဲ့လေသံ ချက်ချင်း တုံ့ပြန်လာတယ်။ ဒါပေမဲ့ နောက်ထပ် အကြံပြုချက်တစ်ခုတစ်ရာ ထပ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



မလာနိုင်ဘူးဆိုတာတော့ ခန့်မှန်းလို့ ရလိုက်ပါတယ်။ အမေ့ကို သနားလိုက်တာ။

"သမီး နေရဲပါတယ် အမေ၊ စိတ်မပူပါနဲ့"

"သမီးနေရဲမယ်ဆိုတာ သိပါတယ်ကွယ်၊ မသင့်တော်တာကို ပြောတာပါ"

"ဩော်...အမေရယ်၊ ဒီအိမ်က လုံးချင်းမဟုတ်ပါဘူး၊ ထပ်နှစ်ဖက်လုံးမှာ လူတွေရှိနေတာပဲ။ ဟိုဘက်မှာ မသက်တို့ သားအမိရှိတယ်၊ ဒီဘက်မှာ ဦးလေးတို့၊ ဒေါ်လေးချစ်တို့ မိသားစုရှိတယ်။ သမီး ဒီမှာနေလာတာ ဆယ်နှစ်ရှိပါပြီ အမေ၊ အားလုံး သမီးကို ချစ်ကြပါတယ်"

အမေ့မျက်ဝန်းအိမ်မှာ ဝဲလာတဲ့မျက်ရည်တွေ ကျွန်မမမြင်ရက်လိုက်တာ။

ဒါပေမဲ့ အမေ့ရင်ခွင်ထဲမှာ ငုတ်တုတ်ကလေးထိုင်နေတဲ့ ကျွန်မရဲ့မောင်လေးကတော့ ဘာမှနားမလည်သလို မျက်လုံးလေး ကလည်ကလည်နဲ့ ကျွန်မကို ကြည့်နေရှာတယ်။ သူကလေးဟာ အမေမွေးထားတဲ့ အမေ့သားမဟုတ်တဲ့ ကျွန်မ မောင်လေးပေါ့။



"ဒါပေမဲ့ သမီးရဲ့ စားရေး၊ ဝတ်ရေး၊ ပညာရေးက ရှိသေးတယ်"

အမေ့လေသံက တိုးလျော့လျော့။ ကျွန်မ မျက်နှာအရေပြားပေါ်မှာ အပြုံးတစ်ခု ထုဆစ်ဖန်တီးလိုက်တယ်။ အသက်တော့ ဝင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အမေ စိတ်ချမ်းသာမှု ရလိုရငြား ကျွန်မ ကြိုးစားလိုက်တာပါ။

"ဒီစာအုပ် အငှားဆိုင်လေးနဲ့ အဆင်ပြေမှာပါ အမေ၊ ပြီးတော့ ဒေါ်လေးငယ် ထားခဲ့တဲ့ပိုက်ဆံလဲ ရှိပါသေးတယ်"

ကျွန်မ ပိုက်ဆံအိတ်လေးကို ဖွင့်ပြလိုက်ပါတယ်။ အတွင်းမှာတော့ ငွေသားတစ်ထပ် သားရေကွင်းနဲ့ ပတ်လျက်သား။

"ကျောင်းကလဲ တစ်နှစ်ပဲ ကျန်တော့တာပါ။ စာမေးပွဲပြီးတာနဲ့ အလုပ်တစ်ခုခု ဝင်လုပ်မှာပေါ့အမေ၊ သမီးကို စိတ်မပူပါနဲ့၊ အမေ့အတွက်သာ သမီးက ပူနေရတာ၊ အမေလိုတာရှိရင် ဒေါ်လေးငယ်ရှိတုန်းကလိုပဲ လာပြောနော် အမေ၊ စိတ်ဆင်းရဲမနေပါနဲ့နော်"

အမေ မျက်ရည်များနဲ့ သက်ပြင်းချတယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းယမ်းတယ်။ ပြီးတော့ ထိုင်ရာကထပြီး အိမ်ရှေ့ကို ကလေး ချီရင်း ထွက်သွားတယ်။ ကျွန်မ သိပါတယ်။ အမေ ဟိုဖက် ဒီဘက်ခန်းတွေဆီ သွားမယ်ဆိုတာ ကျွန်မကို စောင့်ရှောက်ဖို့ မသက်အမေ ဒေါ်ကြော့မှုရယ်။ ဦးလေးပိုနဲ့ ဒေါ်လေးချစ်တို့ လင်မယားရယ်ကို မှာကြားတော့မယ်ဆိုတာ။ ဪ... အမေရယ်။

ခဏကြာတော့ ဦးလေးပိုရဲ့ အသံဝါဝါကြီးကို ကြားလိုက်ရတယ်။ ပြီးတော့ ဒေါ်လေးချစ်ရဲ့ အားပေးသံ။

"စိတ်ချပါကွယ် ဝသုန်က လိမ္မာပါတယ်"

"ကိုယ့်သမီးလေးလို နေလာခဲ့တာပါ မဝေရယ်၊ စောင့်ရှောက်မှာပါ"

အမေ ပြန်ဝင်လာတော့ ဒေါ်ကြော့မှုက အမေ့ပခုံးကို ဖက်လျက်။

"ညရေးညတာ မသက်ကို အဖော်လုပ် အိပ်နိုင်းမယ်လို့ ပြောထားရတယ် ဝသုန်ရေ။ စိတ်ကိုဖြေထားပါ မဝေ။ ကိုယ့် ကျန်းမာရေးသာ ဂရုစိုက်ပါ။ ဝသုန်က လူရောစိတ်ပါ မာတယ်။





စိတ်ပူစရာ မရှိပါဘူးကွယ်"

ကျွန်မကို ခွင့်လွှတ်ပါ အမေ။

ခုချိန်မှာ ကျန်းမာရေးအားနည်းတဲ့ အမေ့အနားမှာ ကျွန်မ ရှိနေသင့်တာပါ။ ဒါပေမဲ့ အမေ့နေရာက ကျွန်မခြေထောက်တွေ နင်းခွင့်မရတဲ့နယ်မြေ။ အမေ နားလည်စွာ ကြေကွဲခဲ့ရရှာမှာပါပဲ။

"တစ်ခုခုဆိုရင် ကျွန်မဆီ လာပြောပါ မမှုနော်"

"အေးပါကွယ် အေးပါ"

အမေ့ခြင်းတောင်းကလေးကို ကျွန်မ အလိုက်သိစွာ ကောက်ယူလိုက်တယ်။ အမေပြန်ဖို့ အချိန်ကျနေပြီလေ။ ခဏ နေရင် ကျွန်မညီမလေး ကျောင်းဆင်းတော့မယ်။ အမေကြိုပြီး ပြန်ရမှာမဟုတ်လား။

"အမေ ပြန်တော့မယ်နော် သမီး"

"ဟုတ်ကဲ့ အမေ၊ သမီးကို စိတ်ချသွားပါ။ ဒေါ်လေးငယ် တစ်လပြည့်တဲ့နေ့ကျရင် သမီး ဘုန်းကြီးကျောင်းမှာ ဆွမ်းသွား ကပ်လိုက်မယ်၊ အမေ မလာနဲ့တော့လေ"

"အင်း အင်း"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကျောပြင်ကိုငေးကြည့်ရင်း အဲဒီကိုတင်းတင်းကြီးဖက်ထားမိလိုက်တယ်။ တခြားဘဝက အမေ။ တခြားကမ္ဘာဆီ ရောက် သွားတဲ့ ဒေါ်လေးငယ်။ တကယ်တော့ ကျွန်မအတွက် တစ်ယောက်တည်းဆိုတာ အဲသောမျှာဆုံးပါပဲလေ။

"သူ့မျှာလဲ သနားပါတယ် ဝေသုန်ရယ်၊ ညည်းတို့သားအမိကိုကြည့်ပြီး စိတ်ကို မကောင်းဘူး၊ မဝေကိုလဲ အပြစ်မတင်ရက်ဘူး၊ သူ အရွဲ့တိုက်လွန်းသွားတာပဲ။ တကယ်ဆို ညည်းအမေကို အပြစ်တင်ရမှာ၊ ကိုယ့်သမီးလေးကို ပြန်ကြည့်ပါဦးတော့"

ကျွန်မ ခေါင်းယမ်းလိုက်မိတယ်။ အဲဒီစကားတွေကို ကျွန်မ မကြားချင်ဆုံးပါပဲ။ ကျွန်မဘဝနဲ့ ရှိပြီး ခံစားခဲ့ရတဲ့ ဝေဒနာ။ ခုထိလည်း တနင့်နင့် နာကျင်နေရဆဲ။

"ဒါတွေမပြောနေပါနဲ့ ဒေါ်လေးမူရယ်။ လူဆိုတာ ကိုယ့်ဆုံးဖြတ်ချက်ကိုတော့ မှန်တယ်ထင်တတ်ကြစမြဲပါ။ သမီးလဲ သမီးဆုံးဖြတ်ထားတဲ့အလုပ်ကို လုပ်ရမှာပဲ"

"အင်း မသက်ကပြောတယ်၊ ဖြစ်ပါ့မလား ဝေသုန်"





"ဖြစ်အောင် လုပ်မှာပေါ့"

ကျွန်မဘဝကို ခုနစ်နှစ်လုံးလုံး ပြုစုပျိုးထောင်ပေးသွားခဲ့တဲ့ ကျွန်မရဲ့ဒေါ်လေးငယ် ကျောင်းဆရာမ အပျိုကြီးကတော့ သူသိပ်ချစ်တဲ့တူမငယ်နဲ့ လူ့လောကကြီးကို ဆိုင်းမဆင့်ဗုံမဆင့် နှုတ်ဆက်သွားခဲ့ပါပြီ။ အသက်ရှိစဉ်က ကျွေးမွေးစောင့်ရှောက်ပေးခဲ့ရုံမက သူမရှိတော့တဲ့နောက်မှာလည်း သူပိုင်ဆိုင်သမျှ ကျွန်မကို လက်ဆင့်ကမ်း အမွေပေးသွားခဲ့ပါတယ်။

အဲဒါတွေကတော့ ရွှေသားအနည်းငယ်နဲ့ ရွှေသားလက်ဝတ်လက်စားများ ညီအစ်မနှစ်ယောက် ခွဲဝေယူထားခဲ့ကြပြီးတဲ့ မိဘအမွေအနှစ် လက်ဝတ်ရတနာတချို့၊ ဒါတွေ ကျွန်မ ထုခွဲရောင်းချပြီး ဘဝတစ်ခု တည်ဆောက်ရပါလိမ့်မယ်။

"သမီး ကျောင်းက ပြီးမှမပြီးသေးဘဲ"

"အလုပ်တစ်ဖက်နဲ့ တက်လဲရတာပဲ ဒေါ်လေးမူ။ ငွေတာလေးကို ဒီအတိုင်းထိုင်သုံးနေရင် ဘယ်လောက်မှ ခံမှာ မဟုတ်ဘူး"

"စာအုပ်ဆိုင်လေး ရှိနေသားကွယ်၊ ညည်းတစ်ယောက်တော့ စားလို့လောက်မှာပါ၊ ပစ္စည်းတွေ ရောင်းပစ်ရမှာ နမြော



www.burmeseclassic.com

www.burmeseclassic.com



စရာ"

ကျွန်မ ဒေါ်လေးမှုမျက်နှာကို တစ်ချက်ကြည့်မိတယ်။ ကျွန်မရဲ့အကြည့်က နည်းနည်းတော့ တင်းမာသွားမှာပါ။ သူ ချက်ချင်း သဘောပေါက်သွားပုံပါပဲ။

"အင်းလေ ဆုံးဖြတ်ပြီးပြီဆိုမှတော့ မတားတော့ပါဘူး"

တားလို့ကော ရမှာလား ဒေါ်လေးမှုရယ်။ ဝသုန်ဆိုတာ ဆုံးဖြတ်ပြီးတဲ့ ကိစ္စတစ်ခုအတွက် နောင်တမရတတ်။ နောက်မဆုတ်တတ်တဲ့ မိန်းမလေးလေ။ ဒါကြောင့်လည်း ကျွန်မကို တော်ရုံတန်ရုံလူတွေက မရင်းနှီးရဲကြတာပေါ့။ မရင်းနှီးရဲဘူးဆိုပေမဲ့ ကွယ်ရာမှာ အတင်းတော့ ပြောတတ်ကြပါတယ်။ ချီးမွမ်းခြင်းတစ်ဝက်၊ ကဲ့ရဲ့ခြင်းတစ်ဝက်နဲ့ပေါ့။

စာအုပ်ဆိုင်ကို အငှားလာသူတွေဟာ ကျွန်မဆိုင်ထိုင်တာကို သဘောကျသလို သဘောမတွေ့ကြဘူးလေ။ ဘာလို့ဆိုရင် ကျွန်မ ဆိုင်ထိုင်တဲ့အခါ စာအုပ်အသစ်ကို အလှည့်ကျ ဖတ်ခွင့်ရတတ်ပြီး ရက်လွန်သွားတဲ့အခါမှတော့ အားမနာမတမ်း တိတိကျကျတွက်ယူတတ်လို့ပါ။ စာအုပ်ကို ဖတ်သူအကြိုက် အကွက်





ကျကျ လှည့်ပေးတတ်တဲ့အတွက်ကျွန်မကို သဘောကျတယ်။ ဒါပေမဲ့ ရက်လွန်ကြေးကို ဘယ်တော့မှ လျှော့မပေးတတ်လို့ သဘောမတွေ့ဘူး ဆိုလိုပေါ့။

ဒါဟာ လူတွေရဲ့သဘာဝပါပဲလေ။ လူဆိုတာ အတ္တဝါဒီတွေပဲဟာ။ ကိုယ့်အတွက် အဆင်ပြေစေသူကို နှစ်သက်လိုလားပြီး ကိုယ့်အပေါ် မသက်ညှာသူကို ရွံ့မုန်းတတ်ကြစမြဲပါ။ ကျွန်မအတွက်ကတော့ အိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာနေရင်း လူတွေအကြောင်း လေ့လာခွင့်ရခဲ့တာမို့ ဒီအလုပ်ကို သဘောကျမိပါတယ်။

အဲဒီအလုပ်ကြောင့် လူတစ်ယောက်ရဲ့ စာပေရွေးချယ်တတ်မှုကိုလိုက်လို့ သူ့စိတ်နေသဘောထားကို ခန့်မှန်းရနိုင်တဲ့အထိ လူကဲခတ်ပညာ ကျွန်မ တတ်ကျွမ်းလာခဲ့ရတယ်။ ကျွန်မကိုယ်တိုင် စာဖတ်ဖို့ အမြဲအချိန်ပေးခဲ့ပါတယ်။ ညနေ ဆိုင်မဖွင့်မီမှာ ဝယ်လာသမျှ နေ့ထွက်စာအုပ်တွေကို အနည်းဆုံး မြည်းတယ်။ ပြီးတော့ အလှည့်ကျ အချိန်ပေးပြီးဖတ်တယ်။ ဒါမှလည်း ညွှန်ပြ လို့ရနိုင်တာ မဟုတ်လား။



www.burmeseclassic.com

စာအုပ်ဖတ်တဲ့သူဟာ ဒီဒီယိုမြေမှာဆိုင်နည်းတွေ ဇာတ်လမ်း အကြမ်းဖျင်းတော့ သိထားဖို့လိုတယ်။ အဲဒီလို သိထားခဲ့လို့လည်း ဘယ်လိုစာပေမျိုးဟာ လူကြိုက်များတယ်၊ ဘယ်လိုစာပေမျိုးဟာ တန်ဖိုးရှိတယ်၊ ဘယ်လိုစာအုပ်မျိုးက ဈေးကွက်ဝင်တယ်ဆိုတာ ကျွန်မ နားလည်လာခဲ့ရတာပေါ့။

ဒီတော့ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ ကျွန်မ ပိုပြီး အားတက်သရောရှိတယ်။

ကျွန်မ ရေးလာမယ်။ စုဆောင်းမယ်။ ကြိုးစားမယ်။
ဘာပဲဖြစ်ဖြစ် လုပ်မယ်။
ကျွန်မ အောင်မြင်ရမယ်။

• • •

တွန့်တွန့်ဆုတ်ဆုတ်တော့ မဖြစ်ပါဘူး။
ဒါပေမဲ့ ရင်တော့ နည်းနည်းခုန်တာ အမှန်ပါပဲ။
"ဆရာကြီး ရှိပါသလားရှင်"
"ရှိတယ် ရှိတယ်"





ကျွန်မကို အမျိုးသမီးကြီးတစ်ယောက်က တံခါး လာဖွင့်ပေးတယ်။ တိုက်ကလေးထဲကိုရောက်တော့ ကျွန်မ ပိုပြီး အားတက်သွားခဲ့ရတယ်။ ထူးခြားဆန်းသစ်ခြင်းမရှိ၊ အတန်ငယ် မှုံသယောင်းနေတဲ့ ဧည့်ခန်း။ စာအုပ်တွေ ဟိုတစ်အုပ် သည်တစ်အုပ်။ ဖိုးသားမှုရဲ့ အရောင်အဝါက အထင်းသား မြင်နေရတယ်လေ။

ဒါ သက်ကြီးဝါကြီး စာရေးဆရာကြီး တစ်ယောက်ရဲ့ အိမ်ပေါ့။

"ဘာကိစ္စလဲကွဲ့"

"ဟုတ်ကဲ့ရှင့်၊ ဆရာကြီးဆီက စာမူတောင်းချင်လို့ပါ"

"အော်... ထိုင် ထိုင် ကလေး"

ကျွန်မ မရဲတရဲ ထိုင်လိုက်မိတာကတော့ ကြိမ်ကျွဲကျွဲနဲ့ ကုလားထိုင်တစ်လုံးပေါ်ပါ။ ပူအောင်တော့ မထိုင်လိုက်ရပါဘူး။ စကားအတွင်းမှာပဲ ဆရာကြီး ထွက်လာလို့ မတ်တတ်ရပ်လိုက်ရ တယ်။

"ထိုင် ထိုင် ဘယ်တိုက်ကလဲ" ဆိုတဲ့ မေးခွန်းနဲ့အတူ

www.burmeseclassic.com



ကျွန်မတူရကို ရောက်လာတဲ့ အသက်ခုနစ်ဆယ်ကျော် အဘိုးအို တစ်ယောက်ဟာ ကျွန်မ ကြည်ညိုလေးစားရတဲ့ စာပေဖခင်ကြီး တစ်ဦးပါပဲ။

"သမီးက ခုမှ စလုပ်မှာပါ ဘဘ"

"ဪ အင်း၊ ဘယ်လိုစာအုပ်မျိုးလဲ၊ လုံးချင်းလား"

"ဆောင်းပါးပေါင်းချုပ်ပါ ဘဘ၊ လူငယ်ပညာပေးစာမူ တစ်ပုဒ်လောက် ချီးမြှင့်ပေးပါ။ သမီး ဆောင်းပါး ဆယ့်ငါးပုဒ်လောက် စုထုတ်မှာပါ။ ဒီမှာ စာမူတောင်းတဲ့စာရင်းပါ ဘဘ"

ကျွန်မ ကမ်းပေးတဲ့စာရွက်ကိုဖတ်ဖို့ မျက်မှန်လှမ်းတောင်းပြီး ခေါင်းတညိတ်ညိတ်နဲ့ ကြည့်ပါတယ်။

ပြီးတော့ ...

"လူတွေ ကောင်းသားပဲ၊ ဒီနေ့ခေတ်စားနေတဲ့ အလုပ်ပေါ့လေ၊ ဟုတ်ပြီ၊ တစ်ပတ်လောက်နေရင် ပြန်လာခဲ့ပေါ့"

"ဟုတ်ကဲ့ ဘဘ၊ သမီး ကန်တော့ပါရစေ"

ကျွန်မ ပုဆစ်တုတ်ထိုင်ပြီး အဆင်သင့်ပါလာတဲ့ စာအိတ်ကလေးကို ကမ်းလင့်လိုက်ပါတယ်။ ဆရာကြီးက လှမ်းယူပြီး





"အေးအေး၊ အောင်မြင်ပါစေကွယ်" လို့ ပြောပါတယ်။

ကျွန်မထိုင်နေဆဲ။

"နာမည် ဘယ်သူလဲကွဲ့၊ ဘယ်မှာနေသလဲ" တဲ့လေ။

"သမီးနာမည် မေဝသုန်ပါရှင့်၊ မင်္ဂလာတောင်ညွန့်မှာ နေပါတယ်"

"မိဘတွေကရောကွယ်"

"တခြားမှာနေပါတယ်"

"ဪ... အိမ်ထောင်ကျနေပြီလား"

"ရှင် မကျသေးပါဘူး၊ အစက အဒေါ်နဲ့ နေတာပါ၊ အဒေါ်က ကျောင်းဆရာမပါ၊ အခု ဆုံးသွားတာ တစ်လ ရှိပါပြီ၊ သမီး တက္ကသိုလ်မှာ မြန်မာစာနောက်ဆုံးနှစ် အဝေးသင် တက်နေပါတယ်၊ အိမ်မှာ စာအုပ်အငှားဆိုင် ဖွင့်ပါတယ်၊ လောလောဆယ် တစ်ယောက်တည်း နေပါတယ် ဘဘ"

"အို... တယ်စွံပါလားကွယ့်၊ အေး...ကောင်းတယ်၊ လူငယ် ဆိုတာ ဒီလို ကိုယ့်ဒူးကိုယ်ချွန်မှ နာမည်က မေဝသုန်တဲ့နော်၊ မေမြကြီးပေါ့၊ မြကြီးဆိုတာ မာရမယ်နော်"



www.burmeseclassic.com

တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထအောင် အားပေးလိုက်တဲ့ စကား။

“မြေလျှာလို နိမ့်ကျအနှင်းခံရတဲ့ဘဝ” လို့ နှစ်ရှည်လများ ယူဆခံစားမိခဲ့ဟာတွေ တစ်ထိုင်တည်း ပြယ်လွင့်သွားခဲ့ရပါတယ်။

အပြန်ခရီးမှာတော့ ခေါင်းမော့ရင်ကော့ရင်းနဲ့ပေါ့။ တစ်နေရာစီမှာနေကြတဲ့ ဆရာကြီး၊ ဆရာမကြီးတွေဆီ တစ်နေ့တည်း ခရီးမနှင်နိုင်ခဲ့ပါ။ စီးရတာကလိုင်းကား၊ သွားရတာက မြေသောက်လေ။

စာမူတွေစုဆောင်းပြီး ကွန်ပျူတာစာစီဖို့ အပ်နှံရဦးမယ်။ လတ်တလောမှာတော့ စာမူခအတွက်ပဲ ကုန်ကျရသေးတယ်။ စာအုပ်အဖြစ်ရောက်ဖို့ဆိုရင်တော့ ထုခွဲရမှာတွေ ရှိလာလိမ့်မယ်။

ဒီ ဘာပဲဖြစ်ဖြစ်။

ကျွန်မ လုပ်မယ်၊ ကြိုးစားမယ်။

ကျွန်မရဲ့ စာပေလုပ်ငန်းအမည်ကိုက မြဝသုန်။

မာကို မာနေရမှာပေါ့။





“မရဘူးလေ၊ မင်းက မေ့နေလို့ လာမအပ်ပေမဲ့ နောက်က ဖတ်ဖို့ စောင့်နေတဲ့ လူတွေက တစ်မေးတည်း မေးနေကြတာ၊ ရက်လွန်ကြေးကို တစ်ဆယ်လျှော့ထားတာပဲ ကျေးဇူး တင်ဦး”

“ပိုက်ဆံက ဒါအကုန်ပဲဗျ”

“ရတယ်၊ လိုတာ မှတ်ထားမယ်၊ နောက်စာအုပ်အပ်တဲ့အခါ ထည့်ပေး။ တစ်ခါတည်းမပေးနိုင်ရင် ခွဲပြီးပေး၊ ဟုတ်လား”

“ပြီးရော”

ဂျစ်ကတ်ကတ်နဲ့ကလေးတွေကို အဲသလို အချိုအချောက်နဲ့ ဆက်ဆံရတဲ့အခါ ရယ်လည်း ရယ်ချင်တယ်။ စိတ်လည်း တိုရတယ်။

“ကိုယ့်အတွက် ချန်ထားရဲ့လား”

“ချန်ထားတယ် အန်တီ၊ ဟို နှစ်မျိုးလုံးတော့ မရသေးဘူး နော်၊ တစ်မျိုးက လာမအပ်သေးလို့၊ နောက်နေ့မှ ဖတ်ပါနော်”

ဘယ်ဟုတ်ပါ့မလဲ။

နောက်တစ်မျိုးကို နောက်တစ်ယောက်ပေးဖို့ ထားရှာတယ်

www.burmeseclassic.com



လေ။ ကျွန်မမှာက မဂ္ဂဇင်း၊ ဝတ္ထု တစ်မျိုးကို နှစ်အုပ်သုံးအုပ် မဝယ်ထားနိုင်တဲ့ အခြေအနေ မဟုတ်လား၊ အဆင်ပြေအောင် လှည့်ပေးတတ်မှ။

တချို့က အဲသလို စာလောဘကြီးတယ်။

"ညီမလေး ဘာရလဲ"

"ဒီနေ့ ဒါထွက်တယ် အစ်မ၊ ကျွန်မတော့ နည်းနည်း မြည်းပြီးသွားပြီ မဆိုးပါဘူး၊ ဖတ်ကြည့်ဦးပေါ့"

"ဘာမှမရှိရင်လဲ ဖတ်ရမှာပေါ့ဟယ်"

အဲသလို ဘာမဆို စာမရွေးဘဲ ဖတ်တဲ့သူတွေလည်း ရှိတယ်။

"စာအုပ်က လာအပ်သေးဘူးအစ်ကိုကြီး၊ မိုးချုပ်မှ လာမယ် တင်တယ်၊ တစ်ခေါက် ပြန်လာမလား၊ တစ်ယောက်လောက် လွှတ်လိုက်မလား"

"အေး လွှတ်ယူခိုင်းလိုက်မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

စာအုပ်အငှားဆိုင်မို့ ထိုင်နေရုံနဲ့မပြီးပါ။ အကွက်စေ့အောင်





စီစဉ်နေရတာကိုက ကျွန်မဘဝအတွက် သင်ခန်းစာတွေလို့ ဆိုရမယ်ထင်ပါရဲ့"

လူတွေကို လိုတိုးပိုလျှော့ ဆက်ဆံနေရတာ ကျွန်မ ပျော်တော့ မပျော်ပါဘူး။ ရိုးသားမှုကို အံဆွဲထဲခေါက်သိမ်းထားပြီး မျက်နှာပုံစံအမျိုးမျိုးနဲ့ သရုပ်ဆောင်နေရဘာများ၊ တွေးမိတိုင်း စိတ်မကြည်ဖြစ်ရတယ်။

သည်ဘဝမှာ ရေရှည်ရပ်တည်မနေချင်တာ အမှန်ပါပဲ။

ဒါပေမဲ့ လတ်တလောမှာတော့ ဒါလေးက ထမင်းနပ်မှန်အောင် ကျွေးနေခဲ့တာလေ။ ဘယ်မှာ စွန့်လွှတ်ပစ်လို့ ဖြစ်ပါဦးမလဲ။

ဆိုင်သိမ်းလို့ ငွေရေတွက်ပြီး နောက်တစ်နေ့အတွက် စိတ်ကူးစီစဉ်ပြီးမှ အိပ်ပျော်ခြင်းဆီ ရောက်ခဲ့ရတယ်။

ခုနေမှာတော့ ဒါ ကျွန်မဘဝပဲလေ။

ဘဝဆိုတာ လိုချင်တာရော၊ မလိုချင်တာရော ပူးပေါင်း လက်ခံနေရတဲ့ ကံကြမ္မာဈေးကွက်ကြီးတစ်ခုပဲဟာ။

လုပ်ချင်တာ၊ မလုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာ၊ မဖြစ်ချင်တာ

သိချင်တာ၊ မသိချင်တာ ဆိုတဲ့ ဆန့်ကျင်ဘက်ဆန္ဒတွေ တစ်ဝက်စီ လက်စံရင်း ထုံးတမ်းစဉ်လာဆော်လှန်မှုများနဲ့ ကျွန်မ စိတ်တွေကို အထပ်ထပ် ချည်နှောင်နေရတာပဲပေါ့။

ဟုတ်တယ်၊ ကျွန်မစိတ်တွေ လွတ်ထွက်သွားလို့ မဖြစ်ဘူး။ နိုင်မှ၊ မာမှ၊ မြဲမှ၊ ခွဲမှ ဖြစ်မယ်။

"ဝသုန်ရေ အိပ်ပြီလား"

တစ်ဖက်ခန်းက မသက်တစ်ယောက် ဆိုင်သိမ်း အိမ်ပြန်လာလို့ နှုတ်ဆက်သံပါ။ ဟင့်အင်း ကျွန်မ မထူးဖြစ်တော့ပါဘူး။ ထူးတော့လည်း ဘာထူးမှာမို့လဲလေ။

• • •

"ကွန်ပျူတာ စာစီချင်လို့၊ ဘယ်မှာ အဆင်ပြေနိုင်မလဲ ဦးလေးကျော်"

ဝယ်နေကျ စာအုပ်ဆိုင်ကိုပဲ မေးဖြစ်တယ်။

ကျွန်မက ဒီဆိုင်ရဲ့ဖောက်သည်စစ်စစ်ပါ။ ဆက်ဆံလာ





ခဲ့တာ နှစ်နှစ်ရှိနေပြီလေ။ ဦးလေးကျော်က ဒေါ်လေးငယ်နဲ့ မိတ်ဆွေရင်းတွေဆိုတော့ ကျွန်မရဲ့လက်ရှိအခြေအနေကို အသိဆုံးပေါ့။

"ဒီလမ်းထိပ်မှာရှိတယ်၊ ပဒ္မာနဲ့တဲ့။ အဲဒီမှာ ပဒ္မာနဲ့ ရှိတယ်"

လမ်းညွှန်ရာကို ကျွန်မရောက်တယ်။ ပထမထပ်အခန်းတစ်ခန်းပါပဲ။ အခန်းပိုင်တော့မဟုတ်လောက်။ ဘာလို့ဆို စည့်ခန်းတစ်ခုအတွင်းမှာပဲ အလုပ်လုပ်နေတဲ့သူတွေ ရှိတာ တွေ့ရတယ်။ အတွင်းခန်းမှာက လူမျိုးကွဲမိသားစု။ ဒီတော့ ငှားထားတာ ဖြစ်လိမ့်မယ်။

"ပဒ္မာနဲ့ရှိလား၊ ဦးလေးကျော်ကလမ်းညွှန်လိုက်လို့ပါ စာစီချင်လို့"

"စာစီချင်လို့လား၊ လာလေ ထိုင်ပါ၊ ဘာအုပ်ချင်လို့လဲ"

စာစီနေတဲ့ ကျွန်မနဲ့ရွယ်တူ မိန်းကလေးက မိတ်ခေါ်လိုက်တာပါ။ သူ့နာမည်က ပဒ္မာနဲ့လားတော့မသိ။ အခန်းထဲမှာစာစီနေတဲ့ မိန်းကလေးနောက်တစ်ယောက်နဲ့ ဒီနိုင်းတစ်ရှင် စိတ်ပါလက်ပါ ပုံဖော်နေတဲ့ ယောက်ျားလေးတစ်ယောက်ရှိတယ်။ သူတို့က လှည့်တောင်မကြည့်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စာမူတွေ ထုတ်လိုက်တယ်။

"ဒီစာမူတွေပါ စာအုပ်ထုတ်ဖို့"

"ဘယ်ဆိုဒ်လဲ"

"အင်း ဟိုလေ၊ ဩော်... ဒီလိုဆိုဒ်မျိုး"

ကျွန်မ စာအုပ်နမူနာပြလိုက်တော့

"ဆယ်ချိုးပေါ့ ဟုတ်ပြီလေ၊ တစ်ပတ်တော့ စောင့်ရမှာ နော်"

"ရတယ် ရတယ်"

"နောက်အပတ် တနင်္လာနေ့ကျရင် ပရုဖတ်ဖို့ အကြမ်း လာယူပေါ့၊ မာတိကာ ရေးထားလား"

"ဒီမှာ လူစီထားတယ်၊ အဲဒီအတိုင်း ရိုက်မယ်လေ"

"အင်း အင်း ရပြီ"

ကွန်ပျူတာအခန်းက ပြန်ထွက်လာတော့ ရင်ထဲမှာ တစ်ဆို့ဆို့ ဖြစ်နေမိတယ်။ ကျွန်မနဲ့ရွယ်တူ မိန်းကလေးတွေ ကွန်ပျူတာခလုတ်တွေပေါ်မှာ လက်ကလေးတွေ တလှုပ်လှုပ်နဲ့။ ကျွန်မမှာတော့ အဲဒီပညာကို တတ်ချင်တာတောင် သင်ဖို့အခွင့်





မရခဲ့ဘူး။ သူတို့ကိုကြည့်ရတာ တော်တော်ကျွမ်းကျင်နေတဲ့ပုံပါ။

ကျွန်မမှာတော့ လုပ်ချင်တာပဲ ရှိတယ်။ စာအုပ်အချိုးကို ဆောင်မှ ကောင်းကောင်းနားမလည်တတ်ဘူး။ ဒီနေ့စာအုပ်တွေက ဆိုဒ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ ဒီဇိုင်းမျက်နှာဖုံးအမျိုးမျိုးနဲ့ စာဖတ်သူကို ဆွဲဆောင်နေတတ်ကြတာ အပြိုင်အဆိုင်ပဲလေ။

အဲသလို အတွင်းကစာထက် မျက်နှာဖုံးကို အသားပေးနေတာမျိုး ကျွန်မကတော့ သဘောမကျပါဘူး။ ပြီးတော့ စာအုပ်နာမည်ကို မနည်းလိုက်ရှာရပြီး စာရေးသူရဲ့ နာမည်စာလုံးက ပြူးတူးပြဲတဲ ဖြစ်နေတာမျိုး။ ကျွန်မ ဘဝင်မကျတာအမှန်ပဲ။

အင်း ကျွန်မတစ်ယောက်တည်းရဲ့ သဘောအတိုင်း လုပ်ခွင့်ရှိတဲ့စာအုပ်မှာတော့ အဲဒီအစဉ်အလာတွေ ဖျက်ပစ်လိုက်မှာပဲ။

စက္ကူဆိုင်တွေဖက်ရောက်တော့ စက္ကူမျိုးစုံနဲ့ တန်ဖိုးတွေကို လေ့လာဖြစ်တယ်။ ရှိသမျှနဲ့ စရမှာဆိုပေမဲ့ ကျွန်မစာအုပ်ကလေးကိုတော့ ကောင်းကောင်းသန့်သန့်လေး ဖြစ်ချင်တယ်။ ကျွန်မရင်ထဲမှာ ဒီစာအုပ်ကလေးအတွက်ပဲ လှိုက်လှိုက်လှဲလှဲ ရှိနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေ၊ အမေ၊ ဆွေမျိုး၊ သူငယ်ချင်းဆိုတာတွေဟာ အခု နေအခါမှာတော့ ကျွန်မရင်ကို ဘယ်လိုလှုပ်ရှားမှု မပေးနိုင်ကြ တော့ပါဘူး။ ကျွန်မက သီးသန့်ကမ္ဘာတစ်ခုထဲကို ရောက်နေတဲ့ ဩုဟ်သူတစ်ယောက် ဖြစ်နေခဲ့ပြီလို့ပဲ ဆိုရမယ်။

"ဝသုန် ပြန်လာပြီလား"

"ဟုတ်ကဲ့ ဦးလေးပို"

"ညနေက မဝေဝင်လာသေးတယ်၊ သမီးအတွက် သရက် သီးလေးတွေ ပေးသွားတယ်၊ သူလဲ ခုတလော သိပ်နေမကောင်းလို့ မလာနိုင်တာတဲ့၊ စာတော့ ဆောင်သေးတယ်ကွယ့်၊ ဝသုန်က ဒီနေ့ တော်တော်နောက်ကျတာကိုး"

"ဟုတ်တယ် ဦးလေးပို၊ ဝင်စရာလေးတွေ များနေလို့"

ကျွန်မ အိမ်တံခါးဖွင့်လိုက်တော့ ဆီးကြိုနှင့်လိုက်တဲ့ အရသာ။ အထီးကျွန်ဆန်ခြင်းရဲ့ အနံ့အသက်များ။

အမေ လာတယ်တဲ့။

ကျွန်မကို မတွေ့လိုက်ရတာပဲ အမေ့အတွက် ကောင်းပါ တယ်။ ကျွန်မကိုမြင်ရင် အမေ ရင်တွေနာနေရဦးမယ်။ ဖြစ်နိုင်





ရင်တော့ အမေ ကျွန်မကို မေ့နိုင်သလောက် မေ့ထားစေချင်တယ်။ ဒါပေမဲ့ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ အဓမ္မက အမေကို။

ဒေါ်လေးငယ် ရှိစဉ်တုန်းကတော့င် မကြာခဏလာတတ် လွန်းလို့ အမေမျော ပြဿနာတက်တက်နေခဲ့ရတာ။

အို ဒါတွေ မတွေးချင်တော့ပါဘူး။

ကျွန်မ လုပ်စရာရှိတာ ဆက်လုပ်ဖို့ပဲ ရှိပါတယ်။

ဝယ်လာတဲ့စာအုပ်တွေကို ကိုယ်တိုင်အဖုံးဖုံးတယ်။ ပြီးတော့ စိတ်ထဲမှာ တစ်ခါတည်း ဘယ်သူတွေအတွက်ဆိုတာ ရည်ရွယ် လိုက်တယ်။ နောက်တော့ ရေချိုးအဝတ်အစား လဲတယ်။ နောက်တော့ မနက်ကတည်းက ချက်ထားတဲ့ ထမင်းအေးအေးနဲ့ ပုလင်းထဲက ငါးချောက်ကြော်ထည့်ပြီး တို့စိတို့စိနဲ့ စားလိုက်တယ်။

သိပ်မကြာလိုက်ပါဘူး။

မှောင်လာတော့ မီးထွန်းပြီး ဆိုင်ဖွင့်လိုက်ရတယ်။ စားပွဲ ကုလားထိုင်နဲ့ ကပ်လိုက်ရပြီလေ။

ဒါ ကျွန်မရဲ့ လက်ရှိဘဝပဲ မဟုတ်လား။

ခုချိန်မှာ ကျွန်မ ဘာဖြစ်ချင်တာလဲလို့ တစ်ခုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က မေးလာခဲ့ရင် ဘယ်လိုဖြေရမလဲတောင် မသိပါဘူး။

ထုတ်မယ့်စာအုပ်ကလေး အောင်မြင်ချင်တယ်လို့တော့ ကျွန်မ မဖြေမိလားပဲ။ ဒါဖြင့် ဘာကြောင့် အောင်မြင်ချင်တာလဲဆို ရင်ကော။ ကျွန်မ ဘယ်လိုများ အဖြေပေးရပါ့။ စီးပွားရေးအတွက် လား၊ အင်း အဲဒါလည်း ပါကောင်းပါနိုင်တယ်။ အနုပညာကို ချစ်လို့လား။ ကြီးကြီးကျယ်ကျယ် ခေါင်းညိတ်လို့လည်း ဖြစ်တယ်။

ယုံကြမှာတော့ မဟုတ်ပါဘူး။ ကျွန်မရင်ထဲမှာရှိနေတဲ့ တစ်စုံတစ်ရာကိုလေ။ ကျွန်မကိုယ်တိုင် မပေးနိုင်တဲ့အရာကို ကျွန်မ ရှာဖွေပေးမိတာပါဆိုရင် 'ရယ်ရတယ်ဟေ့'လို့ ဟားသ ထုတ်ခံရမှာပါပဲ။

ကျွန်မလေ တစ်ခါတစ်ခါတော့လည်း ရယ်မောခြင်းနဲ့ အပြစ်ကင်းပစ်လိုက်ချင်တယ်။

ကြာခဲ့ပြီလေ။ စိတ်လွတ်ကိုယ်လွတ် မရယ်မောဖြစ်ခဲ့တာ၊ မရယ်ခဲ့ရတာသာရှိမယ်၊ မောနေရတာကတော့ တောက်လျှောက် ပါပဲ။

ငယ်ငယ်တုန်းကလို ရယ်စရာဆိုလည်း အပြစ်ကင်းကင်း





ဒိုစရာဆိုလည်း အပြစ်ကင်းကင်းနဲ့ ရှင်းရှင်းလင်းလင်း ရှိလှတဲ့ နှလုံးသားမျိုးလေး အခုတစ်ခေါက်လောက် ပြန်လိုချင်စမ်းပါဘိ တော့။

လည်ချောင်းကို ချောင်းဟန့်ပြီး ရှင်းလို့ရသလိုမျိုး နှလုံး သားကို ရှင်းလို့ရမယ့် နည်းလမ်းတစ်ခု ရှိခဲ့ရင်လည်း အကောင်း သား။

ခုတော့ နှလုံးသားရှင်းသွားလိုရှင်းသွားငြား အရာရာကို ဆေါ့ထားလိုက်မိပြန်တော့လည်း အဲဒီပေါ့ပေါ့ပါးပါး အခြေအနေ ကိုက နှလုံးသားကို လေးလံရှုပ်ထွေးစေပြန်တယ်။

နောက်ဆုံးတော့ သက်ပြင်းအခါခါချတဲ့ နည်းကသာ ပြေညီစုံ မလုံလောက်သော နှလုံးသားရှင်းနည်းတစ်ခုလို့ လက်ခံ ရမလိုလို ဖြစ်လာတယ်။

ကျွန်မ ငယ်ငယ်က လူကြီးတွေပြောတာ ကြားဖူးသလို 'သက်ပြင်းတစ်ချက်ချရင် အသက်တစ်ရက် တိုတတ်တယ်' ဆိုတဲ့ စကား မှန်းများမှန်ခဲ့ရင် ...

သက်ပြင်းတွေနဲ့သာ အကြိမ်ပေါင်းများစွာ နှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခဲ့ရတဲ့ ကျွန်မအတွက် ဆက်လက်နေထိုင်ရှင်သန်ဖို့ရက်တောင် သိပ်ရှိတော့မှာ မဟုတ်ဘူး။

တချို့လူကြီးသူမတွေကတော့ တစ်မျိုးပြောကြတယ်။ ‘သက်ပြင်းချရင် လာဘ်တိတ်တယ်’တဲ့။

ဘယ်တတ်နိုင်ပါ့မလဲ။

သက်ပြင်းချခြင်းထက် ပိုကောင်းတဲ့ နလုံးသား ရှင်းနည်းတစ်ခု ကျွန်မဘဝမှာ ရမလာမချင်းတော့...။

• • •

## အခန်း (၂)

“ဘယ်က ကောင်မလေးလဲ မသိဘူး”

“မသိဘူးလေ၊ ဦးလေးကျော်က လွှတ်လိုက်တယ်လို့ ပြောသွားတာပဲ၊ သူ့စာမူတွေကတော့ တော်တော်ကောင်းတယ်၊ သက်ကြီးဝါကြီး ဆရာကြီးတွေ ချည်းပဲ ရေးထားတာ၊ လက်ရေးစာမူတွေဆိုတော့ အသစ်ရေးပေးတာပဲ ဖြစ်မယ်”

“သေသေချာချာ လုပ်ပေးလိုက်ပါကွာ၊ သူ့ကြည့်ရတာ ဘာမှ နားလည်ပုံမရဘူး၊ စာပေတိုက်ကရော ဘာတဲ့လဲ”

“မြဝသုန်စာပေတဲ့။ ပြီးတော့ မေဝသုန် စိစဉ်ဖန်တီးသည် ဆိုတာလဲ ပါသေးတယ်။ သူ့နာမည် ထင်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကတော့ ရှယ်ပဲကွ"

လှည့်မကြည့်ဖြစ်လိုက်ပေမဲ့ အသံစပ်ညင်းညင်းကိုတော့ ကြားခဲ့ရပါတယ်။ အလုပ်အပ်သူဆိုတော့လည်း အမှုမဲ့ အမှတ်မဲ့ ပေါ့။

အဲဒီအသံကို ဒီနေ့ နောက်တစ်ခါ ပြန်ကြားခဲ့တော့မှ သူ့ကို သတိထားကြည့်လိုက်မိတာ။

လမ်းထိပ်က ပီစီအိုဖုန်းမှာ လူချင်းဆုံဖြစ်ကြတာပါ။ ဖုန်းနှစ်လုံးရှိပေမဲ့ ကိုယ့်ဖုန်းက စောင့်နေရချိန်လေ။

"ခြောက်ဟုတ်ကဲ့၊ ကြိုမေးထားတာပါ။ စာအုပ်က ရိုက်မလို ပြင်ဆင်တုန်းရှိပါသေးတယ်၊ မန္တလေးကို ဘယ်လို ဖြန့်ရသလဲ ဆိုတာ သိထားချင်လို့ပါ၊ သူများတွေ မေးတော့ တစ်ယောက် တစ်မျိုး ပြောကြလို့ ကာယကံရှင်တွေဆီပဲ ဆက်မေးမယ် စိတ်ကူးလိုက်တာပါ၊ ဟုတ်ကဲ့ ဟုတ်ကဲ့၊ အဲသလို ပို့ပါ့မယ်"

သူ့အသံက စပ်ညင်းညင်းပေမဲ့ ဈေးတော့တော့ ဖြစ်မနေတာ နည်းနည်းတော့ ဆန်းနေသလို။ သူ လုပ်နေတဲ့ အလုပ်ကလည်း သူ့စိမ်းနယ်ထဲမှာ မီးထွန်းလမ်းရှာ သွားနေသူလို။





သတ္တိကတော့ ရှိပုံပါပဲ။

ရွှေးရွှေးနဲ့တော့ လုံးဝမတူ။

"ရွှေးရွှေး ထမင်းစားမယ်"

"အေး လာပြီ၊ ချယ်ရီ"

ထမင်းချိုင့်တွေဖွင့်ပြီး ရွှေးရွှေးနဲ့ ချယ်ရီတို့ ထမင်းစားမယ် ပြင်ကြတော့။

"ကိုကြီး မစားသေးဘူးလား"

"မဆာသေးပါဘူးကွာ၊ ဟိုကောင်လာမှ ဆင်းစားတော့မယ်"

ချယ်ရီ့အမေးကို ဖြေအပြီးမှာ ရွှေးရွှေးဆီက စူစူအောင့် အောင့် အသံ ပေါ်လာတော့တယ်။

"ခေါ်မနေနဲ့၊ သူတို့ ဟိုက်ဘောစ်တွေက ဆိုင်မှာ စားမှာ"

"ကိုယ်တို့မှာ ထမင်းချက်ပြီး ထည့်ပေးမယ့်သူ မရှိဘူး ချယ်ရီရ၊ ဆိုင်နဲ့ပဲ စခန်းသွားနေရတာ"

ရွှေးရွှေးက မျက်စောင်းတစ်ချက် လှမ်းပစ်လိုက်ပြီး…

"ကိုကြီးနော်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာသဘောလဲ ရွှေးရွှေးရေ။

ကိုယ် မင်းကို စလိုက်တယ်လို့ ထင်နေသလား။ တိတ်တိတ်လေး သက်ပြင်းချလိုက်မိတယ်။

ခြော်... ရွှေးရွှေးဆိုတဲ့ မိန်းကလေး။

သူနဲ့ စတွေ့တော့ ဆယ်တန်းအောင်ပြီးစပါ။ မေမေ့ သူငယ်ချင်း အန်တီရဲ့ သမီးပေါ့။ တစ်နေ့ အိမ်ရောက်လာကြပြီး သူ့သမီးကို ကွန်ပျူတာသင်တန်း တက်နိုင်းထားတယ်။ လုပ်ငန်းတစ်ခု ထောင်ပေးချင်တယ်၊ တစ်ယောက်တည်း စိတ်မချလို့ အကြီးကောင်နဲ့တွဲပြီး ထည့်ပေးချင်တယ်တဲ့လေ။

မေမေ့အတွက် ဖိုးကျိုင်းတုတ်ပါပဲ။

ကွန်ပျူတာခန်းတစ်ခုအတွက် အရင်းအနှီးက သေးတာမဟုတ်ဘူးလေ။ ပြီးတော့ ကိုယ်က ကွန်ပျူတာစာစီကို ဝါသနာပါသူမဟုတ်။ ဒီနိုင်းပညာကိုသာ စုံမင်မက်မောတဲ့သူ။ ကိုယ့်ဝါသနာက ပန်းချီလေ။ ဒီတော့ ဒီနိုင်းနဲ့စာစီတွဲပြီး လုပ်ငန်းတစ်ခုထောင်ဖို့ မေမေနဲ့ အန်တီရို့ စီစဉ်ကြတော့တာပေါ့။

ဒီလိုနဲ့ ရွှေးရွှေးနဲ့အတူ လက်တွဲဖြစ်ခဲ့ကြတာပါပဲ။





သုံးနှစ်ဆိုတဲ့ ကာလအတွင်း အတွေ့အကြုံ၊ ကျွမ်းကျင်မှုနဲ့ အလုပ်မိတ်ဆွေ တဖြည်းဖြည်း တိုးပွားလာခဲ့သလို ရွှေးရွှေးနဲ့ ကလည်း လက်ပွန်းတတီး ရင်းနှီးလာခဲ့ရတယ်။

ဒါပေမဲ့ ...

ရွှေးရွှေးနဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ ပကတိ ရှိုးသားခဲ့ပါတယ် ရွှေးရွှေးရယ်။ မင်းကို ညီမလေးတစ်ယောက်လို့ စောင့်ရှောက်ခဲ့ပါတယ်။

မင်းကို ကိုယ် သနားလည်း သနားတယ်။ ခင်လည်း ခင်တယ်။ ဘာလို့ဆို မင်းမှာက ကိုယ့်ပိုင်တီထွင်ကြံဆနိုင်စွမ်းဆိုတာ မရှိဘူးလေ။ သင်ပြရင် နားလည်တယ်၊ နိုင်းတာလုပ်တတ်တယ်။ ပြီးတော့ အတန်အသင့် ပြည့်စုံနိုင်မာတဲ့ မိသားစုအဖွဲ့အစည်းထဲမှာ ရှိပေမဲ့ ကိုယ့်လက်ကိုယ့်ခြေ ကိုယ့်ပညာနဲ့ ကိုယ့်စီးပွားကိုယ်ရှာချင်တဲ့စိတ်လေး ရှိတယ်။

လုပ်ငန်းကျွယ်ပြန့်လာတဲ့အခါမှာတော့ ထပ်ပြီး ပေါင်းစည်းဖို့လူ ရှာရတယ်။ အဲဒီမှာ ချယ်ရီ ရောက်လာတယ်။ ချယ်ရီက ရွှေးရွှေး မေမေ ခေါ်လာတဲ့ သူ့သူငယ်ချင်းသမီးပဲလေ။ ရောက်ခါ



www.burmeseclassic.com

www.burmeseclassic.com



စ ဆိုတော့ အထာမကျသေးဘူး။

ပြီးတော့ ချယ်ရီ့အမြင်မှာက ရွှေးရွှေးနဲ့ကိုယ့်ကို သံယောဇဉ်ရှိသူတွေလို။ ဒါကို ရွှေးရွှေး မငြင်းခဲ့တာ ဘာကြောင့်လဲ။

"ဟေ့ကောင်ကြီး စောင့်နေတာ ကြာပြီလား"

"အေး လာကွာ၊ ငါ ဆာတော့ မဆာသေးပါဘူး၊ ပန်းချီကားကိစ္စ သိချင်လို့ မျှော်နေတာ"

"တည့်သွားပြီကွ၊ ဖောရင်နာပဲ လာဝယ်သွားတာ၊ ကဲ ကိုယ်တို့ ငါးတီးဖွင့်မယ်၊ ဟေ့ ကောင်မလေးတွေ သိပ်စားမထားနဲ့၊ အပြန် ဒီကောင် တစ်ခုခု ဝယ်ကျွေးလိမ့်မယ်"

"တော်ပါပြီ၊ ဒီမှာ စားစရာ ပေါမှ ပေါ"

ရွှေးရွှေးအသံကြောင့် ...

"ဟော ဒီကောင်မလေး ဘာ့ကောက်နေပြန်ပြီလဲ၊ မင်းကလဲ ဘာသွားစထားပြန်ပြီလဲ"

"မစပါဘူး ကိုချော၊ သိတဲ့အတိုင်းပဲ၊ ကောက်စရာမရှိရှာကြဲကောက်နေကျဟာ၊ ကဲ သွားမယ်၊ ညနေစာ ကိုယ်ကျွေးမယ်နော် ဟုတ်လား"





ချယ်ရီက ...

"အိုကေ စောင့်နေမယ်" ဆိုတော့မှ

"ရွှေဘဲမှာ စားမှာ"တဲ့။

"ကောင်းပါပြီဗျာ၊ ကျွေးပါ့မယ်"

ချောလွင်ကို လက်တို့ထွက်လာခဲ့ရင်း သက်ပြင်းတစ်ကြိမ်ထပ်ချမိပြန်တယ်။ ရွှေးရွှေးရဲ့ နှုတ်ဆက်မျက်စောင်းတစ်ချက်ကို သူ မြင်တွေ့လိုက်ရပေမယ့် ရင်မခုန်မိတာကတော့ အမှန်ပါပဲ။

ခေါင်းယမ်းလိုက်မိပြန်ပြီလေ။

* * *

သူ ဘာကြောင့် သည်လိုလုပ်မိသည်ကို သူ့ကိုယ်သူတော့ သိပါသည်။ ကာယကံရှင်ကတော့ ဘယ်နည်းနှင့်မျှ သိနိုင်မည် မဟုတ်ပါ။

ရင်တွေ ခုန်နေရသည့်အဖြစ်။

အတော့်ကို ထူးဆန်းနေပါရောလား။

အချစ်ဆိုတာ ဒါပဲ ဆိုရင်တော့ မြင်မြင်ချင်း အချစ်ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ မှားယွင်းနေပြီ ထင်ပါ၏။ ဘာကြောင့်ဆို သူမကို နှစ်ကြိမ် တိုင်တိုင် ဆုံတွေ့ခဲ့စဉ်က သူ နည်းနည်းကလေးတောင်မှ ရင်မခုန်ခဲ့တာပဲ။

ခုတော့...

"ဩော်... လာပြီလား"

"ဟင်... ဒီက မလာကြဘူးလား"

"ဒီနေ့ သူတို့ နားတယ်ဗျ၊ လာလေ"

"ရှင်... ဘယ်လိုဖြစ်တာလဲ၊ဟိုနေ့က လမ်းထဲကဆိုင်မှာ လာပြောသွားတယ်ဆိုလို့ တနင်္ဂနွေနေ့ မနက်ပိုင်း အကြမ်း လာယူပါတဲ့"

"ဟုတ်ပါတယ်၊ ရနေပါပြီ ထိုင်ဦးလေ"

"ရှင် တော်ပါသေးရဲ့"

"ကျွန်တော် ဖွင့်ပြဦးမယ်၊ ဒီဖောင့်မျိုးနဲ့ ကြိုက်ရဲ့လားလို့၊ ပြီးတော့ စာအုပ်အရိုး ပြင်ဦးမလား၊ ဆယ်ချိုးဆိုဒ်က နည်းနည်း ရိုးသွားပြီ၊ ဒီစာအုပ်ပုံစံမျိုး မကြိုက်ဘူးလား၊ ဒါ ဆယ့်နှစ်ချိုးပဲ"

မိန်းကလေးက သူ့လက်ထဲကစာအုပ်ကို လှမ်းယူပြီး





စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးတော့...

"မဆိုးပါဘူး၊ ဒါပေမဲ့ ကျွန်မ အချိုးမချတတ်တော့ စက္ကူ ပြန်တွက်နေရဦးမယ်၊ စာအုပ်ဆိုဒ်က အရေးကြီးမယ် မထင်ပါဘူး၊ အတွင်းက စာတွေကောင်းရင် ပြီးတာပဲ"

ကြည့်စမ်း၊ ကိုယ့်ခံယူချက်နဲ့ကိုယ် နိုင်နိုင်မာမာ ဆုံးဖြတ်နိုင်တဲ့ မိန်းကလေးပဲ။ သူ တကယ် လေးစားသွားမိသည်။

"ဒါဆိုလဲ ဒီအတိုင်းပဲထုတ်ပေးလိုက်မယ်၊ ဩော် ပြီးတော့ ကျွန်တော် မနေ့ညနဲ့ မနက်ပိုင်းမှာ သေသေချာချာ ပရူစင်အောင် ဖတ်ပြီး ပြင်ပေးထားတယ်၊ အချောယူမယ်ဆိုရင်တောင် ဖြစ်ပြီ"

"အင်... ဟုတ်လား၊ ဟို ဒါပေမဲ့ ကျွန်မ ဖတ်ကြည့်ချင် သေးတယ်၊ ဒီမှာ ထိုင်ဖတ်လို့ရမလား"

"ရတာပေါ့၊ ဖတ်ပါ၊ ဒီနေ့ လူရှင်းပါတယ်၊ ကျွန်တော်တို့ အခါတိုင်းနားတယ်၊ မေဝသုန်အတွက် တမင်လာပေးတာ"

လှည့်ကြည့်လိုက်တဲ့ မျက်နက်ဝန်းတစ်စုံကြောင့် အတိုင်း မသိ ရင်ခုန်သွားရသည်။

ထိုမျက်ဝန်းထဲမှာ စူးစမ်းမှုတစ်ခု ရှိနေမှန်း ခံစားသိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူ့ရှုတ်များက မြေရှင်းချက် စကားများကမန်းကတန်း ထွက်လာရတော့၏။

"ပထမဆုံးလုပ်တဲ့ အလုပ်တစ်ခု အကောင်းဆုံး ဖြစ်စေချင်လို့ပါ၊ ကျွန်တော် ကူညီနိုင်တာရှိရင် ပြောပါ၊ ကူညီချင်ပါတယ်"

မေဝသုန်နဲ့ပတ်သက်ပြီး သူတော်တော် သိထားခဲ့ပြီးပါပြီ။ ဦးလေးကျော်ရဲ့ စာအုပ်ဆိုင်မှာ တစ်ညနေလုံးလုံး သူ ကွင်းဆင်းမေးမြန်းထားခဲ့ခြင်း ဖြစ်သည်။

မေဝသုန်ရဲ့ဘဝက စိတ်ဝင်စားစရာကောင်းသလို ချိုးကျိုးထိုက်တဲ့ သူမရဲ့ စိတ်ဓာတ်အခြေအနေကလည်း သူ့ကို ဆွဲဆောင်လျက် ရှိသည်။

ဒါတွေကြောင့် ရင်ခုန်ရသည်ဆိုရင်တော့ သူ့ရင်ခုန်မှုတွေမှာ နလုံးသားသက်သက်ချည်း မဟုတ်ဘဲ ဦးနှောက်၏ တွေးခေါ်မှုတွေပါ ဝင်ရောက်ပတ်သက်နေပြီ ထင်သည်။

မဟုတ်သေးပါ။

သူ 'အချစ်'ကို ဘယ်သောအခါမျှ ဦးနှောက်နှင့် မဆုံး





ဖြတ်ဘူးဟု ခံယူထားခဲ့သည်။ ဦးနှောက်နှင့်ပတ်သက်မှုရှိနေလျှင် ယင်းမှာ အချစ်မစစ်ဟုလည်း ယက်ခံထားခဲ့သည်။

ခု သူ ရင်တွေခုန်နေသည်။

ဘာကြောင့်များပါလဲ၊

"ကျေးဇူးတင်ပါတယ် ကိုပစ္စုန်"

မဆိုစလောက် တိုးညင်းတဲ့ရေရွတ်သံနဲ့အတူ သူမ ခေါင်းငုံ့သွားခဲ့သည်။ ပြီးတော့ လက်ထဲက ဖိုင်တွဲကို မှင့်သည်။

"ဒီအထဲမှာ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ပုံတွေ ပါတယ်။ ကျွန်မ ခွင့်တောင်းပြီး ရိုက်ယူခဲ့တာ။ အဲဒါ မျက်နှာဖုံးမှာ ဒီနိုင်းဆင်ပြီး သုံးချင်တယ်၊ လိုတော့ လိုပါသေးတယ်၊ ဒါပေမဲ့ ကိုပစ္စုန် ကြိုလုပ်ပေးထားနိုင်မယ်ဆိုရင် အဆင်သင့် ဖြစ်တာပေါ့"

"အကောင်းဆုံး ကြိုးစားပေးပါ့မယ် မေဝသုန်၊ တချို့ ဆရာကြီးတွေနဲ့ ကျွန်တော် ရင်းနှီးပါတယ်၊ ဆုံဖူးတာလဲ ရှိတယ်၊ ခွင့်ပြုချက်တွေပါ လိုက်တောင်းပေးနိုင်ပါတယ်၊ အဲဒါ တောင်းထားဖို့ လိုဟာယ်လေ"

"အင်း ဟုတ်တယ်နော်၊ ကဲ အဲဒါတော့ ကျွန်မကိုယ်တိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါမယ်"

သူ ပြုံးလိုက်မိသည်။

ဟုတ်တာပေါ့လေ။ မေဝသုန်က ကိုယ့်အားကိုယ်ကိုးချင်တဲ့ မိန်းကလေးပဲ။ သူ့ကို ချဉ်းကပ်တဲ့နေရာမှာ သည်နည်းနှင့်တော့ မည်သို့မျှ အောင်မြင်နိုင်မည်မဟုတ်။ သူ အလုပ်စလုပ်လိုက်ပါသည်။

သူမဖတ်ဖို့ စာမူကြမ်း ထုတ်ပေးလိုက်ခြင်းဖြစ်သည်။ သူမ စာမူဖတ်နေသည့်အချိန်တွင် သူကပေးထားသည့် ဓာတ်ပုံများကို ပုံဖမ်းယူနေဖြစ်သည်။

သူမကို မသိမသာ လှမ်းကြည့်ရင်း ရင်ခုန်မပျောက်သေးသော ကိုယ့်အဖြစ်မှာ လက်တွေ့တောင်မှ အေးစက်တုန်ယင်နေသည်။

သူမကတော့ ဘယ်သိနိုင်ပါမည်လဲ။

ခဏကြာတော့...

"အမှားတွေစင်နေလို့ ဖတ်ရတာ အဆင်ပြေလိုက်တာ၊ ကျေးဇူးတင်ပါတယ် ကိုပန္နက်"





သူမဆီက အသံထွက်လာတော့ သူ ပြုံးလိုက်မိသည်။ ရွှေရွှေ၏ အမှားများကို သူ တစ်ညလုံး ထိုင်ပြင်ပေးခဲ့ရခြင်းကို ပြောပြဖြစ်တော့ပါ။

အိပ်ရေးပျက်ခဲ့ရသော ညတစ်ညကိုတောင်မှ မှတ်တမ်းတင်ထားရတော့မည်လေ။

အချစ်ဆိုတာ အဲသလောက် သိမ်မွေ့ပါသလား။

သည်အဖြစ်ကို ရွှေရွှေသိသွားခဲ့ရင် ဘာဖြစ်နိုင်သလဲ။ မေဝသုန်နှင့် ပတ်သက်ပြီး တိုက်တိုက်တွန်းတွန်း ပြောမိသည့်နေ့က ရွှေရွှေစိတ်ကောက်သွားခဲ့သည်ကို ပြန်လည် မြင်ယောင်မိသည်။

ရွှေရွှေက သည်လို သဝန်တိုနေကျ၊ စိတ်ကောက်နေကျ ဖြစ်သော်လည်း သည်တစ်ကြိမ်မှာတော့ သူမချော့လို့ မထောင်းပန်နိုင်ပါ။

သူနှင့် ရွှေရွှေတို့၏ ပကတိအခြေအနေမှန်ကို ရွှေရွှေ မြင်အောင် သူ ပြသရမည့်အချိန်ကို ရောက်နေပါပြီ။

သူ သက်ပြင်းချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချောထုတ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဒါပေမဲ့ ကျွန်တော် စက်ထဲမှာ သိမ်းထားပေးမှာပါ၊ အချိန်မရွေး ပြုပြင်လို့ရပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပဲ"

"ဩော် မျက်နှာဖုံးမှာ စာပေတိုက်ရဲ့ လိုဂို (အမှတ်အသား) ထည့်ဖို့ လိုမယ်ထင်တယ်၊ ရွေးပြီးပြီလား မေဝသုန်"

"ဟင်... ဟုတ်သားပဲ၊ ကျွန်မ မစဉ်းစားမိဘူး"

"ကျွန်တော် လုပ်ထားကြည့်ပေးရမလား၊ လေးငါးခု လုပ်ပြထားမယ်၊ မေဝသုန် ကြိုက်တာသုံးပေါ့ဗျာ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ကိုပဒ္မုန်"

သူ အသံထွက်အောင် ရယ်လိုက်သည်။ ရယ်ပြလိုက်တာဆိုလျှင် ပို၍ မှန်လိမ့်မည်။

"အဟင်း ကျေးဇူးတွေနဲ့ ပိကုန်တော့မှာပဲဗျာ၊ မဖြစ်လောက်ပါဘူး၊"

သည့်အခါမှာတော့ သူမမျက်နှာ တည်တည်ကလေးဆီ





မှာ မမျှော်လင့်ထားသော စကားများ ထွက်အံကျလာပါသည်။

"ကျွန်မက လူတွေကို သိပ်ပြီးကျေးဇူးတင်တတ်တာ မဟုတ်ဘူး ကိုပဒ္မုန်၊ ကျေးဇူးတင်တဲ့စကားကိုလဲ ပြောထွက်ခဲ တယ်၊ ကျွန်မက ကျေးဇူးကို ကြောက်တဲ့သူပါ၊ ခု တကယ် ကျေးဇူးတင်လို့ တင်တယ် ပြောတာပါ"

"မေဝသုန့်စကားက တစ်မျိုးပဲ၊ ကျွန်တော် နားလည်အောင် နည်းနည်းလောက် ရှင်းပြပါလား"

သူမ ပြုံးလိုက်သည်။ သို့သော် မပြုံးချင်ဘဲ ပြုံးလိုက်ဟန် ရှိသည်။ မျက်နှာက မဲ့သွားပေမယ့် အရုပ်ဆိုးတော့မသွား။

ချစ်နေမိတာမို့ပဲလားတော့ မသိ။

အပြုံးက ကြည့်ကောင်းသလို အသံကလည်း နူးညံ့ညင်သာ ရှုးနစ်စွာ။

"ဟုတ်တယ်လေ၊ လူတွေဟာ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို ထမင်းစားရေသောက်လို ပြောနေတတ်ကြတာ၊ တချို့ ကလဲ အဲဒီစကားသုံးလိုက်ရင်ပဲ တာဝန်ကျေသွားတဲ့သဘော၊ တချို့ကလဲ မကောင်းတတ်လို့ပြောလိုက်ရတဲ့ သဘော၊ တချို့



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ အဝင်အထွက် လုပ်ချင်လို့၊ တချို့ကျတော့ အဖော်ဆယ် ချင်လို့၊ တကယ်နှစ်နှစ်ကာကာရှိလို့ ပြောတဲ့သူက ရှားတယ်၊ ဒါကြောင့် ကျွန်မက အဲဒီစကားကို သိပ်ပြီးမသုံးတာ၊ အခု ကိုပစ္စုန်ကိုတော့ ကျွန်မ ကျေးဇူးတင်သင့်တယ်လေ၊ ကျွန်မရဲ့ လိုအပ်ချက်တွေကို ထောက်ပြပေးတာရော၊ ကျွန်မ အင်မတန် အလေးအနက်ထားတဲ့ အလုပ်အပေါ်မှာ နားလည်ကူညီပေးတာ ရောပေါ့"

သူ ကျေနပ်သွားမိသည်။ မေဝသုန်၏စကားများက လောကသဘာဝကို ထောက်ပြသွားခဲ့၏။ အသက်နှစ်ဆယ်ကျော် မိန်းကလေးရဲ့ အသိတရားက နက်နဲမြင့်မားလှပါတကား

တစ်နေ့တစ်နေ့ ရိုက်စရာရှိသည့် စာရိုက်၊ ယူစရာရှိသည့် ငွေယူ၊ စားစရာရှိသည့် အစာ စား၍ ဘဝအား သမားရိုးကျ ဖြတ်သန်းနေသော ရွှေရွှေနှင့်တော့ မည်သို့မျှ မတူနိုင်ပါ။

"စေတနာဆိုတာ တမင်သက်သက် မွေးမြူနေစရာမလို တဲ့အရာပါ မေဝသုန်၊ တစ်ခါမှ မလုပ်ဖူးတဲ့အလုပ်ကို စမ်းသပ်





ရှုံးစားလုပ်ရဲတဲ့ မေဝသုန့်အတွက် ကူညီချင်တဲ့စေတနာ အလိုလို ဖြစ်လာရတာပါ"

"ဟုတ်ကဲ့၊ မြူစင်တဲ့စေတနာဖြစ်ပါစေ ကိုပစ္စုန်"

"သြော်... ပြောတတ်လိုက်တာ မိန်းကလေးရယ်"

• • •

"ဘယ်အချိန်က လာသွားတာလဲ ကိုကြီး"

"မနေ့ကပါ"

"ဟင်... မနေ့က"

"ဟုတ်တယ်၊ မနေ့က ကိုယ့်သူငယ်ချင်းတစ်ယောက် အမှုကပ်လို့ ဒီနိုင်းတစ်ခု အရေးတကြီး လာလုပ်ပေးတာ၊ အဲဒီ ကောင်မလေးကလဲ လမ်းကြုံလို့ ဝင်လာတာတဲ့၊ ပြီးပြီဆိုရင် ယူသွားချင်တယ်ဆိုလို့ ထုတ်ပေးလိုက်တာ"

"အကြမ်းထုတ်ပေးလိုက်တာ မဟုတ်ဘူးလား"

"ဟုတ်တယ်ကွ၊ သူက ချက်ချင်းဖတ်ပြီး ပြင်ပေးမယ်ဆိုလို့ လုပ်ပေးလိုက်တာ၊ ပိုက်ဆံရှင်းသွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ပိုက်ဆံက အရေးမကြီးပါဘူး"

"ဟောဗျာ၊ ပိုက်ဆံက အရေးမကြီးရင် ဘာက အရေးကြီးတာလဲ၊ ဒီအလုပ်နဲ့ စီးပွားရှာတာ မဟုတ်ဘူးလား"

ရွှေရွှေ၏မျက်စောင်းကို သူ မသိကျိုးကျွန် လုပ်ပစ်လိုက်ရသည်။

"စေတနာကောင်းနေလိုက်တာ၊ ချက်ချင်းများတောင် ပြင်ပေးလိုက်သေး၊ ခါတိုင်းဖြင့် ဒီဖက်စက်ကို လှည့်တောင်မကြည့်ဘဲ"

ရွှေရွှေ တတွတ်တွတ် ရေရွတ်နေသံကိုလည်း သူ လျစ်လျူရှုလိုက်သည်။ အဖြစ်မှန်ကိုသိလျှင် သည့်ထက်ဆိုးလိမ့်မည်။

အဲသည်ညက သူ တစ်ညလုံး အိပ်မပျော်နိုင်ခဲ့။ သူမအသံကို အဖန်ဖန်အထပ်ထပ် ပြန်ကြားရင်း မှတ်မိနိုင်သမျှ ဒိုင်ယာရီစာအုပ်ထဲမှာ ကူးရေးထည့်ထားမိသည်။ သူမကို လက်ဖက်ရည်လိုက်တိုက်ရင်း မျက်နှာချင်းဆိုင်က သူမနှုတ်ခမ်းထက်ရှိ မှဲ့နက်နက်ကလေးကို စူးစိုက်ကြည့်နေမိခဲ့ရာက ရင်တလှပ်လှပ်ခုန်ခဲ့။

ကွန်ပျူတာစာစီခကိုလည်း စာမူကျ မျက်နှာပုံးဖလင်





ထုတ်ပေးသည့်အဆင့်ပြီးမှ စုရှင်းဖို့ပြောပြီး ရွှေရွှေကိုတော့ နိုက်ထုတ်ရှင်းပေးခဲ့။

ဒါတွေ ရွှေရွှေသိလျှင် မည်သို့ဖြစ်မည်လဲ။ သူ စဉ်းစားကြည့်မိသည်။

စိတ်ကောက်မည်၊ ငိုမည်။

အလုပ်မဆင်းဘဲ အကြာကြီးနေချင် နေမည်။

မေမေ့ကို လာတိုင်မည်။

ယင်းမှာ ဖြစ်နိုင်ခြေများ ဖြစ်သည်။

သည်တော့ ဘာဆက်ဖြစ်မည်လဲ။

မေမေက ပြန်ချော့နိုင်းမည်။ သူမအလိုကျ တောင်းဆိုသမျှ လိုက်လျော့ရမည်။ ဒီကောင်မလေး၏အလုပ်တွေ လုပ်မပေးတော့ပါဘူးဟု ကတိပေးရမည်။

မဖြစ်နိုင်ပါ။

ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်သည်က နောက်ဆုံးအချက်ဟုတ်သည်။ သူ ပြတ်သားရလိမ့်မည်။

ရွှေရွှေနှင့်သူ နှလုံးသားချင်း မည်သို့မျှ ပတ်သက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်နှိ သူ၏နှလုံးသားရေးရာကိစ္စတွင် ရွှေရွှေ လုံးဝတားဆီးခွင့် မရှိပါ။

သို့သော် စုနေခါမှာတော့ သူ ဝန်စံလို့ မဖြစ်နိုင်သေး။ တစ်ဖက်သောမိန်းကလေး၏ သဘောထားက ဘယ်လိုမှန်းမသိနိုင်။ သူကလည်း ဘာကိုမှ မပြောင်းဆိုရသေး၊ သူမကလည်း တုံ့ပြန်နိုင်ချင်မှ တုံ့ပြန်မည်။

ဘာကိုမှ မရေရာမသေချာသေးခင်မှာတော့ ရွှေရွှေနှင့် ပြဿနာ ထိပ်တိုက်မတွေ့ချင်သေးပါ။

သူ့ကျောပိုးအိတ်အတွင်း ရှိနေသည့် ဓာတ်ပုံအယ်လ်ဘမ် ကိုပင် ရွှေရွှေ မမြင်အောင် သိမ်းထားရမည့် အခြေအနေ ဖြစ်သည်။

လက်ကနာရီကို မသိမသာ ငုံ့ကြည့်မိ၏။

သုံးနာရီရယ် မြန်မြန်ရောက်ပါတော့။

ညနေသုံးနာရီကျော်လျှင် မဝသုန် လမ်းထဲက စာအုပ်ဆိုင် သို့ လာလိမ့်မည်။ မဂ္ဂဇင်းထွက်ချိန်ရက်များတွင် သူမ မြို့ထဲသို့ နေ့စဉ် ထွက်တတ်သည်။ ထိုတိကျခိုင်လုံသော သတင်းအရ





သူ ရင်ခုန်ရှာ စောင့်နေခြင်းဖြစ်၏။

အလုပ်ခန်းမှ နှစ်ခါထွက်မဖြစ်ရလေအောင် ကိုချော လာခေါ်သည့် ထမင်းစားကိုပင် သူ လိုက်မသွားခဲ့ပါ။

အချစ်ဆိုသည်မှာ အဲသလို ဆာလောင်မွတ်သိပ်မှုကိုသော်မှ ဟန့်တားနိုင်စွမ်း ရှိနေသတဲ့လား။

“ထမင်း ဆင်းမစားဘူးလား ကိုကြီး”

“မဆာလို့ ချယ်ရီ၊ ဒီအလုပ်တစ်ခု လက်စသတ်လိုက်ချင်လို့၊ ခါပြီးမှပဲ ဆင်းစားတော့မယ်”

အဲသည် အချိန်မှာတော့ ...

“တစ်ခုခုဝယ်ခဲ့မယ်၊ လက်ဖက်ရည်ဆိုင်သွားမလို့”

ရွှေရွှေရဲ့ အချိုးမပြေသေးသည့်လေသံက ရင်ကို မအေးမြစေနိုင်ခဲ့ပါ။ ခါပေမဲ့ စေတနာကိုတော့ မြင်ပါတယ် ရွှေရွှေ ရယ်။

သူ သက်ပြင်းချမိပြန်သည်။

“တော်ပြီ ရွှေရွှေ၊ ကိုယ် တကယ် မဆာလို့ပါ”

ရွှေရွှေနှင့် ချယ်ရီ ထွက်သွားတော့ သူ [illegible]ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်မှုတွေ ရုပ်သိမ်းပစ်လိုက်သည်။

ကုလားထိုင်မှာ မှီလျှောထိုင်ချလိုက်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။ သို့သော် မြင်ယောင်နေသည့် မျက်နှာလေးတစ်ခုက အာရုံထဲမှာ။

သည်မျှနှင့် လူက မတောင်းတိမ်နိုင်သေး။ အယ်လ်ဘမ်လေးကို ထုတ်ယူလိုက်မိပြန်သည်။ သက်ကြီးစာရေးဆရာကြီးတစ်ဦးနှင့် ယှဉ်တွဲရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံက သူ့မျက်ဝန်းရှေ့မှာ။

သိပ်ချစ်နေမိပြီ မေဝသုန်ရယ်။

သူ ထိုင်ရာမှ ထသည်။

ပြီးတော့ လေကားဆီသို့ ခြေလှမ်းလိုက်သည်။ သည်အချိန်မှာ သူ ထွက်သွားတာ အကောင်းဆုံးဖြစ်လိမ့်မည်။ အမေးအမြန်းကင်းလွတ်လိမ့်မည်။

အချိန်တစ်နာရီလောက်ဆိုတော့ သူ ပြန်းတီးပစ်ရတော့မည်။

တာမွေဘက်မှလာသော ကားရပ်မည့်မှတ်တိုင်နံ့တန်းမှာ သူ ထိုင်နေလိုက်သည်။ ဖျားပန်းခပ်နေသော လူတွေက သူ့





မျက်စိ ရှေ့မှာ ရှုပ်ထွေးနေ၏။ သို့သော် သူ့အာရုံကို တစ်စုံတစ်ရာမျှ မဖမ်းစားနိုင်ပါ။

စောင့်နေရသောအချိန်ဆိုသည်မှာ ကြာတတ်စမြဲ ဖြစ်သည်။ သို့သော် မျှော်လင့်ချက်နှင့် စောင့်ဆိုင်းရခြင်းအတွက်မှာတော့ ငြီးငွေ့ပျင်းရိခြင်းကို မဖြစ်စေနိုင်ခဲ့။ ငါးမိနစ်တာ ခန့်ခါမျှ ကြည့်မိသော နာရီကို ဆယ်ကြိမ်မြောက် ကြည့်အပြီးလောက်မှာ...

သူမကို မြင်လိုက်ရပါပြီ။

နက်ပြာရောင်ဝတ်စုံနှင့် မိန်းကလေး။

ကားပေါ်မှ အောက်သို့ ရောက်ရောက်ချင်းမှာပဲ သူမလေးက သူ့ကို မြင်တွေ့သွားပါသည်။

မျှော်လင့်ထားခြင်းမရှိသော အရိပ်အယောင်က ထင်းခနဲ ဖြစ်၏။

ဟသွားသောနှုတ်ခမ်းဆီမှ အာမေဋိတ်သံကိုတော့ သူ မကြားလိုက်ရပါ။ သူမ ပြုံး၍ နှုတ်ဆက်သည်။

"ဘယ်သွားမလို့လဲ ကိုပစ္စုန်"

"မသွားပါဘူး၊ မေဝသုန့်ကို လာစောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့လဲ"

"တွေ့ချင်လို့ပါ"

မျက်နှာအနေအထားက အံ့သြသွားဟန်။ ပြီးတော့ ခြေလှမ်းပြင်လိုက်ပြီး လေသံတိုးတိုးနှင့်...

"ဘာကိစ္စရှိလို့လဲ ကိုပဒ္ဒုန်"

သူ ခေါင်းယမ်းလိုက်သည်။ ပြီးတော့...

"ဘာစားနဲ့လဲ မေဝသုန်"

"နေ့လယ်စာ စားပြီးမှ ထွက်လာတာလေ၊ ဘာလဲ ကျွေးဖို့ လာစောင့်နေတာလား"

"အင်း ဟုတ်တယ်၊ ဒီနေ့ ကျွန်တော့်ပန်းချီတစ်ကား ရောင်းရလို့"

ခင်းပေးသောလမ်းကို အဆင်သင့် လိုက်လျှောက်လိုက်မိသည်။ စောစောက သူ စဉ်းစားလာခဲ့သော စကားတွေကို လျှော့ပစ်လိုက်၏။

ဟုတ်တာပေါ့၊ အလုပ်ကို အကြောင်းပြဖို့ သူ့လက်ထဲမှာ ဘာမှ အဆင်သင့်မပါလာခဲ့ပါ။





"ပန်းချီကား ဟုတ်လား"

"ဟုတ်တယ် မေဝသုန်၊ ကျွန်တော် ပန်းချီ ရေးတယ်၊ ယ်ချင်းတစ်ယောက်ရဲ့ပြခန်းမှာ ကျွန်တော့်ပန်းချီကားတွေ င်ထားတယ်"

"ဟုတ်လား၊ ကိုပဒ္ဒုန်က ဘယ်ဆိုးလို့လဲ၊ ဒါဆိုလဲ ဒါနဲ့ ပြောက်အောင် အအေးတော့ လိုက်သောက်ပါ့မယ်၊ မေးစရာလေး တွေ့ရှိနေလို့ အလုပ်ခန်းတောင် တက်လာဦးမလို့ အတော်ပါပဲ"

အတော်ပါပဲဆိုသည်ကို သူက ပြောရပါလိမ့်မည်။ တော်ပါ သေးရဲ့ဟု ဆိုရမည်လေ။

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်မိကြပြန်သည်။

"ဘာသောက်မလဲ ဟင်"

"နို့အေး သောက်မယ်"

"နို့အေး နှစ်ခွက်ပေးပါ၊ ကဲ မေးစရာရှိတယ်ဆို ဘာလဲ၊ မေးလေ"

"ဩော် ကိုပဒ္ဒုန်တို့အိမ်က ဆောက်ဆောက်လုပ်ငန်း လုပ်တယ် ဆိုတာ ဟုတ်သလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေဝသုန်ကို ဦးလေးကျော် ပြောတာလား"

"ဟုတ်ကဲ့"

"ဒါဆို အမှန်ပဲဖြစ်မှာပေါ့ဗျာ၊ ဘာဖြစ်လို့လဲ"

"အလုပ်အပ်လို့ရတာပေါ့ ကိုပစ္စုန်ရယ်၊ ကျွန်မကို ပြောပြရောပေါ့"

"ခြောက် အဲဒါက ကျွန်တော့်ညီရဲ့ စီးပွားရေးလေ မေဝသုန်၊ ကျွန်တော်က မေဝသုန်ကို မဆွယ်သလိုဖြစ်မှာစိုးလို့ မပြောတာပါ၊ မေဝသုန်က နေရာတိုင်းမှာ ကိုယ့်စိတ်ကြိုက် ရွေးချယ်နေကျဆိုတာကိုလဲ သိထားလို့ပါ"

"ဒီလိုလား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆိုရင်တော့ ကျွန်မကို ဒီထက်ပိုသိအောင် ပြောထားရဦးမယ်၊ မနေ့က ကျွန်မ ဦးလေးကျော်ဆိုင် ဝင်ဖြစ်တယ်၊ သူက ကိုပစ္စုန်အကြောင်း ပြောလိုက်တာနဲ့လို့"

"ဟုတ်လား၊ ဘာတွေလဲဗျာ"

"ခြောက် ကိုပစ္စုန်ရဲ့ အရည်အချင်းတွေပေါ့၊ ပြီးတော့





သူက ပြောတယ်၊ ကိုပစ္စုန်က ကျွန်မနဲ့ပတ်သက်ပြီး စပ်စုသွားတယ်တဲ့"

"ဟာ... အဲ"

"ကျွန်မအကြောင်းကို ကျွန်မ ပြောပြတာလောက် ဘယ်သူက စုံအောင် မှန်အောင် ပြောပြနိုင်မှာလဲ ကိုပစ္စုန်ရယ်၊ ကျွန်မကို မေးရောပေါ့"

"ဟို... ကျွန်တော်"

အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည့် ကိုယ့်ပါးစပ်ကိုယ် အတော်ဒေါသထွက်သွားမိသည်။ တကယ်ဆိုရင်ထဲတွင် ပြောစရာစကားတွေ အပြည့်ရှိနေသည်ပဲ။

"ကိုပစ္စုန်အကြောင်းတွေ ကျွန်မ မမေးဘဲ သူ ပြောပြတယ်၊ ဒါပေမဲ့ ကိုပစ္စုန် ပြောပြမယ့် ကိုပစ္စုန်ရဲ့အကြောင်းကိုပဲ ကျွန်မ နားထောင်ချင်တယ်၊ တစ်ဆင့်စကားဆိုတာ ကျွန်မ အိပ်မှုန်းတဲ့ ဆေါ်ဟာရတစ်ခုပဲ"

"ဒီလိုပါဗျာ၊ ဦးလေးကျော်က ကျွန်တော်နဲ့ တော်တော်ရင်းနှီးတဲ့သူဖြစ်သလို မေဝသုန်ကို ကျွန်တော်ဆီ လမ်း…ပေးခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူနဲ့ စကားပြောရင်း မေဝသုန့်အကြောင်း မေးဖြစ်သွားတာပါ"

"အဲဒီလိုလား၊ ဒါဖြင့် တမင်သွားမေးကြည့်တာ မဟုတ်ဘူးပေါ့နော်"

သည်တစ်ခါတော့ သူမမျက်နှာကို အံ့အားသင့်စွာ မော့ကြည့် ဖြစ်တော့သည်။

မဆိုစလောက်ပြုံးယောင်သန်းနေသော နှုတ်ခမ်းဖြင့် မိန်းကလေး၊ ကျေးဇူးကို အလကားမတောင်တတ်သူ မိန်းကလေးက တစ်ဆင့်စကားကို မှန်းပြန်သတဲ့လေ။

မင်းရဲ့စကားတွေက ကိုယ့်ကို ရေလာအောင် မြှောင်းပေးနေသလား၊ ဒါမှမဟုတ် တမင်ပဲ လှောင်ပြောင်ပြောနေသလားကွယ်။

"မေဝသုန်"

"ဟုတ်ကဲ့"

"ကျွန်တော့်ရင်ထဲကို မြင်နေပြီလားဗျာ"

"ကျွန်မ မညှဲဘူးထင်တာပဲလေ"





"သိပ်တော်လွန်းလို့ အံ့ဩမိပါတယ်ဗျာ၊ ဒါ ဒါပေမဲ့ ကျွန်တော် ကြောက်တယ်"

"ကျွန်မ ငြင်းလိုက်မှာကိုလား"

"ဟုတ် ဟုတ်ပါတယ်"

တုန်ယင်နေတဲ့ ကိုယ့်အသံကို စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။

သူမကတော့ တည်ငြိမ်ရင့်ကျက်နေသည့်ပုံဖြင့် ခပ်တိုးတိုးလေး ရယ်နေပါသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သည်အရွယ်ရောက်မှတော့ ယောက်ျားလေးတစ်ယောက်ရဲ့ ချစ်ခွန်းဆိုမှု အတွေ့အကြုံ ရှိပြီးသွားပေါ့။ ဒါပေမဲ့ အကြိမ်တိုင်း ရင်ခုန်ခြင်း ကင်းစွာနဲ့ပဲ ငြင်းပယ်ဖြစ်ခဲ့တယ်။

သည်တစ်ခါတော့...

"ခုခံချိန်မရှိ

ပြင်ဆင်ချိန်တောင် မရလိုက်ဘဲ

ညင်သာစွာ အကျဉ်းကျခံလိုက်ရတယ်"

ဆိုတဲ့ ကဗျာတစ်စလို။





မနေ့ညက တစ်ညလုံးလိုလို လူးလိမ့်အိပ်မပျော်နိုင်ခဲ့တဲ့ ကိုယ့်အဖြစ်ကို သဘောပေါက်နေပြီးသွားပါလေ။

ဟုတ်တယ်။

ဖြတ်သန်းမှု အတွေ့အကြုံအရ တုံ့ပြန်မှုတွေ တည်ငြိမ်ရင့် ကျက်နေပြီလို့ ကိုယ့်ကိုယ်ကို ယုံကြည်ထားမိခဲ့တာ ဘယ်လို အတွေ့သစ် အကြုံသစ်ကိုမဆို ဗျာယာမျာယာ မတုံ့ပြန်တော့ဘူးလို့ ထင်ထားခဲ့မိတာ။

ကျွန်မဆိုတာက သာမာန်မိန်းကလေးတစ်ယောက် မဟုတ် ဘူးလေ။

နုငယ်သူဘဝရဲ့ အစဉ်အလာအရ ကျင်လည်ရမယ်နေရာနဲ့ အခွင့်အရေးတွေကို ကျော်နိုင်းခဲ့ပြီး ကြမ်းတမ်းလွန်းလှတယ်လို့ ပြောချင်ပေမဲ့ သိပ်ချောချောမွေ့မွေ့ မရှိလှတဲ့ လောကစံရဲ့ လမ်းပေါ်မှာ ကျွန်မရဲ့ ခရီးရှည်ကြီးကို စတင်ခဲ့ရတာပဲလေ။

မျက်စိသူငယ်၊ နားသူငယ်နဲ့ကိုပဲ ဆိုရမလား၊ အံကို ခက်တင်းတင်းကြိတ်ရင်း ခံနိုင်ရည်ရှိတယ်လို့ပဲ ဆိုရမလား။ မမှန် သာ မတိမ်းသာ မလှုံးသာ မလွန့်သာတဲ့ တကယ် အကျဉ်းအတည်း



www.burmeseclassic.com

ကြီးကို ကျွန်မ တည့်တည့်ဝင်တိုးခဲ့ရပါတယ်။

ဒါပေမဲ့ လှလှသွယ်သွယ် ဘဝတစ်ခုကိုတော့ ကျွန်မရရှိအော

ကြိုးစားနိုင်ခဲ့တယ်လို့ ထင်တာပဲ။ ကိုယ့်ခြေထောက်ပေါ်မှ

ကိုယ်တော့ ကောင်းကောင်းရပ်နိုင်တဲ့ အခြေအနေမျိုးပါ။

တည်ငြိမ်ရင့်ကျက်ခြင်းဆိုတာဟာလည်း ကျွန်မ ထို

ထိုက်တန်တန် ရယူနိုင်ခဲ့တဲ့ ဆုလာဘ်ဖြစ်ပါတယ်။

ဒါပဲလေ။

ချုပ်ရိုးတွေ၊ ဆက်တုံးတွေများခဲ့တဲ့ ကျွန်မဘဝရဲ့ ဖြတ်သ

မှုမှာ ...

လုပ်ချင်တာ

မလုပ်ချင်တာ

ဖြစ်ချင်တာ

မဖြစ်ချင်တာ

သိတာ

မသိတာတွေဟာ တစ်ဆက်စီလောက်တော့ တွေ့ကြုံခဲ့

လို့ အောက်မေ့မိတယ်။





ဒါပေမဲ့ အံ့ဩဖို့ကောင်းတာယ်။

ရှည်လျားတဲ့ဖြတ်သန်းမှု

များပြားတဲ့ အတွေ့အကြုံနဲ့

အတန်အသင့် ရင့်ကျက်ခဲ့ပြီလို့ ထင်ထားခဲ့တဲ့ ကျွန်မဟာ

ကျွန်မ အိပ်မက်မှ မမက်ဖူးသော

စိတ်ကူး၌ မယဉ်ဖူးသော

အတွေးနဲ့ပင် ရင်မဆိုင်ဖူးသော

'အချစ်' ဆိုတဲ့ ရင်ခုန်သံနှိုးစက်တစ်လုံးရဲ့ လှုပ်နိုးမှုကို

ျွန်ဆန်နိုင်စွာ ခံလိုက်ရခြင်းမှာတော့ ...

ဘယ်ထွက်နိုင်ပါ့မလဲလေ။

ကျွန်မက ဘာသားနဲ့ထုထားတာမို့လဲ။

ချုပ်ထိန်းနိုင်စွမ်းရှိပါတယ်ဆိုတဲ့ စိတ်ခံစားမှုဟာလည်း

ခုန်ခြင်းများအောက်မှာ ဖရိုဖရဲ၊ အလဲလဲအပြိုပြို။

မကြာမီ:တာမ်းပေမဲ့ သိပ်အနုညံ့ကြီးမဟုတ်တဲ့ ကျွန်မနှလုံး

းဟာ အခုကျ သိမ်မွေ့နေလိုက်တာများ။

ကျွန်မကိုယ်ကျွန်မ သိလိုက်တယ်။

www.burmeseclassic.com



အချစ်နဲ့ ကြုံတွေ့လာတဲ့ကာလမှာ ကျွန်မ အဲဒီအချစ်ကို လက်ခံတုံ့ပြန်ပုံဟာ နည်းနည်းတော့ ပျာရိပျာယာနိုင်မှာပဲဆိုတာ။

ဒါကြောင့် ပြောကြတာပဲလေ။

အချစ်နဲ့တွေ့ရင် ဘယ်သူမှမခံနိုင်ဘူးဆိုတာ လက်တွေ့ တွေ့တော့ ယုံရတာပေါ့။

ကျွန်မ ချောင်ထိုးသားခဲ့တဲ့ အလှပြင်ပစ္စည်းတွေလည်း မနက်ကပဲ မှန်တင်ခုံပေါ် နေရာပြန်ရသွားခဲ့ကြတယ်။

'ကျွန်မ သနပ်ခါးလိမ်းမှဖြစ်မယ်' ဆိုတဲ့ လေဘာတီမမြရင် သီချင်းထဲကလိုပေါ့။

အင်း ကျွန်မ လှချင်လာတာကိုက ထူးဆန်းအံ့သြဖွယ်ရာ တစ်ခုပါပဲ။

မနက်ကတည်းက ညနေရောက်ဖို့ ရင်ခုန်နေခဲ့မိတယ်။

မြို့ထဲရောက်ရင် သူ စောင့်နေလိမ့်မယ်ဆိုတဲ့ အသိကိုက ဆဋ္ဌမအာရုံ ရနေသလိုလိုပဲလေ။ ကျွန်မ ထင်ထားတာက သူ ဦးလေးကျော်ဆိုင်မှာ ရောက်နေမယ်၊ ကျွန်မနဲ့ မမျှော်လင့်ဘဲ ဆုံသလို နှုတ်ဆက်မယ်၊ အဲသလို…





ခုတော့…

သူရောက်နေတာ ကားမှတ်တိုင်မှာ…

စာအုပ်ဆိုင်မှာ သွားစောင့်နေတဲ့ အမှတ်တမဲ့ ဆုံတွေ့ ခြင်းမျိုးမဟုတ်ဘဲ ကားမှတ်တိုင်မှာ တမင်သက်သက် လာထိုင် စောင့်နေတဲ့အဖြစ်။

ကျွန်မ ပျော်သွားတယ်။

ဒါပေမဲ့ ကျွန်မ မသိသလို နေခဲ့ရတာပေါ့။ သူနဲ့အတူ အအေးသောက်ရင်း သူ့ရဲ့မဝံ့မရဲ စကားတွေကို ကျွန်မ ဆွဲယူနေမိ တယ်။

အဲဒါ ကျွန်မ မှားသွားသလား။

ဟင့်အင်း ကျွန်မ မမှားပါဘူး။

ကျွန်မ သူ့ကို အကဲခတ်တာ မှန်ပါတယ်။ သူ့ပုံစံကို ကြည့်ရင် သူက သည်ကိစ္စမျိုးကို ကျွမ်းကျင်မှု မရှိတာ သိသာနေတယ်။ ဟန်မဆောင်တတ်မှန်းလည်း သိသာနေတယ်။ သူက ကျွန်မလောက်တောင်မှ ဣန္ဒြေမရပါလား။

ခုပဲကြည့်လေ…



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရှေ့မှာ သူ့ရဲ့တုန်တုန်ယင်ယင် အခြေအနေကိုကြည့်ပြီး ကျွန်မကပဲ ဒီလိုကိစ္စမျိုးမှာ အတွေ့အကြုံရှိနေသူကို ဖြစ်နေရတော့တယ်။

ကျွန်မ ငြင်းလိုက်မှာကို ကြောက်တယ်တဲ့လေ။

ကျွန်မ အမြင်ကတ်ကတ်နဲ့ ပြောချလိုက်တယ်။

"ဘယ်အရာမဆို လက်တွေ့ မကြုံးစားကြည့်သေးဘဲ ကြိုတင်အရှုံးတွက်ထားတဲ့လူမျိုးကို အထင်မကြီးဘူး သိလား"

သူ ခေါင်းငုံ့လာတယ်။

ပြီးတော့ ကျွန်မ မျှော်လင့်မထားတဲ့ စကားတစ်ခွန်းနဲ့ ပြန်လည်ချေပလိုက်တယ်။

"ရင်ထဲကလာတဲ့ ခံစားမှုဆိုတာ အထင်ကြီးခြင်း၊ အထင်သေးခြင်းနဲ့ မသက်ဆိုင်ဘူးလို့ ကျွန်တော် ထင်ပါတယ် မေသုန်။ အဲဒီလို ဝေဖန်လိုက်ခြင်းအားဖြင့်တော့ ကျွန်တော့်မှာ ဘာမှထိခိုက်သွားစရာ မရှိပါဘူး"တဲ့။

ကျွန်မ နှုတ်ပိတ်သွားရတယ်။

သူပြောတာ ဟုတ်နေတယ်လေ။





အချစ်ဆိုတာ ရင်ထဲကလာတဲ့ ခံစားမှုပဲ။

ဆန့်ကျင်ဘက်ကို စိတ်ဝင်စားတာ တစ်ခုတည်းနဲ့တော့ အချစ်ဆိုတာ သန္ဓေတည်မလာနိုင်ဘူး။

အောင်မြင်မှု၊ ဆုံးရှုံးမှုတွေကို အားကျစာနာစိတ်ဆိုတာ ကြောင့်လည်း အချစ်ဆိုတာ မပေါက်ဖွားလာဘူး။

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပေးဆပ်ရယူမှုတွေကြားထဲမှာလည်း အချစ်က ဖြစ်တည်နေတာ မဟုတ်ဘူး။

အဲဒီအချက်တွေဟာ အချစ်ရဲ့ အင်မတန်သေးငယ်သော အစိတ်အပိုင်း အစက်အပြောက်ကလေးတွေ မျှသာပါပဲ။

တကယ်တော့...

အေးပယောဂကင်းစင်သော

ကန့်သတ်ချုပ်ချယ်မှုမဲ့သော

အလျှဉ်မပြတ်စီးဆင်းမှုသဘောရှိသော

အကြမ်းထည် အရိုင်းသက်သက် အရာဟာ (ပြည့်စုံလုံလောက်မှု မရှိပေမဲ့) အချစ်လို့ ကျွန်မပြောရင် စောဒကတက်ချင်သူတွေ ရှိကြမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရပ်ကလာတယ်

ဘယ်ကိုဦးတည်နေတယ်

ဘာဆိုတာမှကို မဆေးကြောမိဘဲ နှလုံးသားရဲ့အတွင်းပိုင်းကျကျမှာ လက်ခံထားလိုက်ရတဲ့အရာဟာ 'အချစ်'လို့ ပြောရမယ်။

အချစ်ဆိုတာ သူပြောသလို အထင်ကြီးခြင်း၊ အထင်သေးခြင်းနဲ့လည်း မသက်ဆိုင်ဘူး။

မှန်တာပေါ့ ကိုပစ္စုန်ရယ်။

"အရှုံးဆိုတာ လူတိုင်း မလိုလားတတ်ကြတာမျိုးပါဗျာ။ ဒါပေမဲ့ ရှုံးမှာကြောက်လို့ ရှေ့မတိုးတာ မဟုတ်ပါဘူး၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် ရှေ့တိုးတာထက် ရှေ့မှာ ဘာရှိနေသလဲဆိုတာ ကြိုသိချင်သေးတာကြောင့်ပါ၊ ပြီးတော့ နောက်ပြန်မရောက်ဖို့ အားယူအားဖြည့်နေတာပါ၊ မေဝသုန် နားလည်နိုင်မယ်ထင်ပါတယ်"

"ဟုတ်ကဲ့ နားလည်ပါတယ် ကိုပစ္စုန်၊ ဖြစ်လာနိုင်တဲ့အခြေအနေတစ်ခုကို သိလိုက်ရခြင်းအားဖြင့် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နိုင်တာပေါ့၊ ကောင်းပါတယ်၊ အချိန်ရှိနေတာပဲ၊





ညြှော်... ဒါထက် ကျွန်မ မျက်နှာဖုံး ဘယ်တော့ရမလဲဟင်"

စကားလမ်းကြောင်း ပြောင်းလိုက်တယ်။

သူ သဘောပေါက်စွာပြုံးတယ်။ ပြီးတော့...

"တနင်္ဂနွေနေ့ မနက်ပိုင်း လာကြည့်လေ" တဲ့။

* * *

တရှိန်းရှိန်းတက်လာတဲ့အပူကြောင့် အာခေါင်တွေ ခြောက်ကပ်လာတယ်။ ရေ ဘယ်လောက်သောက်သောက် ရေငတ်ကမပြေ။ တစစ်စစ်ထိုးအောင့်နေတဲ့ ဝမ်းဗိုက်ထဲကဝေဒနာ။ မခံမရပ်နိုင်ပေမဲ့ အံကို တင်းတင်းကြိတ်ထားမိတယ်။

ဆိုင်းမှုင်းချိန်နီးပြီ။

ဘယ်သူမှ မသိစေချင်ရင်တော့ ခပ်တည်တည် ဆိုင်ဖွင့်ဖို့လိုတယ်။ ခေါင်းကထူနိုင်ပေမဲ့ ခါးကို မမတ်နိုင်တာက ခက်တယ်။

အို... ဘာဖြစ်ဖြစ်။

ဆေးခန်းကိုတော့ ရောက်အောင်သွားရမယ်။ ဆေးထိုးဆေးသောက်ပြီးရင်တော့ ဆိုင်ထိုင်နိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မျက်ရည်မကျပါဘူး။ ငိုနေလို့ ဘာမှထူးမှာမှ မဟုတ်တာ။

"ဟဲ့... ဘာဖြစ်တာလဲ ဝသုန်"

ဒေါ်လေးမူက ကျွန်မရဲ့ မှုန်မှုန်တဲ့ပုံစံကိုမြင်ပြီး ပြောလာတယ်။

"နည်းနည်းမူးလို့ပါ၊ ဗိုက်လဲ အောင့်နေလို့၊ ဆေးခန်းသွားမလို့"

"ဒေါ်လေး လိုက်ပို့မှာပေါ့ ဝသုန်ရယ်၊ မှန်းစမ်း၊ အောင်မယ်လေး ကိုယ်တွေက ခြစ်ခြစ်တောက်လို့ပါလား၊ ဘယ်အချိန်ကတည်းက မူးနေတာလဲကွယ်၊ လှမ်းပြောလိုက်ရောပေါ့၊ နေနေ ဒေါ်လေး ဝိတ်လိုက်မယ်၊ မချစ်ရေ၊ မချစ် ဒီမှာ ဝသုန့်ကို လာတွဲစမ်းပါ"

"ဟဲ့... ဘာဖြစ်တာလဲ"

"ဗိုက်အောင့်ပြီး မူးနေတာ၊ အောင့်ခံနေတယ်လေ၊ ကဲ သမီး ဒီမှာပဲစောင့်နေ၊ ဒေါ်လေး ဆိုက်ကား ခေါ်လိုက်မယ်"

ကျွန်မ ချွေးတွေဆူလာတယ်။





မဖြစ်ရဘူး၊ အဲဒီလို ဘာလို့ဖြစ်ရမှာလဲ။ ဝသုန်ဆိုတာ မြကြီးပဲ။ မာရမယ်လေ၊ မြကြီးဆိုတာ မှီတွယ်စရာမှမလိုဘဲ၊ တောင့်ထားရမှာပေါ့။

"ရတယ် ဒေါ်လေးမူ၊ ဝသုန့်ဘာသာ သွားနိုင်ပါတယ်၊ ဒေါ်လေးမူ အိမ်မှာလဲ လူရှိတာမဟုတ်ဘူး၊ နေပါစေ"

"အို... မဟုတ်တာသမီးရယ်၊ မပူနဲ့ သွားပါ၊ ဒေါ်လေးချစ် အိမ်ကြည့်ထားမှာပေါ့၊ လမ်းမှာ မူးမေ့လဲသွားမှဖြင့်ကွယ်"

ကျွန်မက တားမရတော့။

စေတနာကို သည်နေရာမှာ မြင်သာလာခဲ့ပြီ။ ကျေးဇူးတွေ ထပ်တိုးရပြန်ဦးတော့မှာပါလား။

"ကဲ လာ လာ ဝသုန်"

ကျွန်မကိုတွဲပြီး ဆိုက်ကားပေါ်တင်တော့ ဟိုဘက်သည်ဘက် အိမ်တွေက ထွက်ကြည့်နေကြတယ်။ မကြုံဖူးတဲ့မြင်ကွင်းလေ။ ပြီးတော့ ဘာဖြစ်တာလဲဆိုတဲ့ မေးခွန်းတွေနဲ့ ဒေါ်လေးချစ် ကျန်ရစ်ခဲ့လေရဲ့။ ဒေါ်လေးမူက ကျွန်မခါးကို နောက်ကဖက်လို့၊ ဆိုက်ကား ထွက်လာခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းရောက်တော့ . . .

"အစာအိမ်ရောင်တာပဲ၊ အစာမှာတွေ စားသလား"

ကျွန်မ မဖြေရခင်မှာပဲ . . .

"စားတာပေါ့၊ ထမင်းက ညနေက် တစ်ခါတည်းချက်ထား တာ၊ ဟင်းကလဲအခြောက်၊ ဒါကို အစားအသောက်က မမှန်ဘူး"

"ဟုတ်လား၊ အစားတော့ မှန်မှန်စားမှပေါ့ ဝသုန်၊ ကျောင်းက နေ့တိုင်းတက်ရသလား"

"ဟုတ်ကဲ့"

"ဆိုင်ကလဲ ဖွင့်ရသေးဆိုတော့ နစ်ပြန်ချက်မနေနိုင်တာပေါ့ ဆရာရယ်၊ ကျွန်မတို့က ပေါင်းချက်ပေးမယ် ပြောတော့လဲ လက်မခံဘူး၊ ဝသုန်က ခေါင်းသိပ်မာတယ်"

"ခေါင်းသာ မာလို့ရမယ် ဝသုန်၊ ကိုယ်တွင်းအင်္ဂါတွေ ကတော့ လိုက်မာနိုင်မှာ မဟုတ်ဘူး၊ အစရှိ အနောင်နောင်ဖြစ်မယ်၊ ဆင်ခြင်ပါ သမီး၊ ကဲ ဆေးထိုးပေးမယ်၊ သောက်ဆေးပေးမယ်၊ အိမ်ရောက်တာနဲ့ ဆေးသောက်ပြီး အိပ်လိုက်နော်"

"ဆိုင်မဖွင့်ဖို့ သေချာမှာလိုက်ပါဦး ဆရာ"





"ဘယ်ဖွင့်လို့ဖြစ်မလဲ ဝသုန်၊ ထိုင်နေလို့ကို မဖြစ်ဘူး၊ နားနေနော်၊ မဟုတ်ရင် ဆေးရုံရက်နေရမယ်၊ အဲဒါမှ လှုပ်မရ၊ လှုခွဲမရ၊ ခုက္ခရောက်မယ်"

ကျွန်မ ခေါင်းညိတ်ကိုက်ရတယ်။

ရင်ထဲမှာ တစ်စုံတစ်ရာကို သတိရနေတယ်။ မနက်ဖြန် တနင်္ဂနွေလေ။ သူ မျှော်နေလိမ့်မယ်ဆိုတာ။ မလာနိုင်တဲ့အကြောင်း သူသိအောင် ဘယ်လိုလုပ်ရပါ့။ ဖုန်းဆက်နိုင်းရအောင်ကလည်း ဖုန်းနံပါတ်တောင်းမထားမိသေး။

သူသိရင် ပြေးလာမှာလား။

အို . . . ငါ ဘာကြောင့် လူတစ်ယောက်ကို မျှော်လင့်တမ်းတ နေရတာလဲ။

"အဖတ်မစားနဲ့ဦး ဝသုန်၊ စွတ်ပြုတ်လောက်ပဲသောက်၊ သေါကြောမူက လုပ်ပေးလိုက်ပါ၊ သူ့မှာ ဘယ်သူမှရှိတာ မဟုတ်ဘူး"

တင်းထားတဲ့ကြားက မျက်ရည်တစ်စ ကြွေကျသွားရ တယ်။ ကျွန်မရဲ့ ခံယူချက်တွေ ဘယ်လောက်ပြီးထန်ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ကိုယ်ခန္ဓာက မတောင်းမာနိုင်ပါလား။

အိမ်ပြန်ရောက်တော့ ဒေါ်လေးမှုနဲ့ ဒေါ်လေးချစ်တို့ရဲ့ ပြုစုစောင့်ရှောက်မှုအောက်ကို ကျွန်မ လိုက်လျောရောက်ရှိသွား ရတယ်။

လေးလံတဲ့မျက်စွံတွေကို ဖွင့်မရတော့ပေမဲ့ အိပ်ပျော် မသွားခင်မှာ…

"အမေ့ကို သွားမပြောနဲ့နော်" လို့ ကျွန်မ ပြောလိုက်မိ တယ်။

• • •

"ဩော် ဦးလေးကျော်"

"နေ နေ သမီး၊ လှဲနေ မထနဲ့"

မျှော်လင့်ထားတဲ့အတိုင်း သုံးရက်မြောက်နေ့မှာ ကျွန်မဆီ သူ ရောက်လာပါတယ်။ ဦးလေးကျော်နဲ့အတူ ရောက်လာတာ ပေါ့လေ။

ကျွန်မ ကြည်နူးဝမ်းသာဖြစ်မိပေမဲ့ ဝေဒနာကြောင့် မျက





နှာ မကြုံဆိုနိုင်ဘူး။

သူက ကျွန်မကို ကြည့်တယ်။

အဲဒီမျက်ဝန်းထဲမှာ ကြင်နာခြင်းတွေ စီးဝင်နေတာ ကျွန်မ သိပါတယ်။

"ဘယ်လိုဖြစ်တာလဲ ဝသုန်ရယ်"

"အစာအိမ်ဖြစ်တာပါ ဦးလေးကျော်"

စည့်သည်အသံကြောင့် ရောက်လာတဲ့ ဒေါ်လေးမှုက ထင်မုံခင်းပြနေတယ်။ သူက နားထောင်ရင်း ကျွန်မကို လှမ်းလှမ်း ကြည့်တယ်။

စုထိ စကားတစ်လုံးမှ သူမပြောသေးဘူးလေ။ ကျွန်မရဲ့ အိမ်ခန်းလေးကို သူ စပ်စုကြည့်နေတာ တွေ့ရတယ်။

ဒါ ကျွန်မရဲ့ ဘဝအိမ်ပေါ့ ကိုပန္နုန်ရယ်။

"ဆိုင်မဖွင့်ရတာ သုံးညတောင်ရှိသွားပြီ ဦးလေးကျော်၊ ဘာစာအုပ်တွေ ထွက်လဲဟင်၊ အများကြီးပဲလား"

"နားပါဦးကွယ်၊ နောက်တော့ ဖွင့်ပေါ့၊ ဦးလေး အစေခံပြ အောင် လုပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါသာကြည့်တော့၊ ဝသုန်က သိပ်စိတ်မာတယ်၊ ခုလို ဖြစ်တာ သူ့အမေကို မပြောရဘူးဆိုလို့ သွားမပြောရဲဘူး၊ တော်ပါသေးရဲ့၊ အခု တော်တော်သက်သာနေပါပြီ၊ အဖျားလဲ မရှိတော့ဘူး၊ သုံးလေးရက်လောက်နားလိုက်ရင် ကောင်းသွားမှာပါ"

"ဟုတ်တယ်၊ နား... နား ဝသုန်၊ ဘာမှမတွေးနဲ့၊ ဘာမှ စိတ်မပူနဲ့၊ သမီးကို ကူညီမယ့်သူတွေ ရှိပါတယ်ကွယ်"

ဦးလေးကျော် ထိုင်ရာက ထတယ်။

ပြန်တော့မယ့်ဟန်ပေါ့။

ကျွန်မ ရင်ထဲမှာ နင့်ခနဲ၊ သူနဲ့ ကျွန်မ ဘာမှ စကား မပြောလိုက်ရခင်...

"ကျွန်တော် နေခဲ့ဦးမယ် ဦးလေးကျော်"

"ဩော်... အေး၊ နေလေ၊ ဘာဝင်ပြောပေးရဦးမလဲ"

"ရတယ် ဦးလေးကျော်၊ ကျွန်တော် ဒီနေ့ ပြန်မလာတော့ဘူးလို့ မှာခဲ့တယ်"

"အေး အေး၊ ကဲ ဒါဖြင့် ဦးလေးသွားမယ်၊ ဘာဖြစ်မှန်း





မသိလို့ ဝသုန့်အတွက် ဘာမှမဝယ်ခဲ့ရဘူး၊ ဒီမှာ သမီး သုံးဖို့ နော်"

"အို... ဟင့်အင်း၊ မပေးပါနဲ့ ဦးလေးကျော်"

ကျွန်မ အားတင်းရှန်းထ ငြင်းဆန်လိုက်တယ်။ မဖြစ်ဘူး ကျွန်မ သူတစ်ပါး အကူအညီခံဘဝ မရောက်ချင်ဘူး။ ကျွန်မ ကို ချစ်ရင် အဲသည်လို မဖိနှိပ်ကြပါနဲ့။

ကျွန်မရင်ထဲက အော်ဟစ်ပစ်လိုက်တယ်။

ဒါပေမဲ့...

"ဘယ်ဟုတ်မလဲကွယ်၊ ဒီအချိန်မှာ လိုတာဝယ်နိုင်ဖို့ ပိုက်ဆံလိုတယ်၊ ဆိုင်ကလဲ မဖွင့်ရတော့ ဝင်ငွေရှိတာ မဟုတ်ဘူး"

"ရပါတယ် ဦးလေးကျော်၊ သမီး ပိုက်ဆံမလိုပါဘူး၊ ခုလို လာမေးတာ ဝမ်းသာလှပါပြီ၊ ဦးလေးကျော် ကူညီချင်ရင် သမီး ဆိုင်ပြန်ဖွင့်တဲ့အခါ စာအုပ်အကြွေးရောင်းပါ၊ ဒါတော့ ပြန်ယူသွားပါနော်"

ကျွန်မရဲ့ တုန်တုန်ယင်ယင်အသံကြောင့် ဦးလေးကျော် ဆွသွားဆဲ သူက အဲဒီပိုက်ဆံကို ကောက်ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ယူသွားလိုက်ပါ ဦးလေးကျော်၊ ဝသုန် စိတ်ချမ်းသာပါစေ" တဲ့။

သူ ...

ကျွန်မ ချစ်ရသောသူ။

ကျွန်မကို နားလည်ပေးနိုင်သူပါလား။

ဦးလေးကျော် ပြန်သွားခဲ့ပြီ။

ဒေါ်လေးမှုက ကျွန်မကိုတစ်လှည့် သူ့ကိုတစ်လှည့်ကြည့်ရင်း ဘာကိုသဘောပေါက်သွားတယ် မသိ။

"ပြန်လိုက်ဦးမယ် ဝသုန်၊ လိုရင် လှမ်းခေါ်လိုက်နော်" လို့ ပြောပြီး သူ့အခန်းဘက်ကို ကူးသွားတော့တယ်။

သူ ကျွန်မအနားမှာ ထိုင်တယ်။

ကျွန်မက ကြမ်းပြင်ပေါ်မှာ မွေ့ရာခင်းပြီး လှဲနေတာလေ။ ဒီအိမ်မှာ စုတင်ရယ်လို့ ရှိတာ မဟုတ်။ ရှိတာမှ အိမ်ရှေ့က တအုပ်ဆိုင်အခန်း၊ ကျွန်မအိပ်ခန်း၊ ထမင်းချက် ထမင်းစားမီးဖိုခန်းနဲ့ နောက်ဖေးကပြင်မှာ ရေစည်ပိုင်း၊ ပြီးတော့ ရေလောင်းအိမ်သာတစ်လုံးပေါ့။





ခုချိန်မှာတော့ သူ့မျက်လုံးက အားလုံးကို ရှုမြင်သုံးသပ်ပြီး ဖြစ်နေပါပြီလေ။

"ဘာစားပြီးပြီလဲ ဝသုန်"

"ဆန်ပြုတ်သောက်ထားပါတယ်"

"ဟိုဘက်ခန်းက ပြုတ်ပေးတာလား"

"ဟုတ်တယ်၊ မနေ့ကဆန်ပြုတ်အထုပ် ဝယ်ပေးထားတာ"

"ဆေးရော သောက်ချိန်နီးပြီလား"

"စောစောနေ့ရင် နေ့လယ်ဆေးသောက်ရမယ်၊ အခု တော်တော် ဆက်သာနေပါပြီ ကိုပစ္စုန်"

"အင်း၊ ဆန်းဆေးတုန်းက ကျွန်တော် သိပ်စိတ်ပူသွားတယ်၊ သေချာပေါက်လာမယ်ဆိုတာ သိထားပြီး ရောက်မလာတော့ အမ်စုစုဖြစ်နေပြီလို့ မှန်းကြည့်မိတယ်၊ ဒါပေမဲ့ ဘာကြောင့်ဆိုတာတော့ တွေးလို့မရဘူးလေ၊ အိမ်ကလဲ မသိတော့ လာချင်တာ လာလို့မရဘူးပေါ့၊ တစ်ရက်၊ နှစ်ရက်အထိ ဦးလေးကျော့်ဆိုင်မှာ သွားသွားမေးဖြစ်တယ်၊ မေဝသုန် မလာဘူးဆိုတာ သိရတယ်၊ ဒါနဲ့ပဲ ဒီနေ့တော့ ဦးလေးကျော်ကို အပူကပ်ရတော့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"အင်း၊ ခေါ်လေးနာရေးတုန်းက ဦးလေးကျော် ဒီအိမ် ရောက်ဖူးတယ်၊ တော်သေးတာပေါ့၊ ကျွန်မလဲ တစ်နေ့ရောက်လာမှာပဲလို့ တွေးမိပါတယ်"

သူ ကျွန်မရဲ့လက်ဖဝါးကို လှမ်းပြီးဆုပ်ကိုင်လိုက်တယ်။

အံ့ဩစရာကောင်းလိုက်တာ။

အဲဒီလက်ဖဝါးကြားက စီးဝင်သွားတဲ့ ဆက်သွယ်မှု ဘာရယ်လို့ ဓာတ်ခွဲ မပြနိုင်ပေမဲ့ ကျွန်မရဲ့ ကိုယ်ခန္ဓာထဲမှာတော့ ပြောင်းလဲမှုတွေ အများကြီး ဖြစ်သွားခဲ့တယ်။

ရင်ထဲမှာ ခုန်လာတယ်။

မျက်ရည်တွေ လည်လာတယ်။

အင်အားတွေ ရှိလာတယ်။

ပီတိတွေ ဖြစ်လာတယ်။

ပြီးတော့ ကြည်နူးတယ်၊ သာယာတယ်။

ပြီးတော့ ဝမ်းနည်းတယ်၊ ငိုချင်တယ်။

လက်ဖဝါးတစ်စုံဟာ အဲသလောက် ခံစားမှုတွေကို တစ်ပြိုင်





နက် ပေးစွမ်းနိုင်သတဲ့လား။

မယုံနိုင်စရာပါပဲလေ။

"ဘာကူညီပေးရမလဲလို့ မမေးတော့ဘူးနော်၊ လုပ်ပေးနိုင်တာ၊ လုပ်ပေးသင့်တာလေးတွေ လုပ်ပေးသွားချင်တယ်၊ ခွင့်ပြုပေးပါ မေဝသုန်"

ကျွန်မ ဘာပြန်ပြောရဦးမှာတဲ့လဲ။

အဲဒီနေ့ညမှာ သူဝယ်လာတဲ့ ပက်လက်ကုလားထိုင်တစ်လုံးပေါ် ကျွန်မထိုင်ရင်း ကျွန်မ ထိုင်ခဲ့တဲ့ စာအုပ်အငှားဆိုင်က ကုလားထိုင်ပေါ် သူထိုင်လှုပ်ရှားနေတာ ကြည့်နေခဲ့ရတယ်။

သူ မသိတာ ကျွန်မကို မေးတယ်။

စာအုပ်သစ်တွေ သူသွားဝယ်လာခဲ့တဲ့အပြင် အိမ်ရှေ့မှာ ဆိုင်ဖွင့်ပြီလို့ ကြော်ငြာဆိုင်းဘုတ်ထောင်လိုက်တာကြောင့် အိမ်မှာ လူတွေ အပြည့်ပဲ။

သူလည်း တက်ကြွရွှင်လန်းနေတယ်။

ကျွန်မလား...

ကျွန်မကိုယ်ကျွန်မ ဘယ်လိုခံစားနေရတယ်ဆိုတာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနိုင်တော့ မလွယ်ဘူးထင်တာပဲ။

ဆိုင်ပိတ်၊ ဆေးတိုက်ပြီး သူ ပြန်သွားတော့ ကျွန်မ မျက်ရည်တွေနဲ့ အိပ်ပျော်သွားခဲ့ရတာပဲ သတိထားမိတော့တယ်။

• • •



# အခန်း (၄)

အချစ်တစ်ခုရလာပြီဆိုတော့ အဲဒီအချစ်ကို ပေါ်ပြူတဲ့ စိတ်ကူး၊ အိပ်မက်၊ အတွေးတွေဟာလည်း ကိုယ့်ဘဝထဲကို ရှုပ်ဟာမျိုးစုံစင်းကျွင်းပြီး အလျှိုလျှို ဝင်ရောက်တပ်စွဲလာကြတော့တာပဲ။

မကျွင်လည်ခဲ့ဖူးသေးတဲ့ အစိမ်းသက်သက် နယ်ပယ်ဖြစ်ပေမဲ့ ကိုယ့်အတွက် ကြောင်တက်တက်ကြီးတော့ ဖြစ်မနေခဲ့ပါဘူး။ သူစိမ်းဆန်မှုမှန်သမျှကို အချစ်က မိတ်ဆွေစစ်တွေ ဖြစ်အောင် မိတ်ဖွဲ့ပေးခဲ့လို့ပဲ ဖြစ်တယ်။

အချစ်ဟာ ဘယ်လောက်အံ့ဩစရာ ကောင်းလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခင်တုန်းကတော့ သူစိမ်းဆန်လိုက်တာ။

တွေ့ကြုံလာရပြီဆိုတော့လည်း တကယ့်ကို မိတ်ကောင်းမိတ်ဖက်။ ငြိုးငွေ့ဖွယ်ပစ္စက္ခဘဝထဲကနေ အနာဂတ်တစ်နေရာကို ယုံယုံကြည်ကြည် မျှော်လင့်မိစေတဲ့အထိ။

ဟုတ်တယ်။

ပန်းချီကားရေးလိုက်၊ ဒီဇိုင်းသရုပ်ဖော်ပုံတွေ ရေးဆွဲလိုက်၊ ရလာတဲ့ ငွေကြေးကို အနမြော်အတွန့်တိုမရှိ သုံးစွဲလိုက်။ မိဘကို ပြန်လည်ပေးဆပ်ရခြင်း မရှိသလို မိဘဆီက လက်ဖြန့်တောင်းခံရခြင်းလည်းမရှိတဲ့ ဘဝတစ်ခုကို ကျေနပ်အားရနေမိခဲ့တယ်။

ဒါကိုယ့်ဘဝ ဖြစ်ခဲ့တာပေါ့။

ခုတော့ ရင်ခုန်သံနှိုးစက်တစ်လုံးရဲ့ လှုပ်နှိုးမှုကြောင့် ဘဝတစ်ခု လန့်နိုးခဲ့ရပြီ။

"ဒီလောက်မိုးချုပ်အောင် မနေနဲ့လေ ပဗ္ဗန်၊ သားဖေဖေက တစ်မေတည်းမေးနေတာ၊ မေမေလဲ တစ်ခါတလေပဲလို့ ချော့မြှောထားရတယ်၊ ဘယ်သွားနေတာလဲ"

"ကာရာအိုကေ သွားဆိုနေတာ"





အချစ်က မုသားကို ပေးတတ်လေရဲ့။ ညာနေကျ မဟုတ်တော့ မေမေက ယုံကြည်သွားမှာပဲလေ။ ကိုယ်က သီချင်းဆိုရတာ သိပ်နှစ်သက်တဲ့ကောင်။ ဒါကို မေမေ အသိဆုံးပဲဟာ။

"အေးပါ၊ ထင်တော့ထင်ပါတယ်။ မိုးချုပ်မယ်ဆိုလဲ ဖုန်းကြိုဆက် သားရေ၊ မင်းအဖေက လွယ်တာမဟုတ်ဘူး၊ ဒီနေ့ စောစောပြန်လာနော်"

"ဒီနေ့လဲ မိုးချုပ်မယ် မေမေ၊ အလုပ်တွေကပိနေလို့ ညပါ ဆင်းရမယ်၊ ဂျာနယ်တစ်ခု ဖောင်ပိတ်ပေးဖို့ ရှိနေလို့"

ဒီနေ့ညတော့ အလုပ်ခန်းအိမ်ရှင်ကို ညိုထားရလိမ့်မယ်။ ဝသုန့်ဆီကအပြန် အမှန်တကယ် အလုပ်ခန်းဝင်ပြီး အလုပ်လုပ်ရဦးမှာကလည်း သေချာတယ်လေ။ အလုပ်တွေက တကယ်လည်းများတယ်။ ရွှေးရွှေးနဲ့ ချယ်ရီတို့နဲ့ ဘယ်လိုမှ မပြီးနိုင်တဲ့ အလုပ်တွေ။

ဝသုန်ရေ…

မင်းလေးသာ ရွှေးရွှေးနေရာမှာ ရှိလိုက်ပါတော့။

"ကိုကြီး ညက ဘယ်သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ မြေရှင်းလို့မပြီးသေး။ အလုပ်ခန်းရောက်တော့ ရွှေရွှေ မေးစွန်းက ဆီးကြိုပြင်ဆိုးလိုက်ပြန်တယ်။ မှာကျွင်ခံစောက် လှပါဘိ။

မင်းနဲ့ ဘာဆိုင်သလဲ။ ရင်ထဲက ဆော်ဟစ်ပစ်လိုက်မိသော် လည်း လူကတော့ ပြုံးပြလိုက်ရတယ်။

"အဟဲ သီချင်းသွားဆိုနေတာ"

"အောင်မယ်လေး အံ့ရော၊ ဒီလောက် အလုပ်တွေပိနေတဲ့ ကြားက သီချင်းများ ဆိုနေနိုင်သေး"

ထောင်းခနဲ ထသွားသော ဒေါသစိတ်ကို ပြန်လည်မျိုချ ပစ်လိုက်ရင်း စကားပြန်မဆိုတော့ဘဲ ကွန်ပျူတာ ရှေ့တည့်တည့် တွင် ထိုင်ချပစ်လိုက်တယ်။ အာရုံကို အလုပ်ထဲ သွင်းပစ်ရလိမ့် မယ်။

သည်အချိန်မှာတော့ 'စီးပွားရေး' ဆိုတဲ့ ဝေါဟာရဟာ သူ့အတွက် အဓိပ္ပာယ်ရှိနေပြီဖြစ်တယ်၊ မျှော်လင့်ချက်၊ ရည်ရွယ် ချက်တွေ တနင့်တပိုး ဖြစ်လာခဲ့ပြီလေ။

စာရွက်ပေလာပေါ်မှာ မြစ်တစ်မြစ်တင်လိုက်မိပြီပဲ။ အဲဒီမြစ်





ာ မျှော်လင့်ချက်၊ ရည်ရွယ်ချက် အိပ်မက်ဆိုတာတွေ တည့်သွင်း ိုက်မှတော့ နှစ်များစွာ ဖြတ်သန်းစီးဆင်းစရာ ကြီးမားလာခဲ့ ိမှာမယ်။ မျှော်လင့်ချက်နဲ့မို့ ကြိုရာကျရာမှာ ဘဝကို ရပ်နေလို့ ဖြစ်တော့ဘူးလေ။ ရည်ရွယ်ချက်တွေနဲ့မို့ ကိုယ့်ဘဝကိုယ် ူးပြီးနေလို့ ဘယ်မှာ ဖြစ်ပါတော့မလဲ။

အိပ်မက်တွေ ပြည့်နှက်လာခဲ့ပြီဆိုတော့ ဘဝထဲမှာ လိုအပ် ျက်တွေလည်း ပြည့်နှက်လာခဲ့ရပြီ။

ကြိုးစားရတော့မယ် ဝသုန်ရေ။

"ကိုယ်အပ်ထားတာ ပြီးပြီလား ပန္နု"

"အဆင်သင့်ပဲ၊ ကြည့်ပြီး လိုတာပြောကွာ၊ တစ်ခါတည်း ရင်တာ ထုတ်ပေးလိုက်မယ်"

"အောင်မယ်၊ အတော်သဘောကောင်းနေပါလား"

"သိပ်ချီးမကျူးနဲ့၊ အကြွေးတော့ မရဘူးနော်၊ ကိုယ် ရလိုနေတယ်"

"ဟော် ဒီလိုလား"

အချစ်က ရိုက်ကိုကြိုပြင်တတ်သလား။ တချို့ ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ချစ်သူရှေ့မှာ ဟန်ဆောင်ပြတတ်ပြီး ကွယ်ရာကျတော့ လုပ်ချင်တာ လုပ်တတ်ကြတယ်တဲ့။ ချစ်သူရှေ့မှာ လက်ပိုက်ခေါင်းညိတ်ပြီး ချစ်သူ့မျက်ကွယ်မှာ စရိုက်ကို မပြင်နိုင်ကြဘူးတဲ့။

မဟုတ်ပါဘူး၊ ဒါ လုံးဝမှားတယ်။

ကိုယ်တွေ့ကျမှ ကိုယ်သိလာတဲ့ အမှန်တရားကတော့ အချစ်က အတော်များများကို ပြုပြင်ပေးနိုင်တယ်ဆိုတဲ့ အချက်ပဲ။

မနေ့ညက ကိုယ်ပိုင်ငွေကြေးတွေကို ဘယ်တုန်းကမှ မလုပ်စဖူး စာရင်းတွက်ကြည့်မိခဲ့တယ်။ ရစရာရှိတဲ့ အကြွေးတွေကိုလည်း တကူးတက စဉ်းစားချရေးထားမိတယ်။ တောင်းသင့်တဲ့ တောင်းဖို့လိုတဲ့သူတွေကို တောင်းတော့မယ်လို့လည်း ရည်ရွယ်ထားခဲ့တယ်။

နောင်သောအခါမှာ တတ်နိုင်သလောက် အားနာလိုက်လျောစိတ်ကိုလည်း လျှော့ချဖို့ စဉ်းစားမိတယ်။

ဝသုန်ရဲ့စာအုပ်ဆိုင်လေးမှာ တစ်ညထိုင်မိရင်း သည်အတွေးတွေ ဝင်လာခဲ့ရတယ်။ နှစ်ဆယ်၊ သုံးဆယ်၊ ငါးဆယ်ဆိုတဲ့ ငွေကြေးပမာဏကို တစ်ချိန်က သူ လုံးဝ တန်ဖိုးမထားခဲ့ဘူးလေ၊





ဝသုန်ကတော့ အဲဒီ ဆယ်ဂဏန်းတွေကိုစုပြီး ဘဝတစ်ခု ရပ်တည်နေခဲ့တာ။ အရိပ်အာဝါသမရှိတဲ့ လုံခြုံအောင် ကာကွယ်နေခဲ့တာ။ ပြီးတော့ ရည်မှန်းချက်တစ်ခုကို နိုင်နိုင်မာမာချပြီး ကြိုးစားနေခဲ့တာ။

သည်တစ်ညဟာ သူ့ဘဝကို လုံးဝပြောင်းလဲသွားစေခဲ့ပြီလေ။

"ဟော့ကောင် ပဓ္ဓန်၊ မနက်က ဖုန်းဆက်တယ်ဆိုလို့ အကြွေးလာဆပ်တာ၊ ဘာတွေ အရေးတကြီးလိုနေလဲ၊ ကိုယ် ဘာကူညီရဦးမလဲ"

"ရတယ် သူငယ်ချင်း၊ ကိုယ် စိုက်ထားတာလေးတွေရရင် တော်ပါပြီ၊ ကိုယ်လဲ မနေ့ကမှ စာရင်းတွေ စစ်ကြည့်တာ၊ ပိုက်ဆံတွေ ခေါင်းကွဲနေလို့ ပြန်စုနေတာပါ၊ ကျေးဇူးပဲကွာ"

"မသိပါဘူးကွာ၊ မိန်းမများ ယူတော့မှာလားလို့"

ရွှေးရွှေးတစ်ယောက် ရှုံ့ရှုံ့စမ်းစမ်း မျက်လုံးတွေနဲ့ သူ့ကို မကြာခဏ ကြည့်နေတာတွေ့ရပေမဲ့ မသိလိုက်မသိဘာသာ နေဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို အန်တီမာလား"

"..."

"ဟုတ်ကဲ့၊ ကျွန်တော် အားနေပြီ၊ အန်တီမှာ အလုပ်အပ်ဖို့တွေရှိတယ်ဆိုတာ ယူလာခဲ့ပါလေ၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့ လုပ်ပေးနိုင်ပါတယ်"

"..."

"အမြန်ဆိုရင်တော့ အမြန်နှုန်းပေါ့အန်တီမာရယ်၊ ကြည့်ပြီး ညှိပေးပါမယ်"

မယ်စက်မပြတ် အလုပ်လုပ်နေရာက ညနေသုံးနာရီမှာတော့ ကွန်ပျူတာကို ပိတ်လိုက်တယ်။

ကျောပိုးအိတ်ထဲမှာ ပစ္စည်းစုံအောင် ထည့်တယ်။ ညဘက်ပြန်လာရင် မနက်ကို ပြန်ချိန်းပေးဖို့ ရွှေရွှေနဲ့ ချယ်ရီကို မှာတယ်။

"ဘယ်သွားမှာမို့လဲ ကိုကြီး"

"အပြင်မှာ အလုပ်တစ်ခုချိန်းထားလို့၊ အပြန် မိုးချုပ်မယ်၊ မင်းတို့ ဝါးနာရီထိုးရင် ပြန်ကြလေ၊ ကိုယ်က ဒီည ဒီမှာ ညဉ့်နက်တဲ့အထိ အလုပ်လုပ်ဖို့ ရှိတယ်၊ ဒီစားပွဲပေါ်က ပစ္စည်း





တွေ ရွှေတဲ့အခါ ငွေရှမှ ပေးလိုက်နော်၊ အကြွေးဆိုရင် ကိုယ်နဲ့ တွေ့ပါလို့ ပြော"

"ဟုတ်ကဲ့"

ချယ်ရီက ခေါင်းညိတ်ပေမဲ့ ရွှေရွှေကတော့ ခေါင်းခါတယ်။

"ကိုကြီး ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဖြစ်ပါတယ်၊ ပိုက်ဆံ ပိုက်ဆံနဲ့ အတော်ကို ပိုက်ဆံလိုနေတဲ့ပုံပဲ၊ ဘာအလုပ် ထပ်လုပ်ဖို့လဲ ကိုကြီး၊ အန်တီရော သိရဲ့လား"

"ကိုယ်အရွယ်ရောက်နေပြီ၊ နေရာတိုင်း မိဘကို သွားတိုင်ပင် မနေနိုင်ဘူး၊ ရွှေရွှေ၊ မိဘရဲ့ငွေကြေးနဲ့ မပတ်သက်တဲ့ ကိုယ့်ဝင်ငွေနဲ့ကိုယ် ဘာလုပ်ငန်းပဲလုပ်လုပ်ပေါ့၊ ဥပဒေနဲ့ လွတ်ကင်းတဲ့ ဘယ်အလုပ်ကိုမဆို ကိုယ်လုပ်လို့ ဖြစ်တယ်၊ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိုလဲ ကိုယ်ဆန္ဒမပါဘဲ ဘယ်သူမှ သိပိုင်ခွင့် မရှိဘူး"

ခပ်မာမာပြောချလိုက်တော့ ရွှေရွှေမျက်နှာ မည်းသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ကြီးကျယ်လိုက်တာ၊ မပြောလဲနေပေါ့"

ရွှေရွှေက ပြန်အော်တော့...

"ကိုကြီးကလဲ သူစိမ်းဆန်လိုက်တာ၊ ရွှေရွှေ မပြော ချယ်ရီတောင်မှ သိချင်သေးတယ်၊ ကိုကြီး ဘာအလုပ် ထပ်လု မယ်ဆိုတာ ပြောတာလေးလောက်နဲ့ ဘာဖြစ်သွားမှာမို့လို့လဲ"

ချယ်ရီကပါ မီးလောင်ရာလေပင့်။

"မေးမနေပါနဲ့ဟာ၊ သူမှ မပြောချင်တာ၊ မပြောချင် နေစမ်းပါစေ၊ တစ်နေ့သိမှာပဲ၊ အန်တီကို ပြောပြလိုက်မယ်"

သူ ပန်းကို ဟန်ပါပါတွန့်ရင်း ထွက်လာခဲ့တယ်။

မရတော့ဘူး ရွှေရွှေရေ။

ကိုယ် ပြတ်သားရတော့မယ်။

• • •

တက်ကြွဖျတ်လတ်မှု မရှိသေးပေမဲ့ "သန့်စင်ရှင်လန်း တဲ့ မျက်နှာလေးက ဆီးကြိုလိုက်တယ်။





ရင်ထဲမှာ ဆေးခန်း၊ စိမ့်ခနဲလေး။

"နေသာရဲ့လား ဝသုန်"

"ဟုတ်ကဲ့"

"ကျွန်တော် ဒီနေ့ ရုံးရောက်ခဲ့တယ်၊ ဝသုန့်စာမူတောင် ကျတော့မယ်၊ မျက်နှာဖုံးလဲ ကျွန်တော် အချောသတ်ပြီးသွားပြီ၊ မနက်ဖြန် အကြမ်းထုတ်ခဲ့မယ်နော်၊ ပြီးတော့ ခွင့်ပြုချက်တွေ ကျွန်တော် လိုက်တောင်းပေးမယ်၊ ဝသုန်က လျှောက်သွားလို့ မဖြစ်သေးဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"ကိုယ့်အားကိုယ်ကိုး ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်လုပ်တတ် တဲ့ ဝသုန့်အတွက် ကျွန်တော့်စေတနာတွေက အနှောင့်အယှက် တော့ မဖြစ်ကောင်းပါဘူးနော်"

"ဟုတ်ကဲ့"

"ဟော့... ဘယ်လိုဖြစ်နေတာလဲ"

"ဟုတ်ကဲ့"

"ဟာ... ကွာ"



www.burmeseclassic.com

www.burmeseclassic.com



မချင့်မရဲ ချစ်ရသူကို လက်သီးဆုပ်နဲ့ ရွယ်လိုက်ချင်တယ်၊ တကယ်တော့ မထိမတို့ရက်ပါဘူး။ ဝသုန်ကလည်း ဟန်ဆောင် တိမ်းရှောင်လိုက်ပြီး...

"အပေါင်း...၊ ဒီတစ်ခါ နေမကောင်းလိုက်တာ သင်ခန်းစာ တစ်ခု ကောင်းကောင်းရသွားပါပြီရှင်၊ ဒေါက်တာပြောလိုက်သလို ခေါင်းသာမာလို့ရတာ ကိုယ်ခန္ဓာက လိုက်မမာနိုင်ဘူးဆိုတာလေ နောက်ပြီး လူတစ်ယောက်မှာ ဘယ်လောက်စိတ်ဓာတ်ရေး ငွေကြေးရေး၊ ပညာရေး ပြည့်စုံနိုင်မှာနေပါတယ်ဆိုဆို အဖော် ဆိုတာ လိုတဲ့အကြောင်း၊ အရိပ်ဆိုတာ လိုတဲ့အကြောင်း၊ ကောင်း ကောင်း သိခဲ့ပါပြီ၊ ဒါကြောင့် ကိုပစ္စုန်နဲ့ပြောသမျှကို ဟုတ်ကဲ့ လိုက်ပေးလိုက်တာပါ၊ ကိုပစ္စုန်ဟာ ကျွန်မအတွက် အရိပ်မိုးပေးသူ အဖော်ပြုပေးသူဆိုတာ ကျွန်မ နားလည်လက်ခံပါတယ်"

"ကျွန်တော် အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းပေးသွားဖို့ ဆုံးဖြတ်ထားပါတယ် ဝသုန်၊ တစ်ခုပဲ ရှိတယ်၊ ကျွန်တော့်ကို ပွဲလန့်တုန်း ဖျာခင်းတဲ့သူလို့တော့ မထင်စေချင်ဘူး"

"ဦးလေးကျော်ရဲ့ ပိုက်ဆံကို ပြန်ပေးလိုက်ကတည်းက





သဘောပေါက်ပါ ကိုပစ္စုန်ရယ်၊ ဝသုန်ဆိုတဲ့ မိန်းကလေးက သူ့ဆန္ဒမပါရင် တော်တန်ရုံကိစ္စအပေါ် ခေါင်းငြိမ့်လိုက်လျှောတတ်သူ မဟုတ်ပါဘူး"

"ဝသုန်"

"ဟုတ်ကဲ့"

"ဆေးမှန်မှန်သောက်၊ အစားမှန်မှန်စား၊ မြန်မြန်ကျန်းမာ အောင် လုပ်တော့နော်၊ ဝသုန့်အတွက် ကျွန်တော် အစွမ်းကုန် ပေးဆပ်ဖြည့်ဆည်းမယ်၊ ဝသုန် ပြောခဲ့သလို ကျွန်တော်ဟာ ဝသုန့်အတွက် အကောင်းဆုံးအဖော်၊ အလုံခြုံဆုံး အရိပ်တစ်ခု ဖြစ်စေရပါမယ်၊ ကျွန်တော် ကတိပေးပါတယ် ဝသုန်"

"ဟုတ်ကဲ့"

ဝယ်လာတဲ့စာအုပ်တွေကို ဝသုန်က ထိုင်လျက်သား အဖုံးချုပ်ပေးတယ်။

သူ စာအုပ်စင်ကို ရှင်းတယ်၊ စာအုပ်အမျိုးအစားတွေ [illegible] တယ်၊ လာစဉ်အလိုက်ထပ်တယ်၊ ဝသုန့်စာအုပ်တွေ [illegible] ကတည်းက သေသေသပ်သပ်တော့ ရှိပြီးသားပါ။ [illegible] ပေမဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သိထားချင်တဲ့ဆန္ဒနဲ့ လှေလှော်မှမ်းမဲ့ပေးနေမိတယ်။

ဝသုန်ရေ။

ပေးဆပ်မှုဆိုတာ လိုအပ်ချက်တွေ ရှိနေသူအပေါ် ပေးဆပ်တဲ့သူက အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေခြင်းပဲ မဟုတ်လား။

ချစ်သူတွေကြားက ပေးဆပ်မှုဆိုတာ ဖြူစင်သော မေတ္တာတရားရဲ့ ပြယုဂ်တစ်ခုပါ။

မှန်ကန်တဲ့ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတတစ်ခုလည်း ဖြစ်ပါတယ်။

အဲဒီပေးဆပ်မှုဟာ ဘာကိုမှ ပြန်လည်မမျှော်လင့်တဲ့ အလိုအလျောက် သဘာဝတစ်ခု ဖြစ်ရပါမယ်။

'အသိအမှတ်ပြုခံချင်တယ်' ဆိုတာလေး ရှိနေပေမဲ့ ဒါဟာ နှီးသားစွာခံစားချင်တဲ့ ပီတိစိတ်ကလေးပါ ဝသုန်။

တကယ်တော့ အချစ်ဆိုတာ...

'ရောပတ္တမြား ရော့နက်ါ' ဆိုတဲ့ အပေးအယူတွေထဲမှာ မရှိပါဘူး။

'ဆီပေးမှ ဆန်ရ' ဆိုတဲ့ သဘောတရားထဲမှာလည်း မရှိ





ဘူး။

'အကျိုးလိုလို့ ညောင်ရေလောင်း' ဆိုတဲ့ ရှေးစကားပြောင်းပေး

ထဲမှာလည်း မရှိပါဘူး။

'ရောင်းသူဝယ်သူ' စနစ်တွေထဲမှာလည်း မရှိပါဘူး ဝသုန်

ရေ။

တကယ်တော့ အချစ်ဆိုတာ...

တွက်ချက်ရင်းနှီးမှုတွေမပါတဲ့ မျှော်လင့်တောင်းဆိုမှုတွေ

မပါတဲ့ မေတ္တာတရားအလျောက် ဖူးပွင့်ပေးလိုက်သော

ပန်းတစ်ပွင့်နဲ့ တူပါတယ်။

အဲဒီပန်းကလေးဟာ မွှေးရနံ့နဲ့တင်ပဲ ပြည့်စုံလုံလောက်

နေတာမို့ ခူးဆွတ်ဖို့လည်းမလို၊ ပန်ဆင်ဖို့လည်း မရှုယ်။

ဝသုန့်ကို ကိုယ် ချစ်တယ်။

ဝသုန့်ကို တတ်နိုင်သမျှ ပေးဆပ်ဖြည့်ဆည်းပေးချင်တယ်။

ဝသုန့်ဘဝကလေးကို လုံခြုံတင့်တယ်စေချင်တယ်။ ဝသုန့်ဘဝ

ကလေး နူးဖြည့်သာယာစေချင်တယ်။ ဒါဟာ ကိုယ့်ရင်ထဲက

ဖြူစင်တဲ့မေတ္တာပါပါ ဝသုန်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တစ်ဘဝ တည်ဆောက်လိုတဲ့ ဆန္ဒကတော့ ကိုယ်နှလုံးသားဆီက ပေါက်ဖွားလာတဲ့ ချစ်ခြင်းပါ။ ဒါပေမဲ့ ဝသုန်ဆီက အမွေတောင်းဆိုဖို့ မရည်ရွယ်ပါဘူး။ ပြီးတော့ ဖြူစင်တဲ့ စေတနာကို အရောင်စွန်းထင်သွားမှာလည်း စိုးရိမ်မိပါတယ်။ ဒါကြောင့် ဝသုန်ကို ချစ်ရေးဆို၊ ချစ်ခွင့်ပန်ဖို့ ကိုယ်လုံးဝ မကြိုးစားပါဘူး ဝသုန်ရယ်။

"မောင်ပုဗ္ဗန် ရောက်နေပြီလား"

"ဟုတ်ကဲ့ ဦးလေးဗို"

"အေးကွယ်၊ ဝမ်းသာတယ်၊ ဝသုန်မှာ ဒီလို အဖော်ကောင်းတစ်ယောက်ရှိသင့်တာကြာပြီ၊ သူ့အဖေါ် ရှိကတည်းက မျောလှမ်းကတစ်ဖက်၊ ကျောင်းကတစ်ဖက်၊ ဆိုင်ကတစ်ဖက်နဲ့ မအားရမနားရရှာတာ၊ စုမှပဲ နားရတော့တယ်"

"အေးကွယ်၊ ဝသုန်က ခေါင်းမာတယ်၊ ဘယ်သူ့မှ အားမကိုး ချင်ဘူး၊ သူမှန်တယ်ထင်တာ လုပ်ကိုလုပ်ရမှ၊ ဒို့က ဒီတစ်သက် ဝသုန်တော့ အပျိုကြီးဖြစ်မယ်လို့ တွက်ထားတာ၊ နတော့ ကောင်းပါလေ့တော်"





ဝသုန့်မျက်နှာကို လှည့်ကြည့်မိတယ်။

တစ်ချက်ကလေးမှ မျက်နှာမျက်မသွားတဲ့အတွက် ဒေါ်လေးချစ်ဆိုသူရဲ့ စကားကို ဝန်ခံလိုက်လေသလား။

ဝသုန်ရဲ့ မတုန်မလှုပ်ပုံစံကြောင့် ကိုယ်တိုင် ဝန်ခံခြင်းဆန်ခြင်းမပြုတော့ဘဲ မသိလိုက်မသိဘာသာ နေပြလိုက်ရတယ်။ ရင်ထဲမှာတော့ မတင်မကျ။ ဝသုန် ဘာကြောင့် မငြင်းလိုက်ပါသလဲ။

မဟုတ်သေးဘူး။

ဒီစကားသာ သည်းပတ်ဝန်းကျင်မှာ ပျံ့နှံ့သွားခဲ့ရင် ဝသုန့်အတွက် သိက္ခာကျဆင်းစရာ ဖြစ်နေမှာလား။ မိန်းကလေးတစ်ယောက်တည်းနေတဲ့အိမ်မှာ ယောက်ျားလေးတစ်ယောက်ကအားရောက် နိုးနိုးချွယ်လှယ်ရခြင်းလေ။

သူတို့ထွက်သွားတဲ့အခါ

"စိတ်မရှိနဲ့ ကိုပုဗ္ဗန်၊ လူတွေဆိုတာ ဒီလိုပဲ ကိုယ်ထင်ရာကိုအမှန်ပြောတတ်ကြတာ"

"အို ကျွန်တော်က ဘာဖြစ်မှာလဲ ဝသုန်၊ ယောက်ျားလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ ပြီးတော့ ဒီနေရာက ကျွန်တော့်ပတ်ဝန်းကျင်လဲ မဟုတ်ဘူး၊ ဝသုန်က ဘာဖြစ်လို့ ငြိမ်နေလိုက်တာလဲ၊ လာကူညီတာလို့ ပြောလိုက်ရောပေါ့ဗျာ"

"ဘာဖြစ်လို့ ပြေရှင်းနေမှာလဲ၊ ဟုတ်ဟုတ် မဟုတ်ဟုတ် အကြောင်းမဟုတ်ပါဘူး၊ ဟုတ်တယ်ထင်နေတော့ ပိုပြီးတော့ လှံခြုံသေးတယ်"

"သြော်..."

အစဉ်အလာကို ဆန့်ကျင်စွာမြင်တတ်သော ဝသုန့်ကို အံ့သြရင်း အံ့သြမိရတော့တယ်။

သမားရိုးကျ အတွေးအခေါ်နဲ့ မိန်းမလာ ဓလေ့ထုံးစံတွေကို လျစ်လျူရှုနိုင်တဲ့ မိန်းကလေးပါလား။

မေမေသာဆိုရင်တော့...

ညီမလေး ဟေမာန်ကို ဆယ်တန်းအောင်ပြီးကတည်းက ရေမီးအပြည့်အစုံ ပရိဘောဂအပြည့်အစုံနဲ့ မျက်စိအောက်အပျောက်မခံ၊ အဖိုဆို ယင်ဖိုပင်မသန်းရအောင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သူပီပီ ဝသုန့်ရဲ့ ပစ္စုပ္ပန်အခြေအနေကို ဘယ်လိုဝေဖန်





-ဒိုက်မည်လဲ။

ရင်မောရပါလား ဝသုန်ရယ်။

* * *

"သား ဘာတွေ လုပ်နေသလဲ"

"ဘာကိုဆိုလိုတာလဲ မေမေ"

မကြာခင်ရက်အတွင်းမှာ သည်မေးခွန်းကို ရင်ဆိုင်ရမယ-န်း ကြိုသိထားပြီးသားပါ။ ဒိုပြီး သေချာအောင် မေမေ့ကို -မေးခွန်း ပြန်ထုတ်လိုက်တယ်။

"သားရဲ့ လှုပ်ရှားမှုတွေလေ၊ ချွေးရိုးသားရိုးတော့ မဟုတ်-ဘူးဆိုတာ မေမေ နားလည်နေတယ် ပချွန်"

"မေမေက ဘယ်လိုထင်နေလို့လဲ"

"မေမေ့ကို ဘာဖြစ်လို့ မေးခွန်းတွေ ပြန်ထုတ်နေတာပဲ -ချွန်၊ သား ဝန်ခံလေ၊ မေမေ့ကိုတော့ ဘာပဲဖြစ်ဖြစ် ဖွင့်ပြော-သင့်တယ်၊ မေမေက သားတို့အပေါ် နားလည်နိုင်တဲ့ အမေ-တစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဒီရက်ပိုင်း အခက်အခဲတွေ့နေတဲ့ မိတ်ဆွေ တစ်ယောက်ကို အကူအညီပေးနေတာပါ မေမေ"

"မိတ်ဆွေ ဟုတ်လား"

"ဟုတ်ပါတယ်၊ မိတ်ဆွေအဆင့်ထက် မပိုသေးတဲ့ မိန်းကလေးတစ်ယောက်ပါ"

"သား ဆိုလိုတာက မိတ်ဆွေအဆင့်ထက် ပိုလာစရာ အကြောင်းတော့ ရှိတယ်ဆိုပါတော့"

"ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

"ဘယ်ကမိန်းကလေးလဲ၊ သားတို့ချင်း ချစ်သူ မဖြစ်သေး ဘူးပေါ့ ဟုတ်လား"

"ကျွန်တော်တောင်မှ သူ့ကို ချစ်ခွင့်မပန်ရသေးပါဘူး မေမေ၊ လတ်တလော သူ နေမကောင်းဖြစ်နေလို့ သွားကူပေးတာပဲ ရှိပါတယ်"

"ချစ်ခွင့်မပန်ရသေးဘူးဆိုတော့ သားကတော့ ချစ်နေတယ် လား"

"ဟုတ်ကဲ့"





"အို... ဘယ်က မိန်းကလေးလဲ"

"တာမွေကပါ မေမေ၊ သူ့မိဘ ဘယ်သူဘယ်ဝါဆိုတာ တော့ ကျွန်တော် မသိသေးပါဘူး၊ မြင်လဲ မမြင်ဖူးဘူး၊ မေးလဲ မကြည့်မိဘူး၊ သူ့အဒေါ်ကတော့ ကျောင်းဆရာမ၊ တလောက ဆုံးသွားတယ်၊ ဒါပဲ သိပါတယ်၊ ကြော် သူက တက္ကသိုလ်မြန်မာစာ နောက်ဆုံးနှစ်ကျောင်းသူပါ၊ အိမ်မှာ စာအုပ်အငှားဆိုင်ဖွင့်တယ်၊ တစ်ဦးတည်းနေတယ်"

"ဘုရားရေ၊ မိန်းကလေးတစ်ယောက်တည်း နေတယ် ဟုတ်လား ပချွန်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ရပ်ကွက်ထဲမှာပါ၊ နံဘေးခန်းမှာ လဲ လူတွေ ရှိပါတယ်"

"နေပါဦး၊ အဲဒီမှာ မင်းက ဘာသွားလုပ်နေတာလဲ"

"သူ နေမကောင်းလို့ ဆိုင်ကူထိုင်ပေးတာပါ မေမေ၊ ဒါပါပဲ"

"ပချွန်ရယ်၊ ကိုယ်မှ အလုပ်တွေ မအားရ မနားရတဲ့အထဲ အလုပ် ထပ်ရှာရသေးတယ်နော်၊ ဒီမိန်းကလေးကို မေမေ မမြင်



www.burmeseclassic.com

www.burmeseclassic.com



မှုးဓေမဲ့ မှန်းကြည့်ပြီး သဘောမကျဘူး သား၊ အပျိုအရွယ် မိန်းကလေးတစ်ယောက်ဟာ အုပ်ထိန်းသူတစ်ဦးရဲ့အောက်မှ နေထိုင်ရမယ်၊ ဒါမှ သိက္ခာရှိတယ်၊ ပြီးတော့ ကိုယ့်ရဲ့ချစ်သူ ရည်းစားတောင်မှ မဖြစ်သေး၊ ကိုယ့်ကိုချစ်ခွင့်တောင်မှ မတောင်း သေးတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ အကူအညီကို ဘယ်နည်း နဲ့မှ မယူရဘူး၊ အမိုးတစ်ခုတည်းအောက်မှာလဲ အပျိုလူပျို နှစ်ယောက်တည်း ရှိခွင့်မပေးရဘူး၊ ဒါဟာ မိန်းမကောင်း လုပ်ရပ်မျိုး မဟုတ်ဘူး သား"

မေမေ့ရဲ့ ထုံးတမ်းစဉ်လာစာအုပ်ကြီးထဲက သင်ခန်းစာ မှတ်စုတွေကို ကြားနေရတယ်။ ဝသုန်သာကြားရင်တော့ ရယ်မှာ ရယ်မလားပဲ။

"ဒီလိုမိန်းကလေးမျိုးနဲ့ သားဘဝ တစ်သက်လုံး လက်တွဲ ဖို့ဆိုရင် မေမေ ဘယ်လိုမှ ခွင့်ပြုနိုင်မှာ မဟုတ်ဘူး ပြန် ကြည့်ပါဦးကွယ်၊ မိန်းမကောင်းလေးပါဆိုရင် ဘယ်သူ့သွားတောင် ရမှန်းတောင်မသိတဲ့ မိန်းကလေးမျိုးကို မင်းဖို့ ရည်ရွယ်တယ် ကဲပါ စာတ်လမ်းက စတောင်မှ မစရသေးဘူး၊ ရပ်တန်း



ရပ်လိုက်ဖို့ လွယ်ပါတယ်၊ ဆက်ပြီးလဲ ဇာတ်တိုက်မနေနဲ့တော့၊ ပရိသတ်စိတ်ဝင်စားတဲ့ ဇာတ်ဖြစ်လာမှာလဲ မဟုတ်ဘူး"

မေမေက စကားတတ်တယ်။

ခုနေမှာတော့ ပြိုင်ပြောနေလို့ ဘာအကြောင်းထူးမှာမို့လဲ။ ဘာမှမပြောဘဲ နေလိုက်တာက အကောင်းဆုံး ရင်ဆိုင်ခြင်းပေါ့။

"ဟဲ့... ပြောနေတာ ကြားလား"

"ကြားပါတယ်"

"ကြားရင် ဆင်ခြင်၊ ဒါပဲ၊ အလုပ်ကို အကြောင်းပြပြီး ညဥ့်နက်မှ ပြန်လာတာမျိုး မလိုချင်ဘူး၊ အိမ်မှာ ကွန်ပျူတာ တစ်လုံး ထပ်ဝယ်ထား၊ အလုပ်မပြီးရင် အိမ်မှာ ဆက်လုပ် ဒါပဲ"

မေမေက တစ်ချက်လွှတ်အမိန့်ချသွားသလို ညီမလေး ကလည်း တတွတ်တွတ်နားသွင်းနေတယ်။ သူကတော့ ရွှေးရွှေး မှ ရွှေးရွှေးလေး။ ရွှေးရွှေးကိုသာ ယောက်မတော်ချင်ပါသတဲ့။

ဒီကိစ္စကို မေမေတော့ သိပုံမပေါ်။ သိရင်လည်း မေမေနဲ့ သိပ်တော့အယူအဆချင်း ကွာဟမယ် မထင်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ မေမေက တစ်ကြိတ်တည်း တစ်ဉာဏ်တည်းလေ။

အဟင်း... မင်းနဲ့ကိုယ် တစ်နေ့မှာ အဲသလိုဖြစ်ကြရင် ဆိပ်ကောင်းမှာပဲ ဝသုန်ရေနော်။

* * *



## အခန်း (၅)

ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို မျှော်လင့်တောင့်တနေမိတယ်ဆိုကတည်းက ကျွန်မဟာ တစ်ခါက ကျွန်မ မဟုတ်တော့တာ သေချာနေပြီလေ။

ကျွန်မ မဟုတ်တော့တဲ့ ကျွန်မဟာ ကျွန်မ မမျှော်လင့်ခဲ့ဖူးတာမှန်သမျှ မျှော်လင့်တတ်လာတယ်၊ ဆန္ဒရှိလာတယ်၊ တပ်မက်လာတယ်။

တစ်ချိန်က ကိုယ့်အားကိုယ်မာန်နဲ့ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်ခဲ့တဲ့ ကျွန်မမှာ ခုတော့ အားအင်တွေ ယုတ်လျော့မာနတွေ ကျဆင်းပြီး ကိုယ့်ကိုယ်ကို မဟန်နိုင်တဲ့အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီ။

သူ...။

ပန်းနုမိုးလို့ ခေါ်တဲ့သူ။

သူ ကျွန်မဘဝထဲကို ဝင်ရောက်လာခဲ့တယ်။ ကျွန်မဘဝမှ စုံပြင်ဆင်ချိန်မရလိုက်ခင်မှာ ကျွန်မ သုံ့ပန်းတစ်ယောက် ဖြစ်သွားခဲ့တယ်။

ကျွန်မ ချစ်ခြင်းရဲ့ အကျဉ်းခံတစ်ယောက် ဖြစ်သွားခဲ့တယ်။ ချစ်သူ့အရိပ်ကို ငှက်ကလေးတစ်ကောင် ဆန်စေကောက်သလို တရစပ် မရပ်မနား စေ့ငုကြည့်ရှု ကြည်နူးပီတိဖြစ်ရင်း အချုပ်ထောင်မှာ ကျွန်မ စံပျော်နေလိုက်မိတယ်။

အချစ်ကပဲ နေရာယူလွန်းတာလား။

ကာယကံရှင် ကျွန်မကိုယ်တိုင်ကပဲ နေရာပေးလွန်းလို့လားမသိ။ ကျွန်မဘဝတစ်ခုလုံးမှာ အချစ်တွေနဲ့ ပြည့်နက်သွားခဲ့တယ်။

အချစ်ဟာ ဘဝပဲလို့ ခံယူလိုက်တဲ့အထိပေါ့။

ဒါပေမဲ့...



ချစ်သူ့နှုတ်ဖျားက ဒီနေ့အထိ ကျွန်မကို ချစ်ပါတယ်လို့ ဝန်ခံခဲ့ခြင်းမရှိသလို ကျွန်မဆီက အချစ်ကိုလည်း တောင်းခံခြင်းမရှိပါလား။

ပြီးတော့ ကျွန်မဘဝကို လက်ရှိအနေအထားထက် ပိုပြီး သိအောင် မကြိုးစားခဲ့သလို သူ့ဘဝကိုလည်း အချိန်ပေးပြီး ဖွင့်ပြဖွင့်ဆိုခြင်း မပြုခဲ့ဘူး။

ကျွန်မရဲ့ လိုအပ်ချက်တွေကို ဟာကွက်မရှိ ဖြည့်ဆည်းကူညီပေးနေပေမဲ့ ကျွန်မရင်ထဲက ကွက်လပ်ကိုတော့ သူ မသိကျိုးကျွန် ပြုနေခဲ့တယ်။

ရင်ထဲမှာ ကြည်နူးခြင်းတစ်ဝက်၊ နာကျင်ခြင်းတစ်ဝက် အခံရခက်လိုက်ပါဘိ။

"ဘာဖြစ်နေတာလဲ ဝသုန်၊ နေမကောင်းလို့လား"

"ကောင်းပါတယ်"

"မျက်နှာလဲ သိပ်မလန်းပါလားကွာ"

"ဒီနေ့ ကိုပန်းနုကို မေးစရာလေးတွေ ရှိနေတာမို့ မေးသင့် မမေးသင့် စဉ်းစားနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရိုးလဲ ဝသုန်၊ မေးစရာရှိတာ မေးပါ၊ ဘာဖြစ်လို့ မြှုထားရမှာလဲ"

မြှုထားတာမဟုတ်ပါဘူး ချစ်သူရယ်၊ ရှင့်ရဲ့အမြင် ကျွန်မရင်ဆိုင်ရမှာ ကြောက်လို့ပါ။ တစ်ခါတုန်းက ကျွန်မ ပြောခဲ့ဖူးတယ်လေ၊ ဘယ်အရာမဆို လက်တွေ့ မကြိုးစားကြည့် သေးဘဲ ကြိုတင်အရှုံးပေးထားတတ်တဲ့လူမျိုးကို ကျွန်မ အထင် မကြီးဘူးလို့။

ခုတော့ အဲဒီတုန်းက ကျွန်မစကားအတိုင်း ကျွန်မအဖြစ် ပုံပေါ်နေတယ်။

ဘယ်တတ်နိုင်ပါ့မလဲ။ ဝဋ်ဆိုတာ လည်တတ်စမြဲပဲဟာ ကျွန်မအဖြစ်က လူမသိသူမသိ ဝဋ်လိုက်ခြင်းပေါ့။

"ကိုပစ္စုန်၊ အခု ဒီမှာ ဘာလုပ်နေတာလဲ"

"ဗျာ..."

ကိုင်ထားတဲ့စာအုပ်တစ်ထပ်ကို စားပွဲပေါ်ကို လွှတ် လိုက်ပြီး သူ ကျွန်မအနားကို ရောက်လာတော့တယ်။

"ဘယ်လိုမေးလိုက်တာလဲ ဝသုန်"





"ဒေါသထွက်သွားတာလားဟင်၊ ဒါဆိုလဲ မပြောတော့ ဘူး"

"မဟုတ်ပါဘူးကွာ၊ အံ့ဩသွားတာပါ၊ ဝသုန့်မေးခွန်းက ဘယ်လိုသဘောမျိုးလဲ"

"ပြော်... အခုလို အိမ်မှာ... ဗျို့ လိုအပ်တာတွေ မုံမိုး ပြည့်ဆည်းပေးနေတာ ဘာအတွက်လဲလို့ သိချင်တာပါ"

"ကျွန်တော် ပြောပြီးပြီလေ၊ ဝသုန့်ရဲ့အကောင်းဆုံးအဖော်၊ အလုံခြုံဆုံး အရိပ်အဖြစ် စောင့်ရှောက်လက်တွဲသွားမယ်ဆိုတာ"

ကျွန်မ ခေါင်းယမ်းလိုက်တယ်။

"မဟုတ်သေးဘူး ကိုပစ္စုန်၊ လူတစ်ယောက်အတွက် အကောင်းဆုံးအဖော်ဆိုတာ ဘယ်လိုလူမျိုးကိုခေါ်တာလဲ၊ အလုံ ခြုံဆုံးအရိပ်ကို ပေးနိုင်သူဆိုတာကရော ဘယ်လိုလူမျိုးလဲ"

သူ ငြိုးတယ်။

ပြီးတော့ တိုးတိုးလေး ပြောတယ်။

"အဲဒါ ဘဝကြင်ဖော်ပေါ့" တဲ့။

ကျွန်မ ခေါင်းထပ်ယမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး" လို့လည်း ပြောလိုက်တယ်။

"ဒါဖြင့် ဘာလဲ"

"အဲဒါ ကျွန်မ အခြေရှာနေတယ်"

"ဘာတွေပြောနေတာလဲ ဝသုန်ရယ်၊ ရင်ထဲက ခံစားချက်ချင်း သိနေကြပြီးခါမှ အဲဒီမေးခွန်းက လိုနေသေးလို့လားကွာ"

"လိုတယ် ကိုပန္နက်၊ လိုတာပေါ့၊ ခုနက ကိုပန္နက်ပြောလိုက်တဲ့ ဘဝကြင်ဖော်ဆိုတာလေ၊ အဲဒါ ကျွန်မတို့နှစ်ယောက်ကို ရည်ညွှန်းတာတော့ မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ၊ ဝသုန်က ကျွန်တော့်ကို ဝသုန့်ဘဝရဲ့လက်တွဲဖော်အဖြစ် လက်မခံနိုင်လို့လား"

"လက်ခံပါလို့ ပြောခဲ့ဖူးလို့လား"

"သော် ပြောဖို့လိုသေးလို့လားကွာ၊ ကဲပါ လိုတယ်ဆိုရင်လဲ ပြောပါပြီ၊ ကျွန်တော့်ကို ဝသုန့်ဘဝကြင်ဖော်အဖြစ် လက်ခံပါလို့"

ကျွန်မ မျက်ရည်လည်လာမိတယ်၊

အဲဒါ ချစ်ရေးဆိုတာလား။





ချစ်ခွင့်ပန်တယ်ဆိုတာ ဒါမျိုးလား။

ကျွန်မ ရင်ခုန်ခြင်း လုံးဝဖြစ်မလာတာ ဘာကြောင့်လဲ။ ရင်မခုန်ပေမဲ့ ရင်ထဲမှာတော့ တစ်စစ်စစ်နဲ့ နာကျင်လာတယ်လေ။

"ဟော ပြောတော့လဲ ဘယ်လိုကြီးနေတာလဲ၊ ဝသုန်က ကွာ၊ အလကားနေရင်း တွေးပူနေတယ်၊ ဒီမှာ ကိုယ်ပြောမယ်၊ ကိုယ် လိုရင်းပဲ ပြောတော့မယ်နော်၊ ကိုယ် ဝသုန့်ကိုချစ်တယ်၊ သိပ်ချစ်တယ် ဝသုန်၊ ဒါပေမဲ့ ဘယ်တုန်းက စချစ်သွားတာလဲ လို့တော့ မမေးနဲ့နော်၊ ကိုယ် မသိဘူး၊ ပြီးတော့ ဘာကြောင့် ချစ်သွားတာလဲလို့လဲ မမေးနဲ့၊ ကိုယ် မဖြေတတ်ဘူး၊ ကိုယ် ဝသုန့်ကို ချစ်တာပဲသိတယ်၊ ဝသုန့်ကို ချစ်မိတဲ့အချိန်မှာပဲ ဝသုန့်ရဲ့ အခက်အခဲကို ကိုယ် သိလာရတယ်၊ ကဲပေးတော့ ကိုယ် ဝသုန့်ကို ကူညီခွင့်ရတယ်၊ ဒီအတွက် ကိုယ်အတတ်နိုင်ဆုံး ဆီးဆပ်ဖြည့်ဆည်းပေးတယ်၊ ဒါပေမဲ့ ဒါတွေကြောင့် ဝသုန့်ဆီက အခွင့်အရေးယူသလို ဖြစ်မှာစိုးတယ်၊ ဒီတော့ ဝသုန့်ကို ဘာ... တောင်းဆိုဘဲ နေဖြစ်သွားတယ်၊ ရင်ထဲမှာတော့ နေ့စဉ်... ချုပ်ရှားနေရတာပါ ဝသုန်ရယ်၊ ကိုယ့်ကို နားလည်... ပေးပါ၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



အစုတော့ တောင်းဆိုလိုက်ပြီနော်၊ ဝသုန်သဘောက ဘယ်လိုလဲ"

ကျွန်မရဲ့ ရပ်နေတဲ့နှလုံးသား တဒိတ်ဒိတ် ပြန်စုန်လာတယ်၊ ဒါပေမဲ့ ...

တစ်ဖက်က သူပြောတာ ဟုတ်တာပဲလေဆိုတဲ့အတွေးနဲ့ တစ်ဖက်က ကျွန်မလမ်းဖွင့်ပေးမှ လျှောက်လာတဲ့ သူ့ခြေလှမ်းက ကြည်နူးခြင်းနဲ့ ဝမ်းနည်းခြင်းကို ချိန်ခွင်တစ်ဖက်ဆီမှာ တင်ထားမိသလိုပဲ။

"ကျွန်မ မေးခွန်းတစ်ခု မေးချင်တယ်"

"မေးပါ ဝသုန်"

"ကိုပစ္စုန်က ပြောခဲ့တယ်၊ ဘဝရဲ့လက်တွဲဖော်၊ ဘဝကြင်ဖော်ဆိုတာလေ၊ ဘဝဆိုတဲ့ ဝေါဟာရကို တကူးတက ထည့်သုံးထားတာကို ကျွန်မ မေးချင်တာပါ၊ ကိုပစ္စုန်အနေနဲ့ ကျွန်မဘဝကို ဘယ်လောက်သိထားသလဲ၊ ကိုပစ္စုန်ရဲ့ဘဝကိုရော ကျွန်မကို ဘယ်လောက်အထိ အသိပေးထားပြီးပြီလဲ၊ ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ ရည်ရွယ်ထားတယ်ဆိုရင် အဲဒီဘဝတစ်ခုချင်းစီရဲ့ အခြေအနေမှန်ကို သိထားဖို့ မလိုဘူးလား""





သူ တွေသွားတယ်။

ကျွန်မမေးခွန်းကို ဖြေနိုင်ဖို့ အကြာကြီး စဉ်းစားနေတယ်။ တော်တော်လေးကြာတော့မှ

"ကိုယ်က အချစ်ကို ဘဝနဲ့မရောယှက်ချင်ဘူး ဝသုန်၊ သူ့ဘဝဘာဖြစ်ဖြစ်၊ ကိုယ့်ဘဝဘာဖြစ်ဖြစ် ချစ်နေကြရင် ဆက်တွဲလို့ရလိမ့်မယ်၊ နှစ်ယောက်ပေါင်းလို့ ရလာမယ့်ဘဝ အစ်ခုကိုပဲ ကိုယ် မျှော်လင့်တယ်၊ ကိုယ် ဝသုန့်ကို ချစ်တာ၊ ဝသုန့်ဘဝကိုချစ်တာ မဟုတ်ဘူး၊ အဲဒီလိုပဲ ဝသုန်ကလဲ ကိုယ့်ကိုပဲ ချစ်စေချင်တယ်၊ ကိုယ့်ဘဝကို ချစ်စရာမလိုဘူး၊ ဘာဖြစ်လို့လဲဆိုရင် တစ်ချိန်မှာ အခုပိုင်ဆိုင်နေတဲ့ ဘဝကိုယ်စီကို ကိုယ်တို့ စွန့်လွှတ်ပစ်လိုက်ရမှာမို့ပဲ၊ ဘဝသစ်တစ်ခု တည်ဆောက်ရမှာမို့ပဲ ဝသုန်၊ ကိုယ်ပြောတာ ရှင်းလား"

ရှင်းတော့ ရှင်းပါတယ်။

ဒါပေမဲ့ ရှုပ်နေတယ်။

"ကျွန်မ နားမလည်နိုင်ဘူး ကိုပစ္စုန်၊ ကျွန်မတို့ တစ်ယောက်ဘဝကို တစ်ယောက်က မငဲ့လာ မစူးစမ်းတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"စူးစမ်းလေ့လာမယ်ဆိုရင်လဲဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီအပေါ်မှာ ပြောင်းလဲမသွားဖို့တော့ လိုတာပေါ့"

ကျွန်မ ရင်တွေပူသွားတယ်။ သူ့ဘဝကို ကျွန်မ စူးစမ်းလေ့လာသိရှိသွားခဲ့ရင် ကျွန်မဘက်ကပြောင်းလဲသွားနိုင်လောက်တဲ့အကြောင်းတစ်စုံတစ်ရာတွေများ ရှိနေလေသလား။

ဟင့်အင်း၊ မထင်ပါနဲ့ ကိုပဒ္မုန်ရယ်။

ကျွန်မက ဘယ်လိုအကြောင်းမျိုးနဲ့မှ ပြောင်းလဲသွားမယ့် မိန်းကလေး မဟုတ်ပါဘူး။

ချစ်မိပြီဆိုမှတော့ သူ့ဘဝ ကိုယ့်ဘဝ အပြန်အလှန်နားလည်မှုရှိစေချင်တာပါ။ နှစ်ယောက်တစ်ဘဝ ဖြစ်လာဖို့အတွက် တစ်ယောက် တစ်ဘဝစီကို ပေါင်းစပ်ကြရမှာလေ။ လက်ရှိဘဝတွေကို လျစ်လျူရှုထားလို့ ဖြစ်နိုင်ပါ့မလား။

"ကျွန်မ တကယ့်ကို နားမလည်တော့ဘူး"

"ဝသုန်က အလကားနေရင်း ဦးနှောက်အခြောက်ခံနေတာကိုးကွာ၊ ကဲပါ အစားဝင်အောင် တစ်ခုခု စားလိုက်ဦး၊ ဒီနေ့ ဘာလုပ်ထားလဲ"





"ခေါက်ဆွဲပြုတ်ထားတယ်"

"နေနေ ကိုယ်ထည့်ယူခဲ့မယ်၊ ကိုယ့်မေးခွန်း ကိုလဲ ဝသုန် ဖြေနဲ့တော့၊ ကိုယ် အဖြေရပြီးသား၊ ဝသုန် ကိုယ့်ကို ချစ်တယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟင်… ဘယ်မှာ ပြောရသေးလဲ"

"ပြောပြီးတာဖြင့်ကြာလှပြီ"

"မပြောပါဘူး"

"ပြောပါတယ်၊ ယောဒီမျက်လုံးတွေက ကဲ စောင့်ဦး၊ ကိုယ် ခေါက်ဆွဲ သွားထည့်ဦးမယ်"

ကျွန်မ ဘာပြောရမလဲ။

အဲဒါကြောင့် ပြောတာပေါ့။

ညင်သာစွာ အကျဉ်းကျခံလိုက်ရတယ်ဆိုတာ။ သူ ယူလာတဲ့ ခေါက်ဆွဲပြုတ်ကို သောက်ရင်း ကျွန်မ လက်တွေ တုန်လို့လေ။

• • •



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်တွေတုန်နေတယ်။

လက်ထဲမှာ စာအုပ်တစ်အုပ်။ ကျွန်မကိုကြည့်ပြီး လှောင်ပြောင်နေသလိုပါပဲ။ ကျွန်မရဲ့ မျှော်လင့်ချက်တစ်ခုပေါ့။ ကျွန်မ တစ်စုံတစ်ရာ မသိလိုက်ဘဲ ကျွန်မလက်ထဲရောက်လာခဲ့တာလေ။

"စိတ်မဆိုးရဘူးနော် ဝသုန်၊ တိုင်ပင်ခွင့်တောင်းနေရင် ငြင်းနေမှာစိုးလို့၊ ပြီးတော့ ဝသုန့်ပစ္စည်းလေးတွေ ထုခွဲပစ်လိုက်ရမှာလဲ နမြောလို့၊ ကုန်ကျစရိတ်အားလုံး ကိုယ် စာရင်းလုပ်ထားပါတယ်၊ စာအုပ်ဖြန့်ပြီး ဝသုန် ပြန်ဆပ်ပေါ့နော်၊ ဘယ်လိုလဲ သဘောကျရဲ့လားဟင်"

ကျွန်မ ဘာပြန်ဖြေရမှာလဲ။

ဒါဟာ မေတ္တာတရားရဲ့ပြယုဂ်လား။ ပိုင်စိုးပိုင်နင်းပြုမူခြင်းလား။ ကျေနပ်ပီတိဖြစ်ရမည်လား၊ ဒေါသထွက်ရမည်လား ကျွန်မ စိတ်ထဲမှာ လွန်ဆွဲနေတယ်။

ကျွန်းမာရေးကောင်းသွားပြီး နဂိုပုံမှန် ပြန်ဖြစ်သွားတဲ့နောက် သူ ရောက်မလာတာ တစ်ပတ်တောင် ကျော်ခဲ့ပြီလေ။

လာနိုးနိုး မျှော်ကိုးရင်း သူ့အလုပ်ခန်းကို သွားမေလှဆဲဆဲ





သည်စာအုပ်တွေ ရောက်လာခဲ့တယ်။

"ဝသုန်"

"ဟုတ်ကဲ့"

"ကိုယ် မှားသွားပြီလား"

"မပြောတတ်ဘူးလေ"

"ဝသုန် မကျေနပ်ဘူးလား"

"ဘာပြောရမှာ လိုသေးလို့လဲ ကိုဝဏ္ဏ"

"ကိုယ့်ရဲ့ စေတနာစစ်စစ်ပါ ဝသုန်ရယ်၊ နားလည်ပေးပါကွာ၊ ပြီးတော့ ဒီကိစ္စကို ဘယ်သူမှမသိပါဘူး၊ ဝသုန် နေမကောင်းလို့ ကိုယ်လိုက်လုပ်ပေးတာလို့ပဲ သိကြတာပါ၊ ဝသုန့်ငွေနဲ့ လုပ်တာလို့လဲ ပြောထားပါတယ်၊ ဒါပေမဲ့ ဝသုန် စိတ်ချပါ၊ ဒီငွေကို ကိုယ် ပြန်ယူမှာပါ၊ စာအုပ်ဖြန့်ပြီး ငွေပေါ်လာတာနဲ့ ပြန်ပေးပါ ဝသုန်၊ ကိုယ်နိုက်ရင်းပေးထားတဲ့သဘောပါ၊ ဒီအတွက် ဘာမှ အကျိုးအမြတ်ပေးစရာ မလိုပါဘူး၊ ချစ်သူတစ်ယောက် အနေနဲ့ ကိုယ် ဒီလောက်တော့ ကူညီပေးချင်ပါတယ်၊ ဝသုန် လက်ခံပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှုတ်ခမ်းကို ကျွန်မ ပြန်ကိုက်ထားမိတယ်။

ကျွန်မ ဘာစကားမှ မပြောဖြစ်အောင်လို့ပါ။

ကြိုတင်ခွင့်ပြုချက်မရယူဘဲ လှို့ဝှက်လုပ်ဆောင်ပြီးခါမှ လက်ခံပါတဲ့လား ကိုပဒ္မုန်ရယ်။ စာအုပ်တွေက ဖြစ်နေပြီ လက်မခံချင်လို့ ရဦးမှာလား။

ဘဝမှာ တစ်ခါသာ အဲဒီ တစ်ခါကလည်း ပထမဦးဆုံးသော တစ်ခါ၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ့်စိတ်ကြိုက် ဖန်တီးမယ်လို့ ရည်ရွယ်ထားခဲ့တဲ့ မျှော်လင့်ချက်တစ်ခု။

ခုတော့ သူများတကာထက် နောက်ကျပြီးမှ ကိုယ်သိခဲ့ရတယ်။ လုပ်ရက်လိုက်တာ ကိုပဒ္မုန်ရယ်။

ကျွန်မ ရင်ထဲမှာ တစစ်စစ်နာလာတယ်။

ချစ်သူတစ်ယောက် ရလိုက်ပါတယ်။

သာယာချိုမြိန်ခြင်းနဲ့ ရင်ခုန်ခြင်းကတစ်ဖက်၊ နာကျင်ကြေကွဲခြင်းနဲ့ ယူကျုံးမရခြင်းက တစ်ဖက်။

အချစ်ဆိုတာ ဒီလိုပဲလား။

သူပြောခဲ့တာက အချစ်ဆိုတာ ဘဝနဲ့ မရောယှက်သင့်တဲ့



အရာ၊ ဘဝကို ချစ်စရာမလိုဘူး၊ သူ့ဘဝ ဘာဖြစ်ဖြစ် ကိုယ့်ဘဝ ဘာဖြစ်ဖြစ် ချစ်နေကြရင် အကောင်းဆုံးတဲ့။ ခုတော့လည်း အဲဒီချစ်သူဆိုတဲ့ လူတစ်ယောက်ဟာ ကျွန်မဘဝကို စိုးမိုးချယ်လှယ်နေပြီ။

ကျွန်မ ဘာပြောရမလဲ။

ဘာဆက်လုပ်ရမလဲ။

ဘယ်သူ့နောက်လိုက်မှ မလုပ်လိုတဲ့ ကျွန်မဟာ ချစ်သူရဲ့ တွန်းပို့ခြင်း လုပ်ရပ်ကြောင့် နောက်ကောက်ကျ ကျန်ရစ်ခဲ့ရတယ်။

"ဝသုန်"

ကျွန်မ မျက်ရည်တစ်ပေါက်ကျလာတယ်။

အို… ငါ ဘာဖြစ်လို့ ငိုရမှာလဲ၊ မငိုရဘူး။

"ဟော့… ဝသုန်၊ ဝသုန်"

"ဟင်…"

"တစ်ခုခု ပြန်ပြောလေကွာ၊ အဲဒီလိုကြီးတော့ မနေပါနဲ့ ဝသုန်ရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မှားသွားတယ်ဆိုရင်လဲ ဒါဟာ စေတနာနဲ့မှားတာဖြစ်ပါတယ် ဝသုန်ရယ်၊ ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ပါကွာ"

ကျွန်မ ခေါင်းကို ပြန်မော့လိုက်တယ်။

ဟုတ်တာပေါ့။

ဒီအတိုင်းနေလို့ ပြီးသွားမှာမှ မဟုတ်ဘဲ။

"စာအုပ်အားလုံး ယူလာပေးပါ ကိုပချွန်၊ ဖြန့်ချိခွင့်ရပြီလား"

"ဒီနေ့ပဲ ရတယ် ဝသုန်"

"ဒါဆို ကိုပချွန်ရိုက်ထားတဲ့ငွေစာရင်းလုပ်ပေးပါ၊ ဒီစာအုပ်တွေကို ကျွန်မကိုယ်တိုင် ဖြန့်ချင်တယ်"

"ယူလာမယ် ဝသုန်၊ ဒါပေမဲ့ ဖြန့်တဲ့ကိစ္စကိုလဲ အလျင်မလိုနဲ့ဦးနော်၊ စာအုပ်တစ်အုပ်ရဲ့ ရောင်းအားဟာ ဖြန့်ချိရေးသမားအပေါ်မှာ အများကြီး မူတည်တယ်၊ အတွေ့အကြုံလဲ လိုတယ်၊ အကူအညီတောင်းသင့်တဲ့သူကို တောင်းရလိမ့်မယ်"

"ဒီကိစ္စအတွက် ကျွန်မ စဉ်းစားထားပြီးသား ရှိပါတယ် ကိုပချွန်၊ စာအုပ်တွေကိုသာ သယ်လာပေးပါ၊ ကျသင့်ငွေနဲ့အတူ ပေါ့နော်"





ကျွန်မရှေ့က သူ ပြန်ထွက်သွားတယ်။

ကျွန်မကို သူ စိတ်ပူသွားသလား။ စေတနာကို မမြင်တတ်လေခြင်း၊ အသိအမှတ်မပြုလေခြင်းလို့ နာကြည်းသွားသလား။ ကျွန်မ မသိနိုင်ပါဘူး။

ဒါပေမဲ့ ကျွန်မ သူ့ကျောပြင်ကိုကြည့်ပြီး နှိက်ကြီးတငင် ကျွန်ရစ်ခဲ့တယ်ဆိုတာကိုလည်း သူ သိမြင်နိုင်မှာ မဟုတ်ပါဘူး။

အချစ်ဆိုတဲ့ စာတမ်းတစ်စောင် ပြုစုမယ် ကြံရွယ်ကာ သေး၊ မင်ကလေးမှ မခြောက်သေးခင် စာတစ်ရွက်မှ မဆုံးသေးခင်မှာပဲ အားလုံး ပြိုကွဲပျက်စီးသွားခဲ့ပြီ။

ဝမ်းနည်းလိုက်တာ ကိုပချွန်ရယ်။

ကျွန်မလေ...

ရှင့်ကို သိပ်ချစ်တယ်။

ကျွန်မဘဝမှာ အချစ်ဆိုတာကို ရှင်နဲ့တွေ့မှ ထိသိ ခံစားမြင်ခဲ့ဖူးတာပါ။

ကျွန်မက အချစ်ဆိုတာကို လူတွေ အမျိုးမျိုးအဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြတဲ့ ကြားဖူးနားဝ ဝေါဟာရတွေအတိုင်း ယက်ခဲ့ကြည်



www.burmeseclassic.com

www.burmeseclassic.com



ထားသူ မဟုတ်ပါဘူး။ ကျွန်မကိုယ်တိုင် အချစ်ကိုတွေ့လာ... ကျွန်မ နားလည်သလို အချစ်ကို အဓိပ္ပာယ်ဖွင့်ဆိုချင်တဲ့သူပါ...

အံ့ဩစရာသိပ်ကောင်းတာကတော့ အဲဒီအချစ်ဟာ ကျွန်... တစ်ဦးတည်းအတွက်တောင်မှ အမျိုးမျိုးသော အဓိပ္ပာယ်ရေ... ကွဲလွဲနေတဲ့ အချက်။

ကျွန်မ တကယ်စိတ်ပျက်သွားမိတယ်။

* * *

သူ ပို့ပေးလိုက်တဲ့ အဲဒီစာအုပ်တွေကတော့ ကျွန်မအိမ်ခ... ထဲ ပူအောင် မနေလိုက်ကြရပါ။ စာအုပ်ပို့ပြီး သူ ပြန်သွားတာ... ကျွန်မ ကားထွက်ငှားလိုက်တယ်။

ကြို့တင်လေ့လာပြီး ချမှတ်ရေးထားတဲ့ ရန်ကုန်မြို့ပေါ်က... စာအုပ်ဆိုင် ငါးဆယ်ကျော်ကို ကျွန်မ ရောက်တယ်။ ကျွန်... ဘယ်သူ့မှ အဖော်မခေါ်တော့ဘူး။ ကားကို ကိုးနာရီနဲ့အပြ... ငှားထားလိုက်ပြီး တစ်ဆိုင်တက်ဆင်း လိုက်ဖြန့်တယ်။

"အတင်ပေးမှာလား"





"ဟုတ်ကဲ့၊ ဒါပေမဲ့ ငွေတော့ တစ်ဝက်သွင်းထားပေးပါ၊ တစ်လပြည့်မှ ပြန်လာပါမယ်"

အဲသည်လို ပြန့်ရတဲ့ဆိုင်လည်း ရှိတယ်။

"ဘယ်လောက်ရာခိုင်နှုန်းပေးမှာလဲ"

"အုပ်နှစ်ဆယ်ကျော်ရင် ဆယ့်ငါးရာခိုင်နှုန်း ပေးပါမယ်၊ ဆယ်အုပ်ဆိုရင်တော့ ဆယ်ရာခိုင်နှုန်းပါ၊ ငွေတော့ နည်းနည်းသွင်း ပေးပါ"

အဲသည်လို ပြန့်ရတယ်။

ဒါတွေဟာ ကျွန်မ ကြိုတင်လေ့လာထားခဲ့တဲ့ အကျိုးပါ။ စာအုပ်ဖြန့်ချိသူ အမျိုးသမီးတစ်ဦးနဲ့ ကျွန်မ လိုက်လေ့လာထား တာပေါ့။

ဒါပေမဲ့ လက်တွေ့လုပ်ရှားတဲ့အခါမှာတော့ တော်တော်ပဲ လက်ဝင်အောင် ပြောရပါတယ်။ ကျွန်မက လူသစ်၊ စာပေ ကလည်း အသစ်လေ။ တစ်ခုခံသာတာက ကျွန်မရဲ့စာအုပ်ပါ။ ဒီစာအုပ်ထဲက ဆောင်းပါးရှင်တွေက တကယ့်ဝါရင့် စာပေပညာ ရှင်ကြီးတွေဆိုတော့ ဈေးကွက်မှာ မျက်နှာမငယ်ရဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရှစ်သူကိုလည်း ကျေးဇူးတော့တင်ပါတယ်။ ဘာလို့ဆို သူလုပ်ပေးတဲ့ ကျွန်မစာအုပ်ကလေး သေသေသပ်သပ်နဲ့ စိတ်ဝင်စားဖွယ်ကောင်းနေလို့ပါ။ ငွေလည်း တော်တော်ပြန်ဝင်လာပါတယ်။

မနွှေလေးက စာအုပ်အရောင်းဆိုင်တွေဆီ ကျွန်မ လှမ်းဆက်သွယ်ပြီး ရန်ကုန်က ကိုယ်စားလှယ်ဆီကို စာအုပ်တွေ သွားပို့ပါတယ်။ ငွေလည်း သုံးပုံတစ်ပုံ ကြိုရပါတယ်။

ဒီလိုနဲ့ တစ်နေ့လည်းကျန်ရော ကျွန်မလည်း မလှုပ်ချင်လောက်အောင် ပင်ပန်းသွားပြီး ကားပေါ်က စာအုပ်နှစ်ထောင် တက်တက်ပြောင်သွားပါတယ်။

နယ်ခွေကို တာဝန်ယူပို့ပေးတဲ့ ရန်ကုန်ကိုယ်စားလှယ်တွေဆီကလည်း ငွေတစ်ဝက်နီးပါး ရတယ်။ ဆိုင်တွေဆီကလည်း ငွေသုံးပုံတစ်ပုံလောက် ဝင်တယ်ဆိုတော့ ကျွန်မအိတ်ထဲမှာ ငွေ တော်တော်များပါတယ်။

"ကဲ ကားဆရာကြီးရေ ဇာတ်တော့ သိမ်းပြီ၊ ကားခ တွက်ပေးပါ၊ ပြီးရင် ကျွန်မကို ပန်းဆိုးတန်းနဲ့ မဟာဗန္ဓုလလမ်း



BURMESE CLASSIC .com



ထိပ်မှာ ချပေးပါ"

ကျွန်မ အိမ်ပြန်လို့ မဖြစ်သေးဘူး။

ဒီအချိန်ဆို သူ ရောက်နေတော့မယ်။

ကျွန်မ ဘာတွေလုပ်ခဲ့သလဲဆိုတာ သူသိအောင် ရှင်းပြနေချင်ဘူး။

ကျွန်မလုပ်ချင်တာက ဒီနေ့ညနေ သူနဲ့တွေ့တဲ့အခါ သူပေးထားတဲ့ စာရင်းထဲကငွေကို ပြန်ပေးနိုင်ဖို့ပဲလေ။

ကျွန်မ ဆောဘီစီထဲကို ဝင်ခဲ့တယ်။ အဲဒီဆိုင်က သုံးဆယ့်ငါးလမ်းနဲ့ မဟာဗန္ဓုလလမ်းထိပ်မှာရှိတဲ့ ဆိတ်ဆိတ်ငြိမ်ငြိမ်ဆိုင်ကလေးပါ။ ကျွန်မ သီးသန့်နေရာမှာ ဝင်ထိုင်ပြီး စားစရာမှာလိုက်တယ်။ ဒီနေရာလေးကို ကျွန်မ နှစ်ခါရောက်ဖူးတယ်။ ဒါလေးငယ်နဲ့ အတူပေါ့။

ကျွန်မအိတ်ကိုဖွင့်ပြီး ငွေတွေ သွန်ချလိုက်တယ်။ ငွေရေတွက် စီထုတ်ပြီး စာရင်းတိုက်တယ်။ ရင်တော့ တမမနဲ့ပေါ့။ သူ့ကို ပြန်ပေးနိုင်ဖို့ ငွေပြည့်၊ မပြည့် သိချင်နေတယ်။

အားလုံးပြီးသွားတော့မှ ကျွန်မ ရင်မောပြေသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိုက်ထုတ်ထားတဲ့ စာမူခတွေတော့ ပြန်မရနိုင်သေးဘူး။ ဒါပေမဲ့ သူ စိုက်ထုတ်ထားတဲ့ စက္ကူဖိုး၊ စက်ရိုက်ခ၊ ချုပ်ခကိုတော့ ရှင်းနိုင်သွားတယ်။

သူ ထည့်မတွက်ထားတဲ့ မျက်နှာဖုံးဒီဇိုင်းခကိုတော့ ကျွန်မ ကွက်လပ်ချန်ခဲ့ပါတယ်။ နေလေ ဒီလောက်တော့ သူ့စေတနာကို ကျွန်မ လက်ခံရလိမ့်မယ်။ ကွန်ပျူတာစာစီခကလည်း တော်တော် နည်းနည်းပဲ သူ ရေးထားတယ်။ ရှိစေတော့။ ပုံနှိပ်စက်ခမှာလည်း ဘာပဲဖြစ်ဖြစ် သူ လျှော့ပေးထားမယ်ဆိုတာ ကျွန်မသိတယ်။ သူ့ညီရဲ့စက်ဆိုတော့ ကျွန်မ စောဒက တက်စရာမလိုဘူးလေ။

ကျွန်မ သူ့ကိုပေးဖို့ငွေထုတ်ကို စာရင်းနဲ့အတူ သီးသန့် ထုပ်ထားလိုက်တယ်။ စာအုပ်တန်ဖိုးကို သူ သတ်မှတ်လိုက်တာ နည်းနည်းများသွားတယ်။ ကျွန်မ သိပ်လောဘမတက်ချင်ပေမဲ့ ကျွန်မလက် ကျွန်မခြေ မဖြစ်ခဲ့ရတဲ့အတွက် ဘယ်လိုမှ မတတ်နိုင်တော့ဘူးပေါ့။ ဒါပေမဲ့ ဒီတန်ဖိုးလောက်ကိုတော့ ဆိုင်တွေက လက်ခံနိုင်ကြတယ် ထင်ပါရဲ့၊ ဘာမှ မဝေဖန်ကြဘူး ကော်မရှင်များများရဖို့ကိုပဲ ဈေးဆစ်ကြတယ်။





ကျွန်မ ပျော်သွားတာတော့ အမှန်ပဲလေ။ ကျွန်မအရင်းနဲ့ အမြတ်အတွက်တော့ ကျွန်မ တစ်လလောက် စောင့်ရမှာပဲ။ ဒါပေမဲ့ ဒါကသေချာပြီးသားမို့ ပူပင်နေစရာ မလိုတော့ဘူးလေ။

ကျွန်မစားသောက်ပြီး အိမ်ရောက်တော့ အိမ်ပေါက်ဝ သော့ခလောက်မှာ စာတစ်စောင်က ဆီးကြိုနေတယ်။

အဲဒီစာကတော့...

မေဝသုန်...

မင်းနဲ့ တွေ့ချင်တယ်။

မနက်ဖြန် နေ့လယ်တစ်နာရီတိတိမှာ စင်ထရယ်လ်က စောင့်နေမယ်။

လာဖြစ်အောင် လာခဲ့ပါ။

ပန်းရုန်မိုးရဲ့ အမေလည်း စောင့်နေလိမ့်မယ်။

ရွှေးရွှေး

ကျွန်မ လက်တွေ ရင်တွေတုန်တယ်။

ရင်တွေလည်း ခုန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့… သူ ဘယ်မှာလဲ။ ဘာကြောင့် ရောက်မလာတာ
ဒီအိမ်လိပ်စာကို သူ ဘာကြောင့်ပေးလိုက်တာလဲ။ ရွှေရွှေဆို
ဘယ်သူလဲ။

ကျွန်မ ဘာလုပ်သင့်သလဲ။

• • •



## အခန်း (၆)

"မနေ့က မင်းအမေရောက်လာတော့ ရှစ်နာရီခွဲပြီကွ၊ ငါလဲ မင်း အပြင်စောထွက်သွားတယ်လို့ ပြောပါတယ်၊ သူက စောင့်ဦးမယ်ဆိုပြီး ထိုင်စောင့်နေတယ်၊ မင်းကိုလဲ ဘယ်လို ဆယ်သွယ်ရမှန်း မသိဘူးကွာ၊ ဒါပေမဲ့ ငါပြောပါတယ်၊ ခါတိုင်း ဒီလိုမထွက်ပါဘူး၊ ဒီနေ့မှ ဘာလို့ပြန်မလာပါလိမ့်ပေါ့၊ ဆယ်နာရီ ထိုးတော့ မင်းအမေ ပြန်သွားတယ်"

"အင်း လွဲချော်မှုပေါ့ ကိုရွှေရာ၊ ငါ ပြန်ရောက်တော့ မေမေ မရှိဘူး၊ ငါလဲ အိပ်ရာတန်းဝင်တာပဲ၊ အဲဒီနေ့က ငါနဲ့ ဝသုန် သိပ်အဆင်မပြေဘူး၊ ငါက သူ့စာအုပ်တွေကို ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အားရ ပြလိုက်တာ၊ သူက ငါ မထင်မှတ်သလို တုံ့ပြန်လာတယ်ကွာ"

"ဘယ်လိုဖြစ်တာလဲ"

"သူ့ကို အသိမပေး၊ မတိုင်ပင်၊ ခွင့်မတောင်းဘဲ လုပ်မိတဲ့အတွက်ပေါ့၊ ဟုတ်ပါတယ်၊ သူ့ကို ငါ နားလည်ပါတယ်၊ သူက ဒီစာအုပ်ကလေးအပေါ် သိပ်အလေးအနက်ထား မျှော်လင့်ထားတဲ့သူပဲ၊ သူ့စိတ်ကြိုက်လုပ်ခွင့် မရလိုက်တဲ့အတွက် သူ စိတ်ထိခိုက်သွားတယ် ကိုချော၊ ငါ့စေတနာကိုလဲ သူ စော်ကား စိတ်ဆိုးလို့ မဖြစ်ပြန်ဘူး၊ တစ်ဖက်က သူ့မာနကိုလဲ အထိ မခံချင်ဘူး၊ ငါက သိပ်ပြီးနေရာယူသလို ဖြစ်သွားတယ်ကွာ"

"အဲဒီတော့..."

"ဖြန့်ချိရေးအတွက် ငါ မလိုဘူးတဲ့၊ ပြီးတော့ ငါရိုက်ထားတဲ့ ပိုက်ဆံကိုလဲ သူ ပြန်ပေးမယ်သဘော ပြောတယ်၊ ငါကလဲ ပြန်ယူမှာပါ၊ သူ့ပစ္စည်းလေးတွေ မထုခွဲရအောင် ကူညီမိတာပါ၊ အေးလေ၊ ဝသုန်က သူများနဲ့မတူတဲ့ မိန်းကလေးဆိုတော့ ငါသိပါတယ်၊ အားကိုးမရှာဘူးဆိုတဲ့ မာနမျိုးနဲ့ပေါ့၊





ငါ စိတ်မကောင်းဖြစ်ရတယ် ကိုချော၊ အဲဒီနေ့က ငါ ပြန်ရောက်တော့ စိတ်ညစ်ညစ်နဲ့ အိပ်ပစ်လိုက်တယ်၊ မေမေ ပြန်ရောက်တာလဲ ငါ လုံးဝမသိတော့ဘူး"

"မိုးလင်းတော့ ပြဿနာ စတော့တယ်..."

"မေမေက ဘာမှမသိသလို မေးတာကိုး၊ ညက ကိုချောနဲ့ တွေ့တယ်တဲ့၊ ကိုးနာရီလောက်ရှိပြီတဲ့၊ အဲဒါ ကိုချောက သူ့ န်းချီခန်းမှာ သား အလုပ်လုပ်နေတယ်လို့ ပြောတယ်တဲ့၊ မေမေ ဆောင် ဝင်ခေါ်ဦးမလို့တဲ့၊ နောက်တော့ ဧည့်သည်တွေပါတာနဲ့ ရောက်တော့ဘူးတဲ့၊ ဘာတွေ အလုပ်ရှုပ်နေတာလဲတဲ့။"

အဲဒီမှာမှသားက ပေါ်တော့တာပဲ၊

ပန်းချီကားတစ်ချပ် အနားသတ်နေတဲ့အကြောင်း၊ ကိုချော ပြခန်းက ညဆယ်နာရီကျော်မှ ပြန်လာခဲ့ကြောင်း ပြောလိုက်မိတယ်။

မေမေက ရယ်တယ်။

ဒါပေမဲ့ ဘာမှမပြောဘူး။

မေမေ့ရယ်သံကို သံသယရှိမိပေမယ့် ဘယ်လိုဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိတာနဲ့ ကြောင်တက်တက် ဖြစ်နေခဲ့ရတယ်။

အဲဒီစာရေးချက်ကို စိတ်မှာ ပျောက်ပြီး ဝသုန့်ဆီ စာအုပ်တွေ ပို့ဖို့စိတ် ရောက်သွားတဲ့အခါ အမှတ်တမဲ့ စာအုပ်ရှုပ်တဲ့နေရာကို မှန်းဆက်လိုက်မိတယ်။

အဲဒီစာအုပ်ချုပ်လုပ်ငန်း တည်နေရာက ညီလေးရဲ့ ပုံနှိပ်တိုက်နားမှာ ရှိတယ်၊ အဲဒီနေရာက ဝသုန်နေတဲ့ ရပ်ကွက်နဲ့ သိပ်မဝေးလှဘူး၊ ဒါကြောင့် စက်ဘီးသမားနဲ့ ဝသုန့်အိမ်ကို သွားပို့ခိုင်းလိုက်တယ်။

မေမေ့ကို လျှော့တွက်ခဲ့မိတဲ့အမှားပါပဲ။ အဲဒီအမှားကို ကျူးလွန်မိပြီဆိုတာ အဲဒီညနေကျမှပဲ သိလိုက်ရတော့တယ်။

လေးနာရီထိုးတာနဲ့ ကွန်ပျူတာစန်းကို မေမေ ရောက်လာတယ်။ အရေးတကြီးသွားစရာရှိလို့ အဖော်လိုက်ခဲ့ပေးပါတဲ့၊ ပဲခူးအထိ သွားရမှာတဲ့လေ။ ငါ့မှာ ငြင်းချိန်ကို မရလိုက်ဘူး၊ ဝသုန်ရဲ့စိတ် မကြည်မလင်ဖြစ်နေချိန်မျိုးမှာ ငါ သူ့ကို ချောင်းချော့မော့ တောင်းပန်နေသင့်တယ် မဟုတ်လား ကိုချော။ အဲဒီည ဝသုန်နဲ့ မတွေ့ဖြစ်ရင် သူ ငါ့ကို ပိုပြီး တလွဲထင်သွားမှာ





နီးတယ်။ ဒါပေမဲ့ငါ ဘာလုပ်လို့မှ မရတော့ဘူးလေ။ ရွေးရွေးကလည်း တွန်းတွန်းထိုးထိုးနဲ့ လွှတ်နေတယ်။

ပဲခူးရောက်တော့ မေမေ့အလုပ်ကိစ္စက သိပ်အရေးတကြီးတန် မရှိပါ။ တမင်အချိန်ဖြုန်းနေသလို ရှိလေရဲ့။ ရန်ကုန်အိမ်ပြန်ရောက်တော့ ကိုးနာရီ၊ ဖေဖေကလည်း ရှိနေတာကြောင့် ပြန်ထွက်ဖို့ အခွင့်အရေးကလည်း မရတော့။

"တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ ငါ သိတယ် ကိုချော၊ ဒါကြောင့် ဒီမနက်အစောကြီး ငါလစ်ထွက်လာခဲ့တာ၊ ဝသုန့်အိမ်ရောက်တော့ တံခါးကြီးပိတ်လို့ကွာ၊ ဒါနဲ့ မင်းဆီပြေးလာတာပဲ"

"မင်း ဘာဆက်လုပ်မလဲ"

"အေးကွာ၊ ဝသုန်နဲ့ ငါ တွေ့ချင်လိုက်တာ"

"ဝသုန် မနေ့က စာအုပ်တွေပြန်သွားတယ် ပစ္စုန်၊ သူကိုယ်တိုင် လိုက်ပြန့်တာလို့ သတင်းကြားတယ်"

"ဟုတ်လား၊ အဆင်ပြေရဲ့လား မသိဘူးကွာ၊ ငါ သူ့ကို အလျှင်မလိုဖို့ ပြောခဲ့သေးတယ်"

"အေး မင်း အဲဒီလို ဆရာကြီး သွားလုပ်လို့ ဒိုရှယ်ကိုနံတာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေက ငါ့ကို အစ်သွားတာစုံရော၊ မင်း ပိုက်ဆံတွေ ဒီရက်ပိုင်း အားသွန်ရှာနေတယ်၊ ဘာများ ဝယ်ကြမလို့လဲတဲ့ ငါလဲ မသိချင်ဟန်ဆောင်နေခဲ့ရတယ်၊ မင်းက မပိရိဘူး ပန္နန် ဝသုန့်စာအုပ်တွေကို မင်း အပြင်စက်မှာ ရိုက်သင့်တယ်၊ ခုတော့ မင်းညီကတစ်ဆင့် သတင်းပေါက်သွားမှာပေါ့"

"ငါက အလုပ်အပ်ပေးတယ်လို့ပဲ ပြောတာပါ ကိုချောရာ ငွေ စိုက်ရှင်းတယ်လို့တောင် ငါ မပြောပါဘူး"

"ဒါပေမဲ့ အရမ်းအာရုံစိုက်လုပ်ပေးတယ် မဟုတ်လား ရိပ်မိမှာပေါ့ ပန္နန်ရာ"

"အေးကွာ၊ ဝသုန့်လိပ်စာကို မေမေ ရသွားတာ သေချာတယ်၊ ဒါပေမဲ့ ငါ ထင်ပါတယ်၊ မေမေက အဲဒီကိုသွားပြီးတော့ ပြဿနာလုပ်မှာ မဟုတ်ပါဘူး၊ သူလဲ သမီးရှင်ပဲဟာ"

"ငါလဲ မတွေးတတ်ဘူး ပန္နန်၊ ဒါပေမဲ့ မင်းကို ပဲခူး ခေါ်သွားတဲ့ကိစ္စကတော့ အကြောင်းမဲ့ မဖြစ်နိုင်ဘူးကွ"

"**အင်း** ဟုတ်တယ် ကိုချော၊ အဲဒီအဖြေကို ငါ သိပ်သိချင်တာပဲကွာ"





ဝသုန့်ကို မတွေ့ရတော့ ဒေါ်လေးချစ်ကို မေးကြည့်တယ်။ ဘယ်အချိန်က ထွက်သွားမှန်း မသိဘူးတဲ့။ ဒေါ်လေးမူကတော့ မနက်အစောကြီး ဘုရားရှိခိုးနေသံ ကြားတယ်တဲ့။ ဒါ့အပြင် ဘာမှမသိရ။

တွေ့ချင်လိုက်တာ ဝသုန်ရယ်။

မင်း ဘာတွေလုပ်နေသလဲ၊ ဘာတွေ ခံစားနေရသလဲ၊ ဘာတွေဖြစ်နေသလဲ သိချင်လိုက်စမ်းပါဘိ။

* * *

ဘယ်လောက်ပဲ နိုင်မာနေတဲ့အချစ် ဖြစ်ပါစေ။

ပတ်ဝန်းကျင် ဘေးပယောဂတစ်ခုခုကြောင့် ယိုင်လဲလုလု ဖြစ်တတ်တယ် ဝသုန်။

မိဘ၊ ညီအစ်ကိုမောင်နှမကြောင့်၊

ဆွေမျိုးအသိုင်းအဝိုင်းကြောင့်၊

မနာလိုသူတွေကြောင့် ဆိုတဲ့ အကြောင်းတစ်ခုခုဟာ အချစ်ကို ယိုင်နဲ့သွားစေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘယ်လိုနည်းစနစ်မျိုးတွေနဲ့ ပြန်လည်တည့်မတ်ကြမလဲ။

ကာယကံရှင်ဖြစ်တဲ့ ကိုယ်ကိုယ်တိုင်ကြောင့် မဟုတ်ဘဲ ယိုင်နဲ့ပြိုလဲကျစံလိုက်ရမှာကို အတွေးနဲ့တောင် လက်မခံနိုင်ဘူး ဝေသုန်ရယ်။

ဘာဖြစ်လို့ ယိုင်နဲ့ရမှာလဲ။

ဘာဖြစ်လို့ ပြိုလဲရမှာလဲ။

ဘာဖြစ်လို့ အစိမ်းသက်သက်ကြီး ငြိမ်ခံနေကြရမှာလဲ ဝေသုန်။

ပတ်ဝန်းကျင်

အားပယောဂဆိုတာတွေဟာ တကယ့်ချစ်သူတွေအတွက်တော့ မအောင်မြင်သော တိုးစစ်တစ်ခုပဲ ဖြစ်ရလိမ့်မယ်။

အနိုင်ပေးလို့ မဖြစ်ဘူးကွာ။

အဲဒီလို မအောင်မြင်သော တိုးစစ်တစ်ခု ဖြစ်သွားစေဖို့အတွက် ချစ်သူတွေရဲ့ ခံစစ်ပြင်ဆင်မှုအပိုင်းက သေချာပြီးသား ဖြစ်နေဖို့ လိုတယ်။





တကယ်တော့...

မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးအသိုင်းအဝိုင်း ပယောဂကြောင့် ဆိုတာတွေဟာ ပိုးစားနေတဲ့ စာအုပ်အဟောင်းကြီးထဲမှာ ကျန်ခဲ့ပါပြီ။

ကိုယ်တို့ချစ်သူချင်းသာ တစ်ယောက်ကိုတစ်ယောက်က အရေးတဲ့နည်းလမ်းမှန်သမျှနဲ့ ကာကွယ်ပေးကြမယ်၊ ကျားကန်ပေးကြမယ်ဆိုရင် ယိုင်နဲ့ပြိုလဲစရာ အကြောင်း မြူတစ်မှုန်စာတောင် ကျရောက်နိုင်ပါဘူး။

ကိုယ်တို့ ယုံကြည်ထားကြရမှာက...

ချစ်သူတွေဟာ

တစ်ယောက်သည် တစ်ယောက်အတွက် ခံပြဖြစ်နေစေရမယ်။

တစ်ယောက်ဟာတစ်ယောက်အတွက် နှစ်ယောက်စလုံး လည်း ဖြစ်စေရမယ်။

နှစ်ယောက်စလုံးဟာလည်း တစ်ယောက်တည်းပဲ ဖြစ်နေရမယ်။ သိပ်ပြီး ညှိယူစရာမလိုအပ်တဲ့ အဲဒီယုံကြည်ချက်ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ကို အတူပေါင်းစပ်ပြီး ကာကွယ်ထားလိုက်မယ်ဆိုရင် တော…
ယောဂနတ်ဆိုးတွေ ကိုယ်တို့နှလုံးသားအရိပ်ကို နင်းလို့ရမှ…
မဟုတ်ပါဘူး ဝသုန်။

မင်းနဲ့ကိုယ် ညီညွတ်ကြမှဖြစ်မယ်ကွာ။

"ကိုကြီး ရောက်နေပြီလား"

"အင်း"

"ဘာစားပြီးပြီလဲ"

"လက်ဖက်ရည်သောက်ပြီးပြီ"

"ရွှေရွှေ ဘာမှမစားခဲ့ရသေးဘူး၊ လာလေ တစ်နေ…
သွားစားရအောင်"

"တော်ပါပြီကွာ"

"လာပါ ကိုကြီးရဲ့၊ မနေ့က ကိုသော်တို့အုပ်စု ငွေလာရှင်း…
သွားတယ်၊ ရွှေရွှေကျွေးမှာပါ၊ လာပါ ချယ်ရီ အခန်းစော…
လိမ့်မယ်"

စားချင်သောက်ချင်စိတ်များ ဘယ်လိုပျောက်သွားပြီလဲ…
မသိတဲ့အချိန် ရွှေရွှေရဲ့ ဖိတ်ခေါ်မှုကို သူ ဘယ်လို လိုက်လျော…





…ညီလဲ။

ချစ်သူ့မျက်နှာကို မြင်ချင်စိတ်က ကျွန်တဲ့အာရုံမှန်သမျှ
…ကို ဝေဝါးနေစေခဲ့တာ။

"မစားချင်လို့ပါ ရွှေရွှေရာ၊ ချယ်ရီနဲ့ သွားကြပေါ့၊
…ကိုယ် စောင့်နေမယ်"

"ဟင့်အင်း၊ ရတယ်၊ ချယ်ရီ စားခဲ့ပြီးပြီ၊ မဆာဘူး၊
…မှာ ချိန်းထားတာလဲ ရှိတယ်၊ ဒီမနက် လာယူမှာမို့ မလိုက်
…တော့ဘူး"

"ကဲပါ မစားချင်လဲ အဖော်တော့ လိုက်ပေးပါ၊ အအေး
…သောက်ရင်း စောင့်နေပေါ့"

သက်ပြင်းချရင်း ထလိုက်ရတယ်။

ဒီလောက်တော့ အပန်းမကြီးပါဘူးလေ။ ဒီလိုနဲ့ပဲ ရွှေဘုံ
…သာလမ်း ရောက်လာတယ်။ ရွှေရွှေက J' Donusကိုဝင်တယ်။

မုန့်နဲ့ အအေး ယူတယ်။

မျက်နှာချင်းဆိုင် ထိုင်တယ်။

ပြီးတော့…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ဘာဖြစ်နေတာလဲ" တဲ့။

"ဘာဖြစ်နေလို့လဲ"

"မျက်နှာက လန်းမှုမလန်းဘဲ၊ ဘဝတွေ စိတ်ညစ်နေတာ ကိုကြီး၊ ရွှေရွှေကို ပြောပြပါလား၊ ရွှေရွှေ ကူညီနိုင်တာဆို ကူညီမှာပေါ့၊ ရွှေရွှေက ကိုကြီးကို နဲ့ဆိုးဆိုးလို့ရလို့ ဆိုး တာပါ၊ ကိုကြီးကို တကယ်သံယောဇဉ် ရှိပါတယ် ကိုကြီး ပြောစမ်းပါ. ကိုကြီး ဘာတွေဖြစ်နေသလဲလို့"

ဖွင့်ပြောရကောင်းနိုး တွေးနေဆဲမှာပဲ မေရှေ့မျက်နှာ ချွတ်ခနဲ မြင်လိုက်တယ်။ မေမေ့အပေါ် သူ ရိုးသားမိလို့ ကြည်မိလို့ ပြဿနာတစ်ခု ပေလုဆဲဆဲမှာ နောက်ထပ်တစ်ယောက် ကို ထပ်ပြီး ရိုးသားစွာ ယုံကြည်ဖို့ မသင့်တော့ဘူးထင်တယ်

ပြီးတော့ ရွှေရွှေက မေမေ့လှ။

ဒီကိစ္စ သူ့ကို အစ်နေတာဖြစ်နိုင်တယ်၊ ခုလို တစ်ယောက်တည်း အပြင်ထွက်လာတာကိုပဲ ကြည့်တော့

သူ ခေါင်းယမ်းပြလိုက်တယ်။

"ဘာမှမဖြစ်ပါဘူး ရွှေရွှေရာ၊ မနေ့ညက မေ





နေပါသွားပြီ၊ ခရီးပန်းလာတယ် ထင်ပါရဲ့၊ ညည်းစီစီနဲ့ မူး ဝေက်နောက် ဖြစ်နေတာပါ"

"ဪ... ဒါဖြင့် ညကပန်းချီခန်းကို မသွားလိုက်ရဘူး ပေါ့"

ထင်ခနဲ။

ရွှေရွှေ မရိုးသားတာ သေချာနေပြီ။

"ကိုးနာရီမှ အိမ်ပြန်ရောက်တယ်လေ၊ ဟာ... ရွှေရွှေ တာ ခဏ ကိုယ်မေ့သွားလို့၊ သုံးဆယ်တစ်လမ်းကို တော သွားစရာရှိတယ်၊ ရွှေရွှေ ပြန်နှင့်နော်"

အတားအဆီးကိုမစောင့်ဘဲ ကမန်းကတန်း ပြေးထွက်လာ တော့ ရွှေရွှေ မျက်မရဲ့ ဒေါသဖြစ်ကျန်ခဲ့မှာ သေချာတယ်။ မ်းပေါ်ရောက်တော့ တက်စီတစ်စီးကို ငှားတယ်။ ဒီအချိန် ချန် ပြန်ရောက်နိုင်တာပဲ။ ဝသုန့်အခန်းရှေ့မှာ ထိုင်စောင့်နေတာ တာ သူ့အတွက် အကောင်းဆုံးအခြေကို ရလိမ့်မယ်လေ။

ဆယ်နာရီတောင် ထိုးပြီးနေပြီ။

ကားပေါ်မှာ ထိုင်နေရင်းက ရင်ခုန်နေရတဲ့ ကိုကိုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကိုယ်ကိုယ်တိုင် အံ့သြနေရတော့တယ်။

ဝသုန်ကို တွေ့ပါရစေ။

* * *

"ဟင်... ကိုပစ္စုန်"

"ဝမ်းသာလိုက်တာ ဝသုန်ရယ်၊ ကိုယ် တစ်လမ်းလုံး ဆုတောင်းလာတာ၊ ဝသုန်နဲ့ တွေ့ပါရစေလို့"

"အင်း ထိုင်ပါဦး၊ ဘယ်လိုဖြစ်လို့ ဒီလောက် မောပန်းလာတာလဲ၊ ပြေးလာတာ ကျနေရော"

"စိတ်ကပြေးလာနေတာပဲ ဝသုန်၊ လူကသာ ကားပေါ်ထိုင်လာတာ၊ ဝသုန် မနက်က ဘယ်သွားတာလဲဟင်"

"ဘုရားသွားတာပါ၊ ဘုရားမှာ သစ္စာသွားပြုတာ၊ ပြန်ရောက်တော့ ကိုပစ္စုန်လာသွားတယ်လို့ ပြောကြပါတယ်"

"ဟုတ်တယ်၊ မနေ့ညက ကိုယ်စိုးလွန်သွားတဲ့အကြောင်း လာပြောတာ"

"ဘယ်သွားလို့လဲ"





"မေမေနဲ့ ပဲခူးကိုပါသွားတာ ဝသုန်၊ အစကတော့ နိုးနိုးပဲလို့ထင်တာ၊ ဒါပေမဲ့ ဒီမနက်ကျတော့ ဒါဟာမရိုးသားဘူးလို့ ခိုင်မိသွားတယ်၊ ဝသုန့်ကို ကိုယ် ပြောချင်တာ ပြောပါရစေကွာ"

"ပြောပါ ကိုပစ္စုန်၊ ခြော်... ခဏလေး"

ဝသုန် အခန်းထဲဝင်သွားပြီး ပြန်ထွက်လာတော့ ထင်တဲ့ အတိုင်း လက်ထဲမှာ ငွေထုပ်။

"ဒါ ကိုပစ္စုန်စိုက်ထားတဲ့ ပိုက်ဆံတွေပါ၊ ပြန်ရတာ အဆင်ပြေတယ် သိလား၊ ငွေလဲ ရတယ်၊ စိတ်ကသိကအောင့် ဖြစ်ရတာလဲ ခုတော့ ချစ်စိတ်နဲ့ ဖြေလိုက်ပါပြီ ကိုပစ္စုန်ရယ်"

ချစ်ရသူရဲ့ လက်ဖဝါးကို ဆွဲယူလိုက်ရင်း...

"အရမ်းဝမ်းသာပါတယ် ဝသုန်" လို့ ပြောလိုက်မိတယ်။

ဟုတ်တယ်၊ အဲဒီလို နားလည်မှုတွေနဲ့ တည်ဆောက်မှ ကိုယ်တို့ အိမ်ကလေး နိုင်မာမှာပေါ့ ဝသုန်ရယ်။

"ရေရှည်ကိုလဲ ဘယ်လိုအကြောင်းကြောင်းတွေအပေါ်မှာ ဖြစ်ဖြစ် ချစ်စိတ်နဲ့ ဝသုန် နားလည်ပေးစေချင်တယ်"

"ဘယ်လိုအကြောင်းကြောင်းတွေ ပေါ်လာနိုင်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုပစ္စုန်၊ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား၊ ကိုကို တင်တင် သိထားရင် ကာကွယ်နိုင်တာပေါ့"

အချစ်နဲ့ဘဝကို မရောယှက်စေတမ်းလို့ ဝသုန်ကို ကိုယ် ပြောမိခဲ့ဖူးတယ်။ လက်ရှိဘဝတွေဟာ တစ်ချိန်မှာ စွန့်လွှတ်ပစ် ရမယ့်ဘဝတွေလို့လည်း ခံယူခဲ့မိဖူးတယ်။ ဒါကလည်း ဘဝသစ် တစ်ခုကို ရည်ရွယ်ပြီး ကိုယ်လက်ခံထားခဲ့တဲ့အချက်ပါ၊ ဒါပေမဲ့ အဲဒီဘဝသစ်ကို တည်ဆောက်တဲ့နေရာမှာ လက်ရှိဘဝဆိုတာဟာ အရေးပါတဲ့ အုတ်မြစ်ပဲ။ ဒါကို ကိုယ်သတိမမူမိခဲ့ဘူးလေ။ လက်ရှိဘဝဟာ ဘဝသစ်တည်ဆောက်ရေးအတွက် အနှောင့် အယှက်လည်း ဖြစ်နိုင်သေးတယ်။

ဒီတော့ လက်ရှိဘဝဆိုတာကို ချစ်သူသိထားနားလည်ထား နို့ လိုတယ်။ ဝသုန် မေးခဲ့ဖူးပါတယ်။ ဘဝနှစ်ခု ပေါင်းစပ် ယှဉ်တွဲဖို့ ရည်ရွယ်တယ်ဆိုရင် အဲဒီဘဝတစ်ခုချင်းစီရဲ့ အခြေအနေ မှန်ကို သိထားဖို့ မလိုဘူးလားတဲ့လေ။ ဟုတ်တယ် လိုပါတယ် ဝသုန်ရေ၊ လိုပါတယ်။

"ဝသုန်"





"ဟုတ်ကဲ့"

"ကိုယ့်ကို ချစ်တယ်နော်"

"မေးဖို့ မလိုတော့ဘူးဆို"

"မေးပါရစေ ဝသုန်၊ ဖြေပါကွာ"

"ဟုတ်ကဲ့၊ တစ်သက်မှာ ဒီတစ်ခါပဲ ဒီလူတစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးပါတယ် ကိုပစ္စုန်"

"ကိုယ့်အချစ်ကိုရော ယုံရဲ့လား"

"သံသယမရှိပါဘူး"

"ဒါဆို ကိုယ်ပြောမယ်နော်၊ ကိုယ့်ရဲ့လက်ရှိအနေအထား ကိုပေါ့"

"သိချင်ပါတယ် ကိုပစ္စုန်၊ ပြောသင့်တာကြာပြီ"

"အင်း ကိုယ့်မှာ မောင်နှမသုံးယောက်ရှိတယ်၊ ကိုယ်က အကြီးဆုံး၊ ကိုယ့်မေမေက ပုဂ္ဂလိကဘဏ်တစ်ခုရဲ့ ရှယ်ယာဝင် ဒါရိုက်တာတစ်ယောက်၊ မေမေက စီးပွားရေးလုပ်ငန်းတွေရဲ့ အကျိုးဆောင်၊ ညီမလေးက ကျောင်းတက်တုန်း၊ ကိုယ်ညီက အိမ်ထောင်ကျပြီး ပုံနှိပ်စက်လုပ်ငန်းလုပ်တယ်၊ ကိုယ်က ကွန်ပျူ



www.burmeseclassic.com

www.burmeseclassic.com



တာ ဒီနိုင်းနဲ့ ဝန်းရှိခဲ့တယ်"

"အင်း အဲဒါ ဦးလေးကျော် ပြောပြဖူးတယ်"

"ဆက်ပြောမှာက ကိုယ့်တစ်ယောက်တည်းရဲ့အကြောင်းပါ၊ ကိုယ် ဘွဲ့ရပြီးပြီ၊ မေမေက ကုမ္ပဏီလုပ်ငန်း လုပ်စေချင်တယ်၊ ဒါပေမဲ့ ကိုယ်က အနုပညာကို ဝါသနာကြီးတယ်၊ ချစ်တယ်၊ အနုပညာနဲ့ ရင်းနှီးချင်တယ်၊ ဒါကြောင့်ဒီအလုပ်ကို ကိုယ် ရွေးခဲ့တယ်၊ မေမေနဲ့ သိပ်သဟဇာတ မဖြစ်ပေမဲ့ မေမေကတော့ ကိုယ့်ဆန္ဒအတိုင်း ခွင့်ပြုပံ့ပိုးပေးခဲ့တယ်၊ ကွန်ပျူတာစနစ်မှာ ကိုယ်နဲ့အတူတွဲလုပ်တဲ့ မိန်းကလေးတွေက မေမေ့သူငယ်ချင်းတွေရဲ့ သမီးတွေပဲ။ တစ်ယောက်က ရွှေရွှေ၊ တစ်ယောက်က ချယ်ရီ"

"ရွှေရွှေ ဟုတ်လား၊ ကိုပစ္စုန်"

"ဟုတ်တယ်၊ ဝသုန့်စာအုပ်ကို စာစီပေးတဲ့ ကောင်မလေးပေါ့၊ သူက မေမေနဲ့ ရင်းနှီးတယ်"

"နေဦးနော်၊ ကိုပစ္စုန်ပြောပြမယ့် ကိုပစ္စုန်ရဲ့ဘဝအကြောင်းတွေ ကျွန်မ ဆက်နားထောင်ပါ့မယ်၊ ကျွန်မကို အဲဒါတွေပြောဖို့





အချိန်အများကြီး ရှိတယ်၊ ဒါပေမဲ့ အခု ကျွန်မပြေပြေလည့်ကိုရွှတစ်ခုက အချိန်ကပ်နေပြီ ကိုပစ္စုန်၊ ရော ဒီမှာ"

ဝသုန်က အံဆွဲထဲကိုလက်နှိုက်ပြီး စာတစ်စောင် လှမ်းပေးလိုက်တယ်။

စာဖတ်လိုက်တဲ့အချိန်မှာ ဒေါသ ထောင်းခနဲ။

"တောက်"

"ဒေါသမကြီးပါနဲ့ ကိုပစ္စုန်၊ ဒါမျိုးဖြစ်တတ်ပါတယ်၊ ကျွန်မသိချင်တာက အဲဒီကိုသွားရင် ကျွန်မ ဘာဖြစ်နိုင်သလဲ"

"မသွားနဲ့ ဝသုန်"

"အို မသွားလို့ဘယ်ဖြစ်ပါ့မလဲ။ ရွှေရွှေဆိုတဲ့ ကောင်မလေးက တွေ့ချင်တာဆိုရင်သာ ကျွန်မ သွားသင့်၊ မသွားသင့် ဥာဏ်စားရမှာ၊ ခုဟာက ကိုပစ္စုန်ရဲ့ မေမေပါ ခေါ်နေမှာဆိုတော့ မသွားလို့ မဖြစ်ဘူးလေ"

"ဒါ သက်သက်ကြံစည်တာ၊ ကိုယ်ကို့တမင် ပဲရှားခေါ်သွားပြီး ဝသုန်နဲ့ မတွေ့အောင်လုပ်၊ ဒီကြားထဲ သူတို့က ဝသုန်နဲ့ကို တွေ့ပြီး ပြောကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြမယ်ဆိုတာ ဘာပြောကြမှာလဲ"

"အဲဒါ ကိုယ် စဉ်းစားကြည့်မယ်၊ မိန်းကလေးတစ်ယောက်ကို မှိုရိုးဖွေ့ချစ်ချိုး ပြောရလောက်အောင်တော့ မေမေ မရိုင်းလောက်ဘူး ထင်ပါတယ်၊ မေမေ သိချင်တာ ငွေရေးကြေးရေးကိစ္စလားလို့၊ ဘာလို့ဆို ကိုရှောကို မေမေက ဒီရက်ပိုင်း ကိုယ် ငွေတွေ ပြန်သိမ်းနေတဲ့အကြောင်း စပ်စုသွားတယ်ဆိုတာ သိရတယ်၊ ဝသုန့် စာအုပ်အကြောင်း မေးမယ်ထင်တယ်"

"ဒါဆို ဘယ်လိုပြောရမလဲ"

"ပိုက်ဆံပေးပြီး အပ်တာလို့ ပြောပေါ့ ဝသုန်၊ ငွေစာရင်းတွေ ဝသုန့်မှာ ရှိတာပဲ၊ ကိုယ့်ကို မေးလဲ ဒီအတိုင်းဖြေမှာပဲ၊ အခု ဝသုန် ဒီပိုက်ဆံတွေ ပြန်ပေးလိုက်နိုင်တာ ကောင်းတယ်၊ ကိုယ် ဘာမှမလုပ်တဲ့အကြောင်း ပြနိုင်တာပေါ့"

"နေဦး၊ ဒီငွေစာရင်းတွေက အမှန်တွေ ဟုတ်ရဲ့လား၊ လျှော့ရေးထားတာဆိုရင် သေသေချာချာ လိုက်စစ်တဲ့အခါ ပေါ်သွားလိမ့်မယ်"

သိပ်တော်တဲ့ ဝသုန်ပါပဲ။



ဒီအချက်ဟာ ပျော့ကွက်တစ်ခု ဖြစ်သွားနိုင်တာပေါ့။ ဖက်တာက ဘောက်ချာတွေ လိုက်ဖြတ်ပေးရို့ အချိန်ရမှ ရပါ့မလားဆိုတဲ့ အချက်ပဲ။

ကွန်ပျူတာစာစီခကို သူကြိုပေးခဲ့တာကအစ ရှေးရှေး ရိုပ်မိသွားနိုင်တဲ့အချက်တွေ။

"အချိန်သိပ်ကပ်နေပြီ၊ လာကွာ၊ ကိုယ်တို့ထွက်ကြရအောင်၊ ကားငှားသွားရင် အချိန်မီမှာပါ၊ ပုံနှိပ်တိုက်သွားမယ်၊ ဘောက်ချာသွားဖြတ်မယ်၊ စက္ကူဆိုင်ဘောက်ချာကတော့ ကိုယ့်ဆီမှာရှိတယ်၊ ကွန်ပျူတာခန်းကို နောက်ဆုံးဝင်မယ်၊ ရှေးရှေးရှိတော့မှာ မဟုတ်ပါဘူး။ မေမေ လာခေါ်သွားလောက်ပါပြီ၊ ကိုယ့်ဘောက်ချာအတွက်တော့ မပူနဲ့၊ ကဲ ထ ဝသုန်၊ သွားရအောင်နော်၊ မေမေနဲ့ တွေ့ရင်လဲ ခပ်တည်တည်သာ ပြောလိုက်ပါ၊ မေမေက ဝသုန့်ဆိုင်မှာ ကိုယ်ကူပေးခဲ့ဖူးတယ်ဆိုတာ သိတယ်၊ ကိုယ်က သူငယ်ချင်းမိန်းကလေးလို့ပဲ ပြောထားရသေးတယ်"

"ကိုပစ္စုန်မေမေက ကျွန်မ စုလိုတစ်ယောက်တည်းနေတဲ့ ဘဝကို သဘောတွေ့မယ် မထင်ဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်က သိပ်တော်တယ်၊ ဒါအမှန်ပဲ၊ ဒါပေမဲ့ ဒါကို ကိုယ်ကရုမစိုက်ပါဘူး၊ အခုဟာက ငွေကြေးကိစ္စမို့ ဝသုန့်အပေါ် အထင်မလွဲစေချင်တာပါ"

"အဟင်း.... စိတ်ကို ကျွန်မ အတည်ငြိမ်ဆုံး ရင်ဆိုင်ပါ့မယ် ကိုဝဏ္ဏ၊ မေဝသုန်ပါ၊ သိတယ် မဟုတ်လား"

"သိပါတယ်ဗျာ၊ သိပါတယ်၊ အောင်မြင်ပါစေ"

ရင်မောလိုက်တာ ဝသုန်ရယ်။

• • •

# အခန်း (၇)

ကျွန်မက အချစ်နဲ့ပတ်သက်လာရင် အစွန်းအထင်း မစံချင်ဘူး။

လက်မရှောင်ချင်ဘူး။

လက်လည်း မရွံ့ဘူး။

အချစ်ကို ရွှန်းပေလာမယ်

အချစ်ကို ထိပါးလာမယ်

အချစ်အပေါ် ကျရောက်လာမယ်

ဘယ်လိုမသမာမှုမျိုး၊ နှောင့်ယှက်မှုမျိုးကိုမှ သည်းသည်းခံနေလိမ့်မယ် မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို အနိုင်အမာတည်ဆောက်နေတဲ့အချိန်မှာ သူ့အပေါ် ကိုယ့်အပေါ် အပြန်အလှန် ယုံကြည်မှုလေးလည်းမှုတွေရှိပါမှ ပိုပြီး တွင်ကျယ်နိုင်မယ်လေ။

ဒီလိုအချိန်မှာ...

သူ့အပေါ်၊ ကိုယ့်အပေါ် အမြင်တွေရှင်းနေပါမှ သံသယမယုံသင်္ကာရန့်တွေ ကင်းနေပါမှ...

အချိုက်ကာစ ပြဿနာမီးလောင်အဖြစ်ဆိုးမျိုးကို ရှောင်ကွင်းနိုင်မယ်လေ။

ယုံမှားသံသယ လုံးလုံးမရှိကြမှ စိတ်ချရမယ့်အနေအထားမျိုးမှာ မလိုလားအပ်တဲ့ လောင်စာတစ်မျိုးနဲ့တွေ့တဲ့ အချိုက်တစ်ခုကြောင့် အချစ်ပြဿနာတစ်ဆောင်လုံး မီးလောင်ခံလိုက်ရမယ့်အဖြစ်တော့ ဘယ်မှာအရောက်ခံလို့ ဖြစ်ပါ့မလဲ။

ဒါကြောင့်...

ကျွန်မ သူ့ကို သံသယမဝင်ပါဘူး။ သူလည်း ကျွန်မအပေါ် သံသယကင်းစေချင်တယ်။

ဒီတော့...





ကျွန်မဘဝကိုကျွန်မ လုံခြုံအောင်ကာကွယ်ရမယ်။ ကျွန်မရဲ့ ဖြူစင်သန့်ရှင်းတဲ့အချစ်ကို ဖြတ်ဖြတ်သားသား ရဲရဲရင့်ရင့် ဖွင့်ပြရမယ်။

ဒီအချိန်ဟာ...

ကျွန်မ တစ်ဘဝလုံးနှစ်ပြီး အချစ်ကို စိတ်ပါလက်ပါ တည်ဆောက်ရမယ့်အချိန်ဖြစ်တယ်။

ကျွန်မ ယုံကြည်ရင် ယုံကြည်သလောက်

ကျွန်မ မျှော်လင့်ရင် မျှော်လင့်သလောက်

ကျွန်မ ရင်းနှီးရင် ရင်းနှီးသလောက် ပေါက်မြောက်ပုံပေါ်လာမယ့် အချစ်တည်ဆောက်ရေးလုပ်ငန်းခွင်မှာ 'အန္တရာယ်ကင်းရှင်းရေး ဦးစားပေး' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အလေးအနက် ဆောင်ရွက်ရမယ်။

လုပ်ငန်းခွင်မှာ အန္တရာယ်ကင်းရှင်းပါမှ တည်ဆောက်မှုအပိုင်းမှာ ပိုပြီး လွယ်ကူချောမွေ့မှာဖြစ်တဲ့အတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ဘယ်လိုအကြောင်းခြင်းရာမျိုးကိုမှ ကျွန်မ လက်သင့်ခံလို့ မဖြစ်နိုင်ဘူး။

ဘာလို့ဆို...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကိုချစ်လို့ပဲ။

စင်ထရယ်လ်ထဲကို ဝင်လိုက်တယ်။

မျက်လုံးကို ဝေ့ကြည့်လိုက်တယ်။

စားပွဲတွေမှာ လူတွေရှိနေပေမဲ့ အဲဒီနှစ်ယောက်ကိုတော့ ကျွန်မမြင်ပါတယ်။ အရှယ်ကိုကြည့်ကြည့် အဆင့်အတန်းကို ကြည့်ကြည့် သိနိုင်သလို ရွှေးရွှေးဆိုတာ ကျွန်မ မြင်ဖူးတဲ့မျက်နှာ ရှင်ပဲ။

အဲဒီစားပွဲကို တန်းတန်းမတ်မတ် ကျွန်မ လျှောက်သွားခဲ့တယ်။ ကျွန်မမှာ ပါလာတဲ့ အင်အားတွေကတော့ အချစ်၊ မာန၊ ယုံကြည်မှုနဲ့ သိက္ခာပါပဲ။

"ကျွန်မ မေဝသုန်ပါ"

"အေး အေး၊ ထိုင်ပါ သမီး ထိုင်ပါ"

ကိုပဇ္ဖွန်ရဲ့မေမေက ကျွန်မကို သမီးလို့ ခေါ်လိုက်တော့ ရင်ထဲမှာ လှိုင်းခတ်သွားတယ်။

ကျွန်မ ဝင်ထိုင်လိုက်တယ်။

"ကျွန်မနဲ့ တွေ့ချင်တယ်ဆိုတာ ဘာများလဲ"

"ထိုင်ပါဦးလေ၊ ကော်ဖီသောက်ပါ"





ရွှေးရွှေးက ကော်ဖီလှမ်းမှာတယ်၊ သူ့မေမေကတော့ ကျွန်မကို အကဲခတ်နေလေရဲ့။ ကျွန်မ တည်တည်ငြိမ်ငြိမ်ပဲ ထိုင်နေဖြစ်တယ်။

ခဏကြာတော့…

"သမီးစာအုပ်ကလေး အန်တီ့သားက စီစဉ်ပေးတယ်ဆို၊ အဆင်ပြေရဲ့လား" တဲ့။

"ဟုတ်ကဲ့၊ ပြေပါတယ်"

"သားနဲ့ ရှယ်ယာလုပ်ကြတာလား"

"မဟုတ်ပါဘူး၊ ကျွန်မငွေနဲ့ ကျွန်မလုပ်တာပါ၊ ကိုပဇ္ဖွန်က သိတာမကြာသေးပါဘူး၊ အဲဒီစာအုပ်အတွက် အလုပ်အပ်ရင်း သိကြတာပါ"

"ဪ… သမီးမိဘတွေက ရင်းနှီးပေးတာပေါ့"

"ဆုံးသွားတဲ့ အဒေါ်ဆီက ရလိုက်တဲ့အမွေနဲ့ လုပ်တာပါ အန်တီ၊ ဘာပြဿနာရှိလို့လဲ၊ ကျွန်မ ကိုပဇ္ဖွန်ကို ငွေ အားလုံး ရှင်းပေးပြီးသားပါ၊ ဒီမှာ ဘောင်ချာတွေ ရှိပါတယ်"

"နေ နေ ရပါတယ်ကွယ်"

ကျွန်မ ထုတ်လိုက်တဲ့ ဘောင်ချာတွေကို သူ့မေမေက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဟန် လုံးဝမပြပေမဲ့ ရွှေရွှေကတော့ 'တောလေက
ဆိုပြီး လိုက်ကြည့်နေတယ်။

တကယ်ဆိုရင် ဒီအစွင့်အရေးကို ကျွန်မ ပေးလိုက်
မသင့်ပါဘူး။ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာလုပ်ငန်းကိစ္စတွေ
ဘာမှ ဘယ်သူမှ ပတ်သက်စူးစမ်းစရာ မလိုပါဘူး၊ ဒါပေမဲ့
ချစ်သူရဲ့မိခင်ဆိုတဲ့အသိကြောင့် ကျွန်မ စိတ်ကို ပြေလျှော့ထား
လိုက်ပါတယ်။

ကော်ဖီခွက်ကို လှမ်းယူမော့သောက်လိုက်ရင်း...

"ကျွန်မမှာ မိဘတွေရှိပါတယ် အန်တီ၊ အိမ်ထောင်ရေး
အဆင်မပြေလို့ တကွဲတပြားစီ ဖြစ်နေတာပါ၊ အမေက နိုင်ငံခြား
မှာပါ၊ ကျွန်မကို ခေါ်ပေမဲ့ လိုက်မသွားဖြစ်ခဲ့ပါဘူး၊ အမေယူထား
တဲ့ နိုင်ငံခြားသူကို ကျွန်မ အမေမတော်နိုင်လို့ပါ။ အမေကလဲ
အဖေ ပစ်သွားပြီးနောက် အိမ်ထောင်ပြုလိုက်ပါတယ်၊ ကျွန်မ
အဒေါ်နဲ့ ကြီးခဲ့ပါတယ်၊ အဒေါ်ဆုံးသွားတာ လပိုင်းပဲ ရှိပါသေး
တယ်၊ အိမ်မှာ စာအုပ်အငှားဆိုင် ဖွင့်ထားပါတယ်၊ အဒေါ်က
အမွေကြီးဆိုတော့ သူထားရစ်ခဲ့သမျှ ကျွန်မ ရလိုက်ပါတယ်
ဒါလေးနဲ့တိုးပွားအောင် ကျွန်မကြိုးစားပြီး ဒီလုပ်ငန်းကို စလုပ်





တာပါ၊ ကိုပစ္စုန်က အများကြီးကူညီပါတယ်၊ ကျွန်မ နေမကောင်း
တဲ့အချိန် ဆိုင်လာထိုင်ပေးတယ်၊ ကျွန်မ စာအုပ်ကလေး ဖြစ်
မြောက်အောင် လုပ်ပေးတယ်၊ ပြီးတော့ သူက ကျွန်မရဲ့ ဘဝနဲ့
နေကိုနားလည်ပေးတယ်၊ ကျွန်မကို စေတနာကလွဲပြီး ငွေကြေး
ကူညီလို့မရနိုင်မှန်းသိတယ်၊ ဒါကြောင့် သူလုပ်ပေးနိုင်တဲ့
အကူအညီတွေနဲ့ ကျွန်မကို လမ်းညွှန်ပေးခဲ့တာပါ၊ သိပ်ကျေးဇူး
တင်ရပါတယ်အန်တီ၊ အန်တီ့ကိုလဲ ကိုပစ္စုန်ရဲ့မေမေမို့ တွေ့ရ
တာ ဝမ်းသာပါတယ်"

ကျွန်မစကားကြောင့် ရွှေရွှေတစ်ယောက် အခံရခက်သွား
ယ်ဆိုတာ သိလိုက်တယ်။

ကျွန်မကလည်း တမင်ပြောလိုက်တာပဲလေ။

ဟုတ်တာပေါ့။

ဒါမျိုးဆိုတာ ဝေမျှလို့ရတာမှမဟုတ်ဘဲ။

"အင်း ဟုတ်တယ်၊ သားက လူတကာကို အဲသလို
ကူညီချင်တတ်တယ်၊ ကျေးဇူးသိတတ်တဲ့ သူ့တွေနဲ့ သိပ်မတွေ့ရ
ဘူးကွယ်၊ အောင်မြင်သွားတဲ့အခါ သူ့ကို လှည့်မကြည့်ကြတော့
တာ များပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး…။

သာသာလေးနဲ့ပြောသွားတဲ့ သူ့မေမေရဲ့စကား။ ကျွန်[illegible] နားထဲကို ခါးသက်စွာစီးဆင်းလာတယ်။ မာနတွေလည်း ရှ[illegible] ထွက်လာပါရော။

"ဟုတ်လား၊ ကျေးဇူးဆပ်ချင်လို့တယ်ဆိုရင်တော့ ကိုပ[illegible] ကံဆိုးတာပဲ၊ ကျွန်မကတော့ သူ့ကို ကျေးဇူးပြန်ဆပ်နိုင်[illegible] မဟုတ်ဘူး၊ ကျေးဇူးတင်ဖို့ပဲ တတ်နိုင်မှာ"

သိတယ်၊ သိတယ်။

သူတို့မျက်နှာတွေ တင်းမာသွားမယ်ဆိုတာ။

ကျွန်မ ဆက်ပြောချလိုက်တယ်။

"ကျွန်မ နားလည်ထားတာကတော့ မြှူစင်တဲ့ စေတန[illegible] ကူညီတဲ့သူတွေအတွက် ကျေးဇူးဆိုတာ မလိုအပ်တဲ့ အပိုပစ္စည[illegible] ပဲလို့"

"စကားပြောတာဆင်ခြင်ပါ မေသုန်၊ အတန်တဲ့က လူ[illegible] တစ်ယောက်ပါ၊ မင်း မရိုင်းပါနဲ့"

သူ ဝင်လာပြီ။

ဒါ ကျွန်မ မျှော်လင့်ထားတဲ့အကွက်ပဲ။





"ဒီကိုလာတာ မင်းနဲ့တွေ့ဖို့၊ စကားပြောဖို့ မဟုတ်ဘူး ရွှေရွှေ၊ ကိုပစ္စုန်ရဲ့ မေမေနဲ့ လာတွေ့တာ၊ ဒီလိုလာတွေ့တာ ကလဲ ကိုယ့်ကို ဖိနှိပ်ဆော်ကားခံဖို့ မဟုတ်ဘူး၊ မေသုန်ဆိုတာ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နေတဲ့ မိန်းမတစ်ယောက်ပဲ၊ ဘယ်လိုယောက်ျားတစ်ယောက်ကိုမှ အားကိုးမယ့်သူ မဟုတ်ဘူး၊ ခွင့်လွှတ်ပါအန်တီ၊ ကျွန်မ ရိုင်းသွားတယ်ဆိုရင် တောင်းပန်ပါတယ်၊ ကျွန်မ အန်တီ့ကို တစ်ခုပြောခွင့်ပြုပါ"

သူ့အဖြေကို စောင့်လိုက်တယ်၊

ရှုရှုရှဲရှဲဖြစ်နေတဲ့ ရွှေရွှေကို ဥပေက္ခာပြုလိုက်တယ်။

"အင်း ပြောပါ"

"ကျွန်မမှာ အရိပ်၊ အမိုး၊ အကာအကွယ် မြှုစရာဆိုလို့ ကျွန်မရဲ့မာနဲ့ သိက္ခာတရားပဲ ရှိပါတယ် အန်တီ၊ အဲဒါကိုတော့ ကျွန်မ ဘယ်တော့မှထိပါးခံမှာမဟုတ်ပါဘူး၊ နောက်ပြီး ကျွန်မ ရဲ့ဘဝကို တည်ဆောက်တဲ့နေရာမှာ အားပေးဖော်ကိုသာ ရှာမိ ချင်ရှာမိမယ်၊ အားကိုးဖော်ဘယ်တော့မှ မရှာဘူးလို့ သန္နိ[illegible] ထားတယ်ဆိုတာ အန်တီ့ကို အသိပေးပါရစေ"

သူ့မေမေက တည်ငြိမ်သားပဲ။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝစိတ်လျှော့ရွားဟန်မပြဘူး။

မျက်နှာပေါ်မှာ ဘယ်လိုခံစားမှုမှ ပုံမပေါ်လာတာအပြင် ဟန်ဆောင်ကောင်းတယ်လို့ပဲ ဆိုရမလား။

ဒါပေမဲ့...။

"အင်းပေါ့လေ၊ မိဘရဲ့ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းခဲ့ရမှတော့ ဒီလောက်တော့ ရှိမှာပေါ့"

သိပ်လှပတဲ့စကားတစ်ခွန်းနဲ့ ကျွန်မကို ထိုးနက်ချလိုက်ပုံက ညင်ညင်သာသာကလေးပါလား။

ကျွန်မ ငိုချပစ်လိုက်ချင်စိတ်တွေ တလိပ်လိပ်တက်လာတယ်။ ကိုယ့်စွန့်ရေ ရှင့်ကိုချစ်မိတဲ့ကျွန်မ အလူးအလဲ ခံလိုက်ရပါပေါ့လား။

ကျွန်မ စိတ်ထိန်းချုပ်တောင်းလိုက်တယ်။

"ကျွန်မ ပြန်ခွင့်ရှိရင် ပြန်ပါရစေ"

"အေး အေး ပြန်ပါကွယ်၊ ပြန်ပါ"

ထိုင်ရာကထပြီး ကောင်တာကိုသွားတယ်။ ကျသင့်ငွေအားလုံးကိုရှင်းပြီး ကျွန်မ ထွက်ခဲ့တယ်။ စားပွဲထိုးက စွက်တွေ့သွားအသိမ်း ကျွန်မ လမ်းမပေါ်ရောက်ခဲ့တယ်။





ဒါပေမဲ့...။

ကျွန်မ အနိုင်မရခဲ့တာအမှန်ပါ။

• • •

"အဆင်ပြေခဲ့သလား ဝသုန်"

ကျွန်မကို သူ စောင့်နေတယ်။ ကျွန်မမျက်နှာကို အကဲခတ်နေလိုက်ပုံများ ကျွန်မမျက်နှာသာ သံလိုက်တစ်ခုဆိုရင် သူ့မျက်နှာမှာ ကပ်ပါသွားမတတ်အထိပဲ။

"ဝသုန့်ကို ဘာတွေများပြောလိုက်သလဲကွာ၊ ကိုယ် စိတ်ပူလိုက်တာ"

ကြည့်ပါဦး၊ မေဝသုန်ဆိုတဲ့ ခပ်မာမာမိန်းကလေး မျက်ရည်တွေ အိုင်ထွန်းလာလိုက်တာ၊ သူသာ ကျွန်မခေါင်းအုံးဖြစ်ခဲ့ရင် အတင်းမျက်နှာအပ်ပြီး ငိုချပစ်လိုက်မိမှာပဲ။

"ဝသုန်ရယ်၊ မငိုနဲ့နော်၊ ကိုယ် ဘာလုပ်ပေးရမလဲပြောပါ၊ ကိုယ် စိတ်မကောင်းဘူးကွာ၊ ဒါတွေဟာ ကိုယ့်ကြောင့်ဖြစ်ရတာ"

ကျွန်မ အံကြိတ်လိုက်တယ်။

ပြီးတော့ ခေါင်းမော့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုပန္နန်"

"ဟင်... ပြောလေ ဝသုန်"

"ကျွန်မတို့ လက်ထပ်ကြမယ်"

"ဟင်... ဝသုန်"

"ဟုတ်တယ်၊ ကျွန်မတို့ လက်ထပ်ကြရအောင်၊ ကျွန်မတို့ နှစ်ယောက်တစ်ဘဝ တည်ဆောက်ကြရအောင်၊ ကျွန်မရဲ့ လက်ရှိ ဘဝကို ကျွန်မ စွန့်လွှတ်မယ်၊ ကိုပန္နန်ရဲ့ လက်ရှိဘဝကို စွန့်လွှတ်ပစ်ရမယ်၊ အဲဒါ အခုချက်ချင်း ကျွန်မဖြစ်ချင်တဲ့ အကြောင်းပဲ"

သူ သက်ပြင်းချတယ်။

ပြီးတော့ တိုးတိုးပြောတယ်။

"စိတ်လိုက်မာန်ပါ ဆုံးဖြတ်ဘာဆိုရင် မှားတတ်တယ် ဝသုန်၊ ကိုယ်ကယောကျ်ားလေး၊ ကိုယ် သတ္တိရှိတယ်၊ စွန့်လွှတ် ရဲတယ်၊ ကိုယ် ဝသုန့်ကိုချစ်တယ်၊ ကိုယ့်ဘက်က အဆင်သင့် ဝသုန်၊ ဒါပေမဲ့ ဝသုန် သေသေချာချာ စဉ်းစားပါဦး"

"မစဉ်းစားတော့ဘူး၊ ကျွန်မ ကိုပန္နန်ကို ချစ်ကတည်းက လက်ထပ်ဖို့အထိ ရည်ရွယ်ထားပြီးသားပဲ၊ အချိန်စောသွားတာ





ရှိတာပါ၊ တစ်ခုတော့ ကတိပေးပါ၊ ကျွန်မလိုချင်တာ ကိုပန္နန်နောင် ဘဝအနှောင်အဖွဲ့မှ ပါမလာရဘူး"

"နေဦး၊ ဒါတော့ မဖြစ်ဘူးထင်တယ်၊ လက်ခံထားတဲ့ အလုပ်တွေတော့ ဖြတ်ခွင့်ပြုမှပေါ့၊ စိတ်ချ၊ ကိုယ့် အနုပညာနဲ့ ကိုယ့်အရည်အချင်းကလွဲပြီး ဝသုန့်ဘဝထဲကို ဘာလက်ရှိ့ပစ္စည်းမှ ယူမလာဘူး၊ ကျေနပ်လား"

"ရတယ်၊ ဒါဆို အိမ်မပြန်နဲ့တော့"

"ဘုရားရေ၊ တကယ်"

"တကယ်"

"ဟား... ဝမ်းသာလိုက်တာကွာ၊ ဒါဆို အခု ကိုယ်တို့ ဘယ်သွားကြမလဲ ပြော"

"ဟင်... ဒါတော့ သူကယောကျ်ားလေးပဲ၊ သူ့ဘာသာ စီစဉ်ပေါ့လို့၊ အိမ်မှာ သွားနေလို့တော့မဖြစ်ဘူး၊ ဒါပေမဲ့ ခဏတော့ အစားတော့ ပြန်ယူမယ်"

"ကောင်းပြီ၊ သွားမယ်၊ မေမေ အိမ်တော့ပြန်မရောက် လောက်သေးဘူး၊ ကိုယ့်အိမ်ကို အရင်သွားပြီး လိုတာလေးတွေ သွားယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာယူမှာလဲ၊ ပိုက်ဆံမလိုဘူးနော်"

"ကိုယ်ပန်းချီကား ရောင်းရတဲ့ပိုက်ဆံတော့ ယူပါရစေ ဝသုန်ရယ်၊ အိမ်က ဆင်ပေးထားတာဆိုရင် မှာရီတောင် မပတ်ပါဘူး။ ချွတ်ထားခဲ့ပါမယ်၊ ပိုက်ဆံမပါဘဲ ဘယ်သွားလို့ရမှာလဲကွ"

"သူများမှာ ရှိတယ်"

"ရှိလဲ ရှိပေါ့၊ ဝသုန်ပြောသလိုဆိုရင် ဝသုန်လဲ အားလုံးချွတ်ထားခဲ့"

"ဟုတ်တယ်၊ ဒါမှ အကုန်ပြောင်မှာ"

"ကဲ ထ၊ အချိန်ရှိနိုက်လုံ့လနိုက်ကြစို့၊ ပြီးမှ နိုက်မိတယ်လို့ မပြောနဲ့နော်၊ အဟား ဝမ်းသာလိုက်တာကွာ၊ မပျော်လင့်ဘဲ မိန်းမရတော့မယ်"

"ကြည့် ဘယ်လိုဖြစ်နေတာလဲ"

"ပျော်နေတာလေ၊ ပျော်နေတာ"

သူ့ကိုကြည့်ပြီး အပျော်တွေကူးစက်လာတယ်။

တေတေက မာနနဲ့ကျစ်ခဲ့ရတဲ့မျက်ရည်တွေကို နမြောသွားမိတယ်။





ဟုတ်တာပေါ့၊ ဘာလို့ငိုရမှာလဲ။

ဝသုန်ဆိုတာ မဟာပထဝီမြေကြီး။

မာမာပဲဖြစ်ရမှာပေါ့နော်။

ကျွန်မတို့ကားငှားကြတယ်။ သူ့အိမ်ကိုရောက်တော့ သူ့အိမ်ရဲ့ ခပ်လှမ်းလှမ်းမှာ ကားရပ်စောင့်နေရတယ်။ သူမှ ပြန်ထွက်လာပါ့မလားလို့ ရင်တလှပ်လှပ်နဲ့ပေါ့။ ဆယ့်ငါးမိနစ်လောက်ကြာတော့ သူ အိတ်တစ်လုံးလွယ်ပြီး ထွက်လာတယ်။ ဒီအချိန် သူ့အိမ်မှာ လူမရှိတာတဲ့ဘူးလို့ သူ ပြောတယ်။

ကားပေါ်ရောက်တော့…

"ကဲ ဝသုန့်အိမ်သွားလေ၊ ဘယ်လိုမှာခဲ့မလဲ"

"အမှန်အတိုင်းပြောမှာပေါ့၊ အမေ စိတ်ပူနေမှာစိုးလို့ သွားပြောခိုင်းလိုက်မယ်၊ သွားမယ့်နေရာတော့ အသိမပေးဘူးလေ၊ ဆိုင်ပိတ်ရမှာတော့ နမြောသား"

"ဟော့ ဘဝသစ်ကိုသွားမှာဆို"

"ဟုတ်ပါတယ်ရှင်၊ မှားပါတယ်"

ကျွန်မ အိမ်ပြန်ရောက်တော့ ဒေါ်လေးမှုနဲ့ ပြောင်းတိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ယောက် ဘယ်လိုဖြစ်နေကြတာလဲ၊ သုတ်သုတ် သုတ်သုတ်နဲ့ ဝင်လိုက်ထွက်လိုက်နဲ့"

"အဟင်း ဒေါ်လေးမှူ၊ ဒီနေ့ ကျွန်တော်မိန်းမ ရတော့မယ်"

"ဟဲ့... တကယ်"

"တကယ်ပေါ့၊ ခု ကျွန်တော်တို့ ခရီးထွက်မလို့၊ ဝသုန့် အဝတ်အစားတွေ လာယူတာ၊ ဝသုန်က သူ့အမေကို သွားပြော ပေးစေချင်တယ်တဲ့၊ ပြောပြပေးပါ ဒေါ်လေးမှူ၊ ဝသုန့်ကောင်လေး က သူ့ကို သိပ်ချစ်တဲ့အကြောင်း၊ သိပ်ဂရုစိုက်တဲ့အကြောင်း၊ တစ်သက်လုံး ကြင်ကြင်နာနာ ပေါင်းပါ့မယ်လို့ ကတိပေးတဲ့ အကြောင်း"

အိမ်ရှေ့မှာ လူတွေအုံလာတယ်။

ဝမ်းသာတဲ့သူတွေလည်း ပါမယ်။ မလိုသူတွေလည်း ပါတော့ ပါမှာပေါ့။ ဒါပေမဲ့ ကျွန်မ ဂရုမစိုက်ပါဘူး။ ကိုယ်ချစ်သူနဲ့ ပေါင်းဖက်ရတာလောက် ပျော်ဖို့ကောင်းတာ ရှိဦးမှာလား။

ပြီးတော့ ကျွန်မ ဒီနေ့ပွဲမှာအနိုင်ရလိုက်တာလေ။ ကျွန်မ လောက် ပျော်သတဲ့သူ ရှိပါဦးမလား။

ဒေါ်လေးမှူကို အမေ့ဆီသွားဖို့မှာပြီး အိမ်ကို စောင့်ရှောက်





ဖို့ မှာခဲ့ရတယ်။ စာအုပ်တွေ လာအပ်ရင် ယူထားပေးပြီး ထပ် ငှားဖို့၊ အဲဒီပိုက်ဆံကိုလည်းပြန်မပေးဘဲ သုံးလိုက်တော့၊ စာအုပ် တွေ သိမ်းထားပေးတော့လို့ ပြောခဲ့တယ်။

ကျွန်မတို့ သိပ်ကြာလို့မဖြစ်ဘူးလေ။

ဦးလေးပို၊ ဒေါ်လေးချစ်နဲ့ ဒေါ်လေးမှူတို့ကို ကန်တော့ပြီး ကျွန်မတို့ ထွက်ခဲ့ကြတယ်။

သူလား။

ကျွန်မလက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားတယ်။

သူ့မျက်နှာက ရွှင်လို့၊ လန်းလို့။

ကျွန်မလား၊

ကျွန်မရင်ထဲမှာ မာနမီးတွေ တညီးညီးလောင်ကျွမ်းနေလေ ရဲ့။

* * *

အချစ်ဆိုတာ လူများစွာနဲ့ ပတ်သက်အကျုံးဝင်နေတဲ့ ပုဂ္ဂလိကဆန်ခြင်းတစ်မျိုးပါ။

ဘာကြောင့်လဲဆိုတော့...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုချစ်ခြင်းအားဖြင့်သာ အခြားတစ်ပါးသော သူများအပေါ် ချစ်ခြင်း၊ မချစ်ခြင်းပမာဏတွေ ကွဲပြားသွားနိုင် အတွက်ပါပဲ။

လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို သိပ်ပြီးချစ်လွန်းအား ကြီးခဲ့ရင် တခြားလူတစ်ဦးအပေါ်(ဒါမှမဟုတ်) လူများစွာရဲ့အပေ မှာလည်း အချစ်အင်အား ကြီးမားနိုင်တယ်။

ဥပမာ မာသာထရီစာ။

အဲဒီလို ကိုယ့်ကိုယ်ကို ချစ်လွန်းအားကြီးခဲ့တဲ့အတွ ကြောင့်လည်းပဲ လူတစ်ဦး (ဒါမှမဟုတ်) လူများစွာရဲ့အပေါ်မှ အမုန်းကြီး မုန်းသွားနိုင်တာပဲ။

ဥပမာ အဒေါ့ဖ်ဟစ်တလာ။

ဒါကြောင့် အချစ်ဆိုတာ ပုဂ္ဂလိကဆန်တယ်။

ကိုယ့်ကိုယ်ကို ဗဟိုပြုတယ်။

သချာကိန်းဂဏန်းအရ 'ဓကဂုဏ်ကိန်း' ဖြစ်တယ်။

အဲဒီမှာမှ လွှမ်းခြုံမှုသဘောပါတဲ့၊ သိမ်မွေ့မှုထုထည်ကြီးမား တဲ့၊ တစ်ဖက်သတ်သဘောကင်းစင်ပြီး အစုန်အဆန် နှစ်သွယ် စီးဆင်းနိုင်တဲ့၊ သချာကိန်းဂဏန်းအရ 'ဗဟုဂုဏ်ကိန်း' ဖြစ်





ဗ္ဗာတရားနဲ့အညီအညွတ် ပေါင်းစပ်လိုက်နိုင်ပါမှ...

ချစ်ခြင်းမေတ္တာဆိုတဲ့ မြစ်တစ်စင်းဟာ ချစ်သူမှသည် ချစ်သူဆီလို့ တသွင်သွင် ကြည်လှဲစီးဆင်းနိုင်လိမ့်မယ်။

ကျွန်မလေ...

အေးစက်၊ လောင်ကျွမ်း၊ အငွေ့ဖျံလွယ်တဲ့ ရေခဲတုံးလို အချစ်မျိုးထက် ပိုပြီး အေးမြ၊ ကြည်လင်၊ တသွင်သွင်စီးဆင်း နေမယ့် စမ်းချောင်းလို ချစ်ခြင်းမေတ္တာကိုသာ ခုံမင်ယစ်မူးချင် ပါတယ်။

ဒါပေမဲ့...

လက်တွေ့မှာတော့ ကျွန်မရဲ့အချစ်မှာ အစွန်းတွေ ရောထွေး နေတယ်။ မာနတွေ ယှက်နွယ်နေတယ်။

အချစ်ရဲ့သာယာချိုမြိန်မှုတွေကို ကြည်ကြည်နူးနူး မခံ စားနိုင်ဘဲ ဖြစ်နေတယ်။ ကျွန်မမှာ ရင်ခုန်သံတွေ ပျောက်ဆုံး နေတယ်။

"ဝသုန်"

"ဟင်..."

"ဘာတွေတွေးနေတာလဲ၊ ငြိမ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အစတွေးတွေကတော့ နံလို့ပါပဲ ကိုယ့်ရှုန်ရယ်"

"ဟော့ အဲဒီ အသုံးအနှုန်းကိုတော့ ပြင်ဖို့ကောင်းပြီ ... ပြီးတော့ ကျွန်မ၊ ကျွန်မဆိုတာကြီးကလဲ နားထဲမှာ ကန့်လ... ဖြစ်နေပြီ"

ကျွန်မ ပြုံးမိတယ်။

"ဩော်... ဒါကလည်း နိယာမတစ်ခုပဲလား။

"ဘယ်လိုခေါ်စေချင်တာလဲ ပြောလေ"

"ခေါ်စေချင်တာလား၊ အင်း ဟိုလေ အဲ... မောင် လို့"

"ခေါ်ပါ့မယ်၊ ကြိုးစားပြီးတော့"

"ခေါ်ကွာ၊ ခေါ်ကြည့်"

ကျွန်မ ရယ်မိပြန်တယ်၊ သူ့ရဲ့ကလေးဆိုးလို ဟန်ပ... ကိုပေါ့။ အချစ်ဆိုတာ ဒီလိုပဲလား။

"ဘာရယ်နေတာလဲ၊ ခေါ်လေ"

"နေပါဦး၊ လေ့ကျင့်ယူပါရစေဦး၊ ကျွန်မ အဲ./. ဝသုန် ရှက်တယ်"

"ဒါ ရှက်စရာမဟုတ်ပါဘူး ဝသုန်ယ်၊ ကဲပါ လက်ထပ် ပြီးတဲ့ မင်္ဂလာဦးညမှာ စ,ခေါ်ရမယ် ဟုတ်လား"





"အင်းပါ"

ကျွန်မ သက်ပြင်းချမိတယ်။ နှလုံးသားကို ရှင်းလိုက်ရ ... ပြန်ပေါ့။

ကျွန်မတို့စီးလာတဲ့ ကားကြီးက တစ်ချက်ကလေးမှ ... မသွားဘဲ တရိပ်ရိပ် ပြေးနေတယ်။ အညာမြေကို ဦးတည် ... ပြီတော့လေ။ ဒါပေမဲ့ ကျွန်မရဲ့နှလုံးသားကတော့ ရင်ခုန်သံမှုံရွာ ... ငြိမ်သက်နေတယ်။

အဲဒီလိုမဖြစ်သင့်ပါဘူး။

ဒါဟာ နိုးရာလိုက်လာတဲ့ ခရီးပါ။ ရင်ခုန်လှိုက်မော အာယာကြည်နူးနေရမှာပဲ။

အင်းလေ။ သမားရိုးကျ မိန်းကလေးတစ်ယောက်ဆိုရင် ... တော့လည်း အိမ်ကထွက်လာရတာမို့ အိမ်ကိုသတိရစိတ်၊ မိဘ ကို သတိရစိတ်၊ နေရာဟောင်းကို သတိရစိတ်တွေ ဖြစ်နေမှာပေါ့။ ကျွန်မမှာက နောက်ဆံတင်းစရာ ဘာများရှိနေလို့လဲ။

ပြန်စဉ်းစားကြည့်ရင် ကျွန်မက နိုးရာလိုက်တာ မဟုတ်... ကျွန်မကပဲ ယောကျ်ားတစ်ယောက်ကို နိုးယူလာပြေးလာခဲ့တာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ကျင်စနဲ့ ဖြစ်သွားရတယ်။

"ကိုရှော ဦးလေး လာကြိုဖို့ အရေးတကြီးတယ် ဝသုန်ရေ ဟိုက တရားရုံးမှာ အသင့်စီစဉ်ထားဖို့ လိုတယ်။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးမှ ကိုယ်ရင်အေးနိုင်မှာ" ဆိုတဲ့ ကျွန်မရှုစ်သွန်စကား။

ကျွန်မ ရင်တွေ ပိုနာသွားတယ်။

ဒီအချိန်မှာ ကျွန်မတို့ကို ဘယ်သူနှောင့်ယှက်နိုင်မှာလဲ။ သူ ဘာကို ကြောက်နေတာလဲ။ သူ့မိဘက လက်မထပ်မီ တွေ့သွားရင် ဘာလုပ်မလဲ။

"ကိုရှော လိုက်လာရင်တော့ နောက်ပိုင်းအခြေအနေ သိရမှာပဲ ဝသုန်ရေ"

ကျွန်မ သက်ပြင်းထပ်ချမိပြန်တယ်။

"ဘာတွေ ဝါဒီဖြစ်နေတာလဲ၊ ဒီအချိန်ကိုရောက်မှ မွဲမှာ ကြောက်နေရသေးလား ကိုပန္နုန်"

"မွဲမှာကြောက်တာ မဟုတ်ဘူး၊ ဝသုန် စိတ်ပြောင်းသွားမှာ ကြောက်တာ"

"ရှင်...၊ ကျွန်မက အဲသလောက် အပြောင်းအလဲမြန်တဲ့





မိန်းမမျိုးမို့လား"

"မဟုတ်ပါဘူး၊ ဒီသဘောမျိုး မပြောပါဘူး၊ ကိုယ် စကားများသွားရင် ခွင့်လွှတ်ပါ၊ ကိုယ် အစိုးရိမ်လွန်နေမိတာပါ၊ နှလုံး ရုက်ချင်းထွက်လာတာ ဝသုန့်ရဲ့ ရုတ်တရက် ဆုံးဖြတ်ချက် မဟုတ်လား၊ သွေးပူပူနဲ့လုပ်ခဲ့ပြီး သွေးအေးသွားတဲ့အခါ နောက်ဆုတ်လိုက်မှာ ကြောက်မိတာပါ"

ကျွန်မ ရင်နာရပြန်တယ်။ သူပြောတာ မမှားပါဘူး။ သူ စိုးရိမ်ထိုက်ပါတယ်။ ကျွန်မ ပြုံးပြီးနှစ်သိမ့်လိုက်ရတယ်။

"စိတ်ချပါ၊ ဝသုန့်သွေးက အမြဲအေးပါတယ်" လို့။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အိပ်ပျော်နေတဲ့ချစ်သူကို မြတ်နိုးစွာ ငုံ့ကြည့်ရင်း သက်ပြင်းချလိုက်မိတယ်။

မင်းကို သိပ်ချစ်တယ် ဝသုန်။

ဘယ်လိုသဘောမျိုးနဲ့ပဲ မင်းဆိုးဖြစ်ခဲ့၊ ဆိုးဖြစ်ခဲ့၊ မင်းကို ပိုင်ဆိုင်ခွင့်ရတော့မယ့် ကိုယ့်အဖြစ်ကို ကိုယ်ကျေနပ်တယ်။

ဝသုန့်အိမ်က ပြန်ထွက်လာတော့ ချောလွင်ဆီ ရောက်ကြတယ်။ ချောလွင်က တအံ့တသြနဲ့လေ။

"ဘယ်လိုဖြစ်သွားတာလဲဟ၊ မနက်ကတော့ ရှာမတွေ့လို့ ထိုင်ငိုတော့မယ့်ပုံနဲ့၊ ခုတော့လဲ မှိုရတဲ့မျက်နှာ"

"မှိုရတဲ့မျက်နှာကို မင်းက မြင်ဖူးလို့လား၊ အဲဒါ





ရောက်ထား၊ ငါတို့ ဘယ်သွားရကောင်းမလဲ စီစဉ်ပေးဦး"

"မိတ္ထီလာရယ်၊ ပုဂံရယ်၊ ပင်းတယရယ် မင်းကြိုက်တဲ့နေရာ ရွေးကွာ၊ ငါ စီစဉ်ပေးနိုင်တယ်၊ အရေးကြီးတာက လက်ထပ် အချုပ်လုပ်ဖို့ပဲ"

"အေး အဲဒီကိစ္စကို စီစဉ်ပေးနိုင်မယ့် အကောင်းဆုံးနေရာကိုပဲ ရွေးကွာ"

"ဒါဖြင့် ပုဂံသွား၊ ဟိုမှာ ငါ့ဦးလေးရှိတယ်၊ ငါ ကြိုဖုန်းဆက် ပြောထားပေးမယ်၊ တစ်ရက်နှစ်ရက်နေရင် ဒီက အခြေအနေသိရအောင် ငါ လိုက်ခဲ့မယ်၊ ငါလဲ မရောက်တာကြာပြီ၊ ပန်းချီလေး ဘာလေး ဆွဲကြရအောင်"

"ကောင်းတယ်၊ သွားနှင့်မယ်"

အဲသလိုနဲ့ ဒီကားပေါ်မှာ ဒီလိုပါလာခဲ့ကြတာပါပဲ။ ကား ပေါ်တက်တဲ့အချိန်အထိ ရင်ထဲမှာ အပျော်တွေ စီးဝင်မြူးကြွနေ ခဲ့ရတယ်။

ဒါပေမဲ့…။

ငြိမ်သက်တိတ်ဆိတ်နေတဲ့ ဝသုန့်သဏ္ဌာန်က တဖြည်း ဖြည်း သူ့ကို ခြောက်လှန့်လာတယ်။ ဒီတော့ ထက်ကြွတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေရဲ့နေရာမှာ စိုးရိမ်စိတ်တွေ အစားထိုး ဝင်ရောက်လာ ခဲ့ရတော့တယ်။

မေမေနဲ့ ဝသုန် ဘာတွေဖြစ်ခဲ့ကြသလဲ။

မေမေက ဘာတွေပြောလိုက်သလဲ။

ဝသုန်ရဲ့ မျက်ရည်တွေ အိုင်ဖွဲ့နေတဲ့ မျက်ဝန်းအစုံ ပြန်မြင်လာမိတယ်။

ယောက်ျားတစ်ယောက်ကို ချက်ချင်း လက်ထပ်ဖို့ ဆုံးဖြတ် လိုက်တဲ့ နှိုးဆော်မှုဟာ သေးသေးနုပ်နုပ်တော့ မဖြစ်လောက် ဘူးလေ။ ဝသုန်က မာနသိပ်ကြီးတဲ့ မိန်းကလေးပဲ။ သူ့မာန ဘယ်လောက် ထိပါးခံလိုက်ရပါလိမ့်။

စုလောက်ဆိုရင်တော့ မေမေတစ်ယောက် အခြေအနေမှ ကို သိသွားပါပြီ။ ဒေါသတွေလည်း ငယ်ထိပ်ကို ရောက်လောက်ပြီ မေမေနဲ့ ခေါင်းချင်းဆိုင်ပြီး ဘာလုပ်ကြမလဲဆိုတာ ဆွေးနွေးပြီ လောက်ပြီ။

နာရီ၊ ဆွဲကြိုးကအစ လုပ်ငန်းလိုအပ်ချက်အတွက် ထုတ် ပေးထားတဲ့ ငွေပမာဏကို ငွေစာရင်းချုပ်နဲ့အတူ ထားပစ်ခဲ့မှတော့ ဝသုန့်မာနကို မေမေ သဘောပေါက်နိုင်မှာပဲ။





မေမေနဲ့ဖေဖေသာ အမြော်ပြတ် ကြည့်ညာကြည့် ဝမ်းအသော ဆုံးဟာ ဝသုန် ဖြစ်မှာပဲလေ။ ဝသုန့်ရဲ့ ရှင်းသန့်တဲ့ချစ်ခြင်းကို အကြွင်းမဲ့ ယုံပါတယ်။

ဒါပေမဲ့...။

"ဟင်... သူ မအိပ်သေးဘူးလား"

"စိုးသွားရင်း မအိပ်တတ်လို့ပါ ဝသုန်၊ တစ်ရေးနိုးပြီလား၊ ရေသောက်မလားဟင်"

"အင်း နည်းနည်းသောက်မယ်၊ ဘယ်ရောက်နေပြီလဲဟင်၊ နီးပြီလား"

"လိုပါသေးတယ်၊ နောက်တစ်ရေး ရှိသေးတယ်"

"တော်ပါပြီ၊ မအိပ်တော့ဘူး၊ တစ်ယောက်တည်းအိပ်နေတာ ဘယ်တရားပါ့မလဲ"

"ရပါတယ်ကွာ၊ အိပ်ရေးဝတော့ အားရှိတာပေါ့၊ တစ်နေကုန် စိတ်မောလူမော ဖြစ်ခဲ့ရတာ မဟုတ်လား ဝသုန်ရယ်"

"မောတော့ မောတာပေါ့၊ ဒါပေမဲ့ မမောပါဘူးနော်၊ ကိုယ်ချစ်တဲ့သူကို ကိုယ် ပိုင်ဆိုင်ရတော့မှာပဲကို မောတာဆိုရင် တောင်မှ ပျော်စရာပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လားကွာ"

"မယုံလို့လား"

"ယုံပါတယ် ဝသုန်ရယ်၊ ကိုယ်လဲပျော်ပါတယ်၊ ရင်မောမောနဲ့ ပျော်တာလေ"

"လွတ်လွတ်လပ်လပ် ပျော်လိုက်ပါနော်၊ ဝသုန့်ကိုလဲ စိတ်ချပါ၊ ဆုံးဖြတ်ချက် မြန်ခဲ့မိပေမဲ့ အပြောင်းအလဲတော့မမြန်ဘူး ဆိုတာ ယုံပါ"

ချစ်သူရဲ့ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားလိုက်မိတယ်။

"ဝသုန့်အချစ်ကို ယုံပါတယ် ဝသုန်ရယ်" လို့လည်း တိုးတိုးလေး ပြောလိုက်မိတယ်။

• • •

"အဆင်ပြေရဲ့လား ပချွန်"

"ပြေတယ် ကိုရွှေ၊ ဒီနေ့ သုံးရက်မြောက်သွားပြီလေ၊ ပြောပါဦး ဟိုက အခြေအနေ"

ကိုရွှေ ရောက်လာပြီ။





သိချင်တဲ့အကြောင်းတွေ အများကြီးပဲလေ။

"ဝသုန်ရော"

"အလိုတော်ပြည့်မှာ အစီစွာန်မှုတီး သွားစိပ်တယ်၊ သူလဲ ဒီရောက်မှ ဘုရားတရား လုပ်ရတယ်ဆိုပြီး ကျေနပ်နေလေရဲ့"

"ကောင်းပါလေကွာ၊ သူ့မာနတွေလျှော့သွားရင် အကောင်းဆုံးပဲ"

"ကဲပါ၊ ဆိုပါဦး၊ မေမေ့သဘောထား"

"မင်းအတွက် အမွေခွဲပေးတော့မလို့တဲ့၊ မင်းတို့ပြန်ရောက်ရင် ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးမယ်၊ ဓါပုံကအိမ်ကို မင်းနာမည်နဲ့ လွှဲပေးမယ်၊ မင်းလုပ်ငန်းတစ်ခု တည်ထောင်ဖို့ အရင်းထုတ်ပေးမယ်တဲ့၊ ရွှေနေရွှေရပ်တွေနဲ့ စာချုပ်စာတမ်းတွေ လုပ်နေလေရဲ့"

ရင်ထဲမှာ နင့်ခနဲ။

မေမေက ဝသုန့်မာနကို တိုက်ခိုက်လိုက်ပြီ။

"ပြဿနာပဲကွာ"

"အေး ပြဿနာပဲ၊ ဘယ်သူမှတားပိုင်ခွင့်မရှိတဲ့ အခြေအနေ ဆိုတော့ ငါလဲ လက[illegible]ကြည့်နေရတော့တယ်၊ မင်းတို့ကိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ပျော်သလောက် နေပါစေဦး၊ တစ်သက်လုံး ပုန်းနေမှာ မဟုတ်ဘူးတဲ့၊ ပြီးတော့ ဝသုန့်အမေကိုလဲ သွားတွေ့တယ်"

"ဟင်… ဟုတ်လား"

"ဟုတ်တယ်၊ ဟိုကတော့ ဝမ်းတွေသာကျနေပါကွာ၊ အမြဲ အနေကို သိမှမသိရှာတာ၊ မင်းအမေက စိန်တစ်ဆင်စာ တင်တောင်းမယ်လို့ ပြောခဲ့တယ်ဆိုပဲ"

ရင်တွေလေးလံလာပါပြီ။ ဝသုန် အနားမှာရှိမနေတာပဲ ကျေးဇူးတင်ရတော့မယ်။

အေးငြိမ်းနေတဲ့ သူ့စိတ်ကို လှိုင်းတွေ ထပ်မပုတ်စေချင်ပါ။

"ငါ ဘာလုပ်ရမလဲ ကိုချောရာ"

"အကြေးပေးဖို့ခက်တယ် ပျှန်၊ ဖြစ်နေတာက အစဉ်အလာနဲ့ ဆန့်ကျင်နေတယ်၊ သဘောမတူဘူးဆိုတာက ပြေရှင်းစရာ မလိုဘဲ ပြီးတယ်၊ ခုကိစ္စက တမင်သက်သက် တိုက်ပွဲဝင်နေတာဆိုတော့ မင်းမြေဇာပင် ဖြစ်ရမချိပဲ"

"ဝသုန်သိရင် ဘယ်နည်းနဲ့မှ လက်မခံဘူးဆိုတာ ငါလဲ သိနေပါတယ်၊ ခက်တယ်ကွာ၊ မေမေ့မှာနကိုလဲ ငါ အသိဆုံးပဲ"

"လောလောဆယ် ဝသုန့်ကို မပြောနဲ့ဦးပေါ့ ပျှန်





ဒီမှာ မင်းတို့ ဆက်နေပါဦး၊ ငါလဲ နေဦးမယ်၊ စိတ်အေးအေးထားပြီး စဉ်းစားဆုံးဖြတ်ကြတာပေါ့ကွာ"

"အင်း ဟုတ်ပါတယ်၊ သူမသိစေချင်ပါဘူး၊ အခု သူ တော်တော်စိတ်ငြိမ်သွားတယ်၊ ဒီကပြန်ရင် ငါတို့ စာပေလုပ်ငန်းနဲ့ နေရာသစ်မှာ ဘဝသစ်တည်ဆောက်ကြမယ်လို့ တိုင်ပင်ထားကြတာ"

ဝသုန့်ရဲ့ မျှော်လင့်ချက်တွေ။

ဘယ်လိုမှ ရိုက်ချိုးဖျက်ဆီးမပစ်ရက်ပါဘူး ဝသုန်ရယ်။

ဝသုန် ပြန်ရောက်လာတော့ မျက်နှာကို အတတ်နိုင်ဆုံး ပြင်ထားရတော့တယ်။

"ကိုချော ရောက်လာပြီ ဝသုန်၊ မောင့်အိမ်က ဘာမှ မလှုပ်ရှားဘူးတဲ့"

"ဟုတ်လား၊ ကိုချောလွှင်ကို လာမမေးဘူးလား"

"မေးတာပေါ့၊ မသိဘူးလို့ ပြောလိုက်တော့ မယုံမကြည်နဲ့ ပြန်သွားတယ်၊ ခုထိတော့ အမှုပြတ်မယ်လဲ ပြောသံမကြားဘူး၊ လက်ခံမယ်လို့လဲ မကြားဘူး"

ဝသုန့်မျက်နှာပေါ်မှာ တင်းခနဲ ဖြစ်သွားတာ မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါလေးကိုတောင်မှ ဝသုန် ဒီလိုခံစားသွားရတယ်ဆိုရင် အဖြစ်မှန်ကိုသာ သိလိုက်ရလို့ကတော့ ဘယ်လိုရင်ဆိုင်ရမှန်းတောင် မတွေးတတ်တော့ဘူး ဝသုန်ရယ်။

မောင် ရင်တွေ ပူလိုက်တာ၊

"ဘာပဲဖြစ်ဖြစ် ဝသုန်ရယ်၊ မောင်တို့မှာ ရည်မှန်းချက်ရှိပြီးပြီပဲ၊ လုပ်စရာရှိတာ ဆက်လုပ်သွားကြရုံပဲပေါ့၊ ဒီမှာရှိတုန်း ဘာမှမတွေးနဲ့ကွာ၊ မောင် ဒီနေ့ ပန်းချီ စ,ရေးမယ်၊ မောင်တို့ ရွာဟောင်းကြီးဘုရားပေါ် တက်ကြမယ်၊ ဝသုန် လိုက်ခဲ့နော်"

ဝသုန် ခေါင်းညိတ်တယ်၊ တော်ပါသေးရဲ့။

"လိုက်ပါ့မယ်"

စိတ်ကို လျှော့လိုက်ပါတော့ ဝသုန်ရယ်။

• • •

"မောင်"

"ဟင်..."

"ဝသုန် တစ်ခု စဉ်းစားမိတယ်"

"အင်း ပြောလေ"



"ဒီကပြန်ရင် ဝသုန်တို့ မင်္ဂလာဆွမ်းကျွေးပြီး ညစာစားပွဲလေး တစ်ခု လုပ်ရအောင်နော်၊ မိန်းကလေးဆိုတာ တစ်သက်မှာ တစ်ခါပဲ မင်္ဂလာဆောင်တာပဲ"

အစဉ်အလာကို ဆန့်ကျင်နေကျ မိန်းကလေးက ခုတော့လည်း ဓလေ့ထုံးစံ ဆိုရိုးစကားကို ရှေ့တန်းတင်လာခဲ့ပြန်တယ်။

ဒါပေမဲ့...။

ဒီကိစ္စကို ငြင်းဆန်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါ။ မေမေ့အစီအစဉ်ကိုလည်း ဝသုန်က လုံးဝလက်သင့်ခံမှာ မဟုတ်။ မေမေ စီစဉ်နေမှန်းသိလျက်နဲ့ ဝသုန့်ဆန္ဒကို လိုက်လျောခေါင်းညိတ်ရမှာလည်း အပြစ်ရှိသူတစ်ယောက်လို ခံစားရပြန်တယ်။

"မောင် ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး ဝသုန်ရဲ့၊ ဘာဖြစ်လို့လဲ"

"ဝသုန်ပြောတာ လက်ခံလားလို့"

"အင်း လက်ခံပါတယ်"

"မောင့်ပုံစံက စိတ်မဝင်စားသလိုမျိုးပါလား"

"မဟုတ်ပါဘူးကွာ၊ မင်္ဂလာဆောင်ဆိုတာ နှစ်ဖက်မိဘ ပါဖို့လိုတယ် မဟုတ်လား၊ မေမေ၊ မေမေတို့ လာမှာပါ့မလား၊

www.burmeseclassic.com

www.burmeseclassic.com



မလာရင် ဝသုန် ဖျက်မှာငယ်မလား၊ အဲဒါ တွေးနေတာပါ"

"နိုး နိုး၊ မောင် မှားသွားပြီ၊ ဝသုန်တို့ရဲ့ မင်္ဂလာစည်ခံပွဲမှာ ဘယ်မိဘမှ လာစရာမလိုဘူး၊ ဘယ်ဘက်ကမှလဲ ငွေကုန်မျှေးကျ နိုက်ထုတ်စရာမလိုဘူး၊ မင်္ဂလာလက်ဖွဲ့လဲ မယူဘူး၊ ဝသုန်နဲ့ မောင်တို့ ဘဝသစ်တစ်ခု တည်ဆောက်ကြတော့မယ့်အကြောင်း အပေါင်းအသင်းတွေ အသိအမှတ်ပြုပေးဖို့ သက်သက်ပဲ၊ ဝသုန်က အဲဒီလိုလုပ်ချင်တာ"

"မင်္ဂလာဆောင်ကို လက်မဖွဲ့ရဘူးဆိုတော့ တစ်မျိုးကြီး ပါလား ဝသုန်ရယ်၊ အပေါင်းအသင်းတွေက နေကြပါ့မလား၊ ရွတ်ပေးကြမှာပေါ့"

"ဖိတ်စာမှာကတည်းက ထည့်အသိပေးထားရမှာပေါ့ မောင်၊ ကွင်းကွင်းပိတ်နဲ့ (တင်းတင်းကျပ်ကျပ် တားမြစ်ပါ ရစေ၊ အနူးအညွတ်တောင်းပန်ပါရစေ)လို့ ထည့်ရိုက်မယ်၊ အသိ အမှတ်ပြုတယ်ဆိုရင် လာဖြစ်အောင် လာပါလို့လဲ ထည့်ရိုက် မယ်၊ ဘယ်လောက် ဆန်းကြယ်တဲ့ မင်္ဂလာပွဲလေးလဲ၊ မျှော်စရာ သိပ်ကောင်းမှာမောင်ရဲ့၊ မင်္ဂလာဆောင်တွေကို မောင်လဲ သွားဖူး မှာပဲ၊ ကျေးတောအေး၊ တတ်နိုင်သလောက်လက်ဖွဲ့ ပြန်လာတဲ့လူက





ပ်ရှားရှားရယ်၊ အပြိုင်အဆိုင် ဝတ်ကြ၊ စားကြ၊ လက်ဖွဲ့ကြ၊ အတင်းအဖျင်းတွေ ထိုင်ပြောကြ၊ ဓာတ်ပုံတွေရိုက်ကြ၊ မင်္ဂလာပွဲ ပြီးသွားတော့ လက်ဖွဲ့ငွေကို အသေးအလဲအောင်ရုံနိုက်ကြ၊ ဘယ် လောက်မြတ်လိုက်တယ်၊ ဘယ်လောက်ရှုံးသွားတယ်ဆိုတာ မျိုးတွေနဲ့၊ ဟိုဘက်ဒီဘက် မိဘတွေ မင်္ဂလာအမြေလုကြ၊ အိုး စိတ်ပျက်စရာ သိပ်ကောင်းတာပဲ၊ ဝသုန်တို့ မင်္ဂလာပွဲမှာ ဒါမျိုး လုံးဝအဖြစ်မခံနိုင်ဘူး မောင်၊ ဒါဟာ ဝသုန် တစ်သက်လုံးက တောင့်တလာတဲ့ ချည်ခြင်းတစ်ခုပဲ၊ မောင်က မဖြစ်နိုင်ဘူးထင်လို့ လား ဖြစ်နိုင်ပါတယ် မောင်ရယ်၊ ရိုးသားဖြူစင်တဲ့ မင်္ဂလာပွဲတစ်ခု ဝသုန်တို့ ခင်းကျင်းကြရအောင်နော်"

စောဒကမတက်နိုင်ဘဲ တအံ့တသြ နားထောင်နေမိရတဲ့ အဖြစ်ပါပဲ။

မဖြစ်နိုင်ဘူးလို့ မပြောနိုင်ပါ။

ဖြစ်လာရင်တော့ ဝသုန်ပြောသလို မျှော်စရာသိပ်ကောင်း မှာပဲပေါ့။ စားကြ၊ သောက်ကြ၊ ရယ်ကြ၊ မောကြ ဘာအနှောင် အဖွဲ့မှမပါ လွတ်လပ်ပေါ့ပါးတဲ့ မင်္ဂလာ။

အောင်မြင်ပါစေ ဝသုန်ရေ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဝသုန္နဲ့ဆန္ဒအတိုင်းလုပ်ပါ၊ မောင် ကန့်ကွက်စ
မရှိပါဘူး၊ ဝသုန်ပြောသလို ပျော်စရာလဲ ကောင်းမှာပါ၊ တတ်နိုင်
ရင် ကံစမ်းမဲပေါက်"

"အင်း ကောင်းတယ်၊ ဒါပေမဲ့ အဲဒီမဲက ဆွဲဆောင်တာမျိုး
တော့ မဖြစ်စေရဘူး၊ ပျော်စရာကောင်းမယ့် ဟာသရုပ်ကြရုပ
မဲမျိုးထည့်မယ်"

"ကောင်းပါလေ့ဗျာ"

ဝသုန် ကျေနပ်ပျော်ရွှင်သွားတာမြင်တော့ ရင်ထဲကအမှု
မျိုချပစ်လိုက်ရတယ်။ မေမေသာသိရင် ဘယ်လောက် ဒေါ့ပေ
ခုန် ဒေါ်သထွက်လိုက်မလဲ။

ကိုယ်က သားဦးလေ။ သားရှင်တစ်ယောက်အနေနဲ့ မေမေ
နဲ့ မေမေမှာ ဝတ္တရားတွေ အများကြီးပေါ့။ ဝသုန့်ကို နှစ်သက်
သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ သားရဲ့ဇနီးတစ်ယောက်
အနေနဲ့ လက်ခံအသိအမှတ်ပြုကြရမှာပဲ။

ပေးဝေနိုးရင်း၊ ထိမ်းမြားခြင်းဆိုတဲ့ မိဘတာဝန်ကို
ငြင်းဆန်ဖို့မဖြစ်နိုင်ပါ။ ဒါပေမဲ့ အကွက်ကိုကျော်မြင်တာပဲလာ
ဆန္ဒစစ်စစ်ပဲလားတော့ မပြောတတ်၊ ဝသုန့်စိတ်ကူးက သဘာ





ဆန့်ကျင်လျက်သား။

"မင်းက လက်ခံလိုက်သလား ပစ္စုန်"

"ငါ ဘယ်လိုငြင်းမလဲ"

"မဟုတ်သေးဘူးကွာ၊ အနှံတိ သိပ်တင်းသွားလိမ့်မယ်၊
အပေါင်းအသင်းတွေရှည်း မိတ်ကျွေးမယ်ဆိုလဲ မင်္ဂလာပွဲကို
လုပ်မနေဘဲ ဆိုင်တစ်ဆိုင်မှာ ခေါ်ကျွေးလိုက်ရောပေါ့ကွာ၊
မိတ်စာတွေ ဘာတွေ လုပ်မနေနဲ့ပေါ့"

"မင်း အကြံပေးကြည့်ပါလား ကိုချောရာ"

"ဟာ မင်းမိန်းမကို ငါက အကြံပေးလို့ ဖြစ်မလား၊
မင်းတော့ခက်ပြီ ပစ္စုန်၊ ခုကတည်းက မိန်းမကြောက် ဖြစ်နေပြီ"

"မဟုတ်ဘူး ကိုချော၊ ငါ ဝသုန့်ကို နားလည်ပေးတာ၊
သူ့စိတ်ကို ငါသိတယ်၊ သူက သိပ်အားငယ်တတ်တဲ့ မိန်းကလေး
ပါ၊ ဒါပေမဲ့ အဲဒီအားငယ်စိတ်ကို စွတ်အတင်း ဖုံးဖိထားတယ်၊
မာနနဲ့ ကာကွယ်ထားတယ်၊ သူ့ရင်ထဲမှာ ဘယ်လောက်ငိုနေနေ
မျက်လုံးတွေကို အတောက်ပဆုံးဖြစ်အောင် ဖန်တီးထားတယ်၊
ငါ သူ့ကိုသနားတယ် ကိုချော၊ တကယ်တော့ ဝသုန့်မှာ အဖိုး၊
အဖွားဆိုတာ ဘာမှရှိတာ မဟုတ်ဘူး၊ ငါ့ကို သူ အားမနာဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ကြွေးကြော်ကြွေးကြော် အဲဒါ သူ့ရင်ထဲက ခံစားချက်မှန် မဟုတ်ဘူး၊ သူ့ကို နားလည်လွန်းလို့ သိပ်ချစ်သွားခဲ့မိတာ ကိုချော၊ ငါ သူ့ကို မကြောက်ပါဘူး"

ဟုတ်တယ်။

"ခုနေ မောင်သာ ဝသုန့်ကို စွန့်ခွာသွားကြည့်။ မြေခုံပေါ် တောင်းပန်ငိုကြွေးနေမယ့် မိန်းကလေးမဟုတ်ဘူးဆိုတာ တွေ့ရမှာပဲ။

ဒါပေမဲ့ ဝသုန် ဘယ်လောက်နာကျင်ကြေကွဲသွားရမယ်ဆိုတာ တွေးကြည့်ရုံနဲ့တောင်မှ ကြက်သီးထမိပါတယ်။

"အံ့ဩတယ် ပချွန်၊ မင်းကို ငါ ဒီလောက်ချစ်တတ်လိမ့်မယ် မထင်ခဲ့ဘူး၊ မင်းပြောတာ ဟုတ်ပါလိမ့်မယ်၊ ငါ စာနာနားလည်ကြည့်နိုင်ပါတယ်၊ ခက်တာက မင်းအမေပဲ၊ မင်းကို မွေးထားတဲ့အမေနော်၊ မင်းအမေကို မင်းခွဲခွာလာခဲ့ပြီးပြီ၊ သူ ဘယ်လောက်စိတ်ထိခိုက်မလဲ၊ ဒါကို မင်းထပ်ပြီး နာကျင်အောင် မလုပ်သင့်ဘူးလေ၊ ဝသုန့်ကို ညှိကြည့်လို့မရရင် မင်းအမေကို မင်း ညှိကြည့်ပါဦးလား၊ အမေပဲကွာ၊ မင်း စိတ်ဆင်းရဲအောင်တော့ လုပ်မယ်မထင်ပါဘူး၊ ရွှေရွှေ ပြောသလိုဆိုရင် ဟိုနေ့ကလဲ





အန်တီက ဘာမှ သိပ်မပြောပါဘူးတဲ့၊ သမီးလို့တောင်မှ ခေါ်ခဲ့တာတဲ့၊ ဝသုန်ကသာ ခပ်မာမာ ပြောသွားတာဆိုပဲ၊ အင်းလေ၊ ရွှေရွှေ စကားဆိုတော့ ငါလဲ ချင့်ယုံပါတယ်၊ ဒီကောင်မလေး ဖြစ်သွားပုံများ မင်း မြင်စေချင်တယ်"

အဲဒီနေ့က ဝသုန် မျက်ရည်တွေနဲ့ သူ့ရှေ့ရောက်လာခဲ့တာပါ။ နှုတ်ခမ်းတွေလည်း တဆတ်ဆတ်တုန်နေခဲ့တယ်။ မေမေ တစ်ခုံတစ်ရာတော့ ဝသုန် နာကျင်အောင် ပြောမိခဲ့ပါလိမ့်မယ်။

ဘာများ ပြောခဲ့လိုက်ပါလိမ့်။

"ရွှေရွှေကိုလဲ ငါ နားလည်ပါတယ် ကိုချော၊ သူ ငါ့ကို သိပ်မျှော်လင့်ခဲ့တာလေ၊ ခုတော့ လပိုင်းလောက်အတွင်းမှ တွေ့ရတဲ့မိန်းကလေးတစ်ယောက်က သူ့ကို အနိုင်ယူသွားတာ သူ ခံပြင်းနေမှာပေါ့၊ ဒါပေမဲ့ အချစ်ဆိုတာ သိပ်ဆန်းကြယ်ပါတယ်ကွာ၊ လက်တွေ့ကျမှ ငါ ယုံခဲ့ရတာပါ၊ ငါ ဝသုန့်ကို သိပ်ချစ်တယ် ကိုချော"

"အင်း... အချစ်ရဲ့အင်အားကိုတော့ ဘယ်အရာကမှ နိုင်အောင် မတိုက်နိုင်ဘူးဆိုတာ ငါ လက်ခံပါတယ် ပချွန်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



မျက်ကြည့်မရှိသတ်လုပ်ရတော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် မင်းဘက်မှာ ငါရှိတယ် ပစ္စုန်၊ ဒါပဲ ငါ ပြောတတ်တော့တယ်"

"ကျေးဇူးတင်ပါတယ် ကိုချော၊ရာ"

• • •



# အခန်း (၉)

ပန်းချီကားချပ်အပေါ် အာရုံသွင်းပြီး ရှာနိဝင်ရေးဆွဲနေတဲ့ ချစ်သူကိုကြည့်ပြီး ရင်ထဲမှာ ချစ်စိတ်တွေ တလိပ်လိပ် တက်လာတယ်။

'မောင်' ရယ်၊ မောင့်ကို ကျွန်မ သိပ်ချစ်ပါတယ်။

အချစ်ကလည်း အချစ်ဦး၊

ဝေဒနာကလည်း ဝေဒနာဦးမို့။

ထူးထူးခြားခြား ခံစားမိခဲ့တာပါ။

ထုံးတမ်းစဉ်လာဓလေ့အားများသောဘက်မှာ မနေခဲ့ရတဲ့ ကျွန်မ အတွက် 'အချစ်ကို ယုံကြည်ဖက်တွယ်ခဲ့ခြင်း' ဟာ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



အတည်းတစ်ခု မဖြစ်ခဲ့ရတာတော့ အမှန်ပါပဲ။

ဒါပေမဲ့ 'ချစ်သူတစ်ယောက်ကို မျှားယူခဲ့ခြင်း' လို့ ကင်မှန်းအတပ်ခံရမှာ ကျွန်မ သိပ်ကြောက်တယ်။

အခြေအနေအရပ်ရပ်ရဲ့ ညွှန်တံတွေက အဲဒီလားရာကို ဦးတည်နေကြလေတော့ ကျွန်မ ကာကွယ်တိုက်ဖျက်ပစ်ဖို့ ရှုပ်ဟာတွေ ခင်းရတော့မယ်။

ချစ်သူ စိတ်ဆင်းရဲသွားလေမလား။

အထူးတဆန်း

တအံ့တသြနဲ့

ဝိုင်းပြီး ဝေဖန်တော့ကြောကြမယ့်အရေးအတွက် ချစ်သူ ခံနိုင်ရည် ရှိပါမလား။

ကျွန်မအတွက်မှာတော့ ဒီစစ်ဆင်ရေးဟာ သိပ်အရေးပါတဲ့ လှုပ်ရှားမှုတစ်ခုပေါ့။ ကျွန်မ ယုံကြည်မှုအတွက် ကျွန်မ တိုက်ခိုက်ရလိမ့်မယ် ချစ်သူရယ်။ ဒီတိုက်ပွဲမှာ ချစ်သူကို စစ်ကူမတောင်းရက်ပါဘူး။ ဒါပေမဲ့ ကျွန်မ ဘက်အမြဲမ်း ကြိုးဝိုင်းထောင့်ကနေ အားပေးသူတော့ ဖြစ်စေချင်တယ်။

ကျွန်မလေ...





ချစ်သူဆိုတာ ကျွန်မကို နားအလည်ဆုံးလူသားတစ်ဦးလို့ ကြွေးကြော်ပစ်ချင်တယ်။

နားလည်မှုမပါဘဲ ပြီးမြောက်ခဲ့ကြတဲ့ အချစ်နဲ့ အိမ်ထောင်ရေးနွံထဲမှာ ကျွန်မကိုယ်ကျွန်မ အနစ်မခံနိုင်ဘူး။

"ဆာပြီလား ဝသုန်"

"ဟင့်အင်း၊ မဆာဘူး မောင်၊ မောင် ဆာလာလို့လား"

"မောင်က ရှာနိဝင်နေတဲ့လူ၊ ဆာမှန်း ဘယ်သိတော့မလဲ၊ ဝသုန့်အတွက် စိတ်ပူလို့၊ ဝသုန်က အစာအိမ် သိပ်ကောင်းတာ မဟုတ်ဘူး"

"မဆာသေးပါဘူး မောင်ရဲ့၊ ဆွဲပါ၊ ဝသုန်လဲ မောင့်ကို ကြည့်ပြီး ကြည်နူးနေမိတာ"

"တကယ်"

"တကယ်ပေါ့ မောင်ရယ်၊ ဝသုန့်ဘဝမှာ မောင့်လောက် ချစ်ရတဲ့သူ မရှိခဲ့ဖူးသလို ဘယ်တော့မှ ရှိလာမှာလဲ မဟုတ်တော့ဘူး၊ မောင့်ကို သိပ်ချစ်တယ်"

"အဟင်း မိစ္ဆဲလေး"

ချစ်သူရဲ့ ကြည်နူးပီတိသံက ကျွန်မရင်ထဲအထိ စီးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။

မောင်ရေ၊

အချစ်ဆိုတာ အိမ်ထောင်တစ်ခုမှာ အရေးအပါဆုံး ပါပဲကွယ်။

အချစ်မပါဘဲနဲ့ အနှစ်နှစ်ဆယ်၊ သုံးဆယ် တည်မြဲခဲ့တယ်ဆိုတဲ့ အိမ်ထောင်ရေးမျိုးတွေ ရှိကောင်းရှိခဲ့ပါလိမ့်မယ်။ ဘာကြောင့် အချစ်မပါဘဲ လက်ထပ်ခဲ့ကြပြီး ဒီလောက် တည်မြဲခဲ့ကြရတာလဲလို့ တွေးကြည့်မိသလား မောင်ရေ။

တချို့က မိဘတွေကောင်းတယ်ဆိုပြီး စီစဉ်ပေးခဲ့တာ။ တချို့က ဂုဏ်ချင်းထပ်မြတ်တယ်လို့ ယူဆခဲ့တာ။ တချို့က လက်ထပ်ရင်မဖြစ်တဲ့ အကျဉ်းအကျပ် အခြေအနေတွေ ရှိခဲ့ကြတာ။

အဲသလို ကိုယ့်အပေါ် လွှမ်းမိုးမှု၊ လွှမ်းမိုးသူတွေရဲ့ အလိုကျ နှစ်ဦးသဘောတူ ကျေနပ်လက်ထပ်ခဲ့ကြပြီး နှစ်ဦးအတူတကွ အချစ်နဲ့ လွဲချော်ခဲ့ကြတယ်လို့ ကျွန်မထင်တယ်။

သူတို့ဘဝတွေ လှလှသသဖြစ်ကောင်းဖြစ်နေကြမှာပါ။ ဒါပေမဲ့ သူတို့ ကြည်နူးချမ်းမြေ့နိုင်ကြပါ့မလား။





အစဉ်အလာစီးကြောင်းထဲမှာ မျောပါရင်း ဘဝကို ရုန်းဆင်းသွားရမှာပဲ။ သူတို့အစား နမြောလိုက်တာ။

ကျွန်မကတော့ အဲသလို အချစ်မဲ့ပေါင်းစည်းပြီးမှ ရလာမယ့် လှလှသသဘဝမျိုးထက် အချစ်နဲ့စည်းလုံးညီညွတ်ပြီး ရလာမယ့် စိတ်တူကိုယ်တူ ဘဝမျိုးကိုပဲ မျှော်လင့်တောင့်တမိတယ်။

ပေါင်းစည်းကြတာချင်း အတူတူ။

တည်ဆောက်ကြတာချင်း အတူတူ

အချစ်ကိုပဟိုပြုပြီး နားလည်မှုတွေ ဝန်းခတ်လို့ ပေါင်းစည်းတည်ဆောက်ကြမှသာ ပိုပြီး ကျယ်ပြန့်နိုင်မှာတဲ့ ဘဝတစ်ခုကို ရလိမ့်မယ်လို့ ယုံကြည်တယ်။

"တဲအိုမျက်" လို့ အမည်ပေးထားတဲ့ မောင့်ရဲ့ပန်းချီကားချပ်လေးက ကျွန်မရင်ထဲက ယုံကြည်ချက်တွေကို ထောက်ခံပေးနေပါတယ်။

"ဝသုန်"

"ဟင်…"

"ဒီပန်းချီကားကို ခံစားတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဝသုန် ခံစားမိသလို ပြောရမှာလား မောင်"

"ပြောပါ"

"ဒီပန်းချီကားကိုကြည့်ရင်း ဝသုန် အဲဒီသီချင်းလေးကို သတိရနေတယ်၊ တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ချစ်တာချစ်တာ ပစောနလို့ ဆိုချင်တယ် မောင်ရယ် ဆိုတာလေ၊ အဲဒီ ရင်ကျူးသံဟာ တော်ရုံတန်ရုံ ခံစားချက်မျိုးနဲ့ သာမန်နှလုံးသားက ပေါ်ထွက်လာတာ မဟုတ်ဘူး၊ အချစ်နဲ့ဘဝကို တည်ဆောက်ချင်သူတွေရဲ့ ကိုယ်စား ကျူးရင့်လိုက်တဲ့ စေးသွားတစ်ခုပဲ"

"အင်း ဆက်ပြောပါဦး"

"တဲအိုပျက်ဆိုတာကလဲ နောက်ဆုံးအဆင့်ကို ကြိုတွက်ထားတဲ့ သဘောပါ မောင်၊ ဘယ်ချစ်သူကမှ ကိုယ့်ချစ်သူကို တဲအိုပျက်နဲ့ ဘဝထဲ ဆွဲမသွင်းကြပါဘူး၊ အရောက်မခံကြပါဘူး ဒါဟာ အကောင်းဆုံးဖြစ်ဖို့အတွက် အဆိုးဆုံးအခြေအနေကို ကြိုတင် လက်တွဲပြင်ဆင်ကြမယ်ဆိုတဲ့ သဘောပါပဲ".

"ဝသုန် သိပ်တော်တယ်၊ မောင့်ပန်းချီကားထဲက တဲအိုပျက်လေးကို ဝသုန် အသက်သွင်းပြလိုက်တာ ပီပြင်တယ်ကွာ"

"မောင့်ရင်ထဲကို လှမ်းမြင်ရလို့ပါ၊ ဝသုန်က ပန်းချီကို





အဲသလောက် ခံစားတတ်တာ မဟုတ်ပါဘူး"

မောင် ပြုံးတယ်။

ပြီးတော့…

"ဝသုန်ပြောတာမှန်ပါတယ်၊ တကယ်တော့ အချစ်ဆိုတာ နန်းတော်ထဲ၊ ဥယျာဉ်ထဲမှာ အဆောင်အယောင် အခမ်းအနားတွေ ခြံရံပြီးမှ ပွင့်ရမယ့် တော်ဝင်ပန်းတစ်ပွင့် မဟုတ်ပါဘူး၊ သူ့ နှလုံးသား ကိုယ့်နှလုံးသား ရေခံမြေခံ အခြေခံပြီးလေသာ ဒီဇာတ်ခံရင်းလဲ ပွင့်မြဲပွင့်မယ် သဘာဝပန်းတစ်ပွင့်ပဲလေ၊ ဟုတ်တယ် မဟုတ်လား"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

မောင်ပေးတဲ့ဥပမာက ကောင်းလိုက်တာ။

ကျွန်မ ယုံကြည်မှုနဲ့ ကျက်တိပဲ။

အဲသလောက် ထပ်တူညီတဲ့ ခံစားချက်တွေနဲ့ ဖွဲ့တည်ထားတဲ့ ကျွန်မတို့နှစ်ယောက် နေရာတိုင်းမှာ ထပ်တူညီတဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ကြမှာပါနော်။ ကျွန်မ တကယ်မျှော်လင့်မိပါတယ်။

• • •



www.burmeseclassic.com

မမောနိုင်မပန်းနိုင် လှုပ်ရှားနေမိတယ်။ ဗိုက်ဆာတော့ ကျွန်မစိတ်ကြိုက် မောင်က စီစဉ်ပေးတယ်။ ဗိုက်ရမယ့်စာရင်းကို ကျွန်မတို့ တိုင်ပင်ပြုစုကြတယ်။

အခုဆိုရင် ကျွန်မတို့ အိမ်သစ်ကလေးမှာ အခြေချမိကြပြီ လေ။ မောင်နဲ့ ကျွန်မတို့ နှစ်ဦးပိုင်ဆိုင်တဲ့ ငွေကြေးကလေးနဲ့ တောင်ခဲ့မှာ အိမ်ဝယ်ဖြစ်ကြတယ်။ ဆယ့်ငါး၊နှစ်ဆယ် မြေကွက် ဆိုတော့ အကျယ်ဝန်းကြီး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ ကျေနပ်ကြတယ်။

မောင် တားတဲ့ကြားက ကျွန်မတောင်းပန်ပြီး သက်ဝင် လက်စားတချို့ကို ရောင်းလိုက်တယ်။ အိမ်ကလေးကို အထိုက် အလျောက် ပြုပြင်မွမ်းမံတယ်။ လိုအပ်တာလေးတွေ ဖြည့်စွက် တယ်။ ပရိဘောဂကတော့ ကျွန်မ နဂိုအိမ်ကလေးဆီက သယ်လာ ရတာပေါ့။

ဘာပဲပြောပြော ကျွန်မပျော်တယ်။

အိမ်ကိစ္စပြီးတာနဲ့ မင်္ဂလာပွဲအတွက် ကျွန်မတို့ လုံးပမ်းကြ တယ်။ အဲဒီရပ်ကွက်က ဓမ္မာရုံကလေးမှာ ကျွန်မတို့ မင်္ဂလာပွဲကို ခင်းကျင်းကြမယ်လေ၊ နဂို စီစဉ်ထားတဲ့အတိုင်းပေါ့။





မနက်စင်း ဘုန်းကြီးပင့် ဆွမ်းကပ်မယ်၊ ပြီးရင် အပေါင်း အသင်းတွေကို ကျွေးမယ်။ ကျွန်မတို့နိုင်သလောက်နဲ့ပဲ စီစဉ်ကြ တယ်ပါ။ ပကာသနလည်း မပါဘူး၊ သဘာဝကျချင်မှလည်း ကျမှာပေါ့။

"ဝသုန်"

"ဟင်… အမေ"

စားပွဲမှာ မျက်နှာချင်းဆိုင် စာရင်းပြုစုနေတဲ့ ကျွန်မတို့ နှစ်ယောက် အိမ်ပေါက်ဝက အသံကြောင့် ငြိုင်တူ ခေါင်းမော့ မိကြတယ်။

"ဝသုန့်အမေလား၊ ခေါ်ကွာ၊ မောင်နဲ့လဲ မတွေ့ရသေးဘူး"

ကျွန်မကိုပြောပေမဲ့ ရှေ့ကိုရောက်သွားတာက သူလေ။ အိမ်ရှေ့သံတံခါးကို သူ ဆွဲဖွင့်လိုက်တယ်။

"လာပါ အမေ၊ ထိုင်ပါ"

အမေ ဝင်လာတယ်။ တစ်ယောက်တည်းပါ။

"ဘာလို့ လိုက်လာတာလဲ အမေရယ်၊ ဝေးကဝေးနဲ့"

ကျွန်မ ပြောမိလိုက်တဲ့စကား အမေ့မျက်နှာ တင်းမာသွားခဲ့ တယ်။ ပြီးတော့…

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ သမီး" တဲ့။

"ဟုတ်သားပဲ ဝသုန်ရယ်၊ အမေ စိတ်မကောင်းဖြစ်အောင် မပြောပါနဲ့၊ မြသော် အမေ၊ ကျွန်တော် ပန္နက်မိုးပါ၊ အမေ့ကို ကန်တော့ပါရစေ"

ကျွန်မလက်ကို ဆွဲနှိပ်ရင်း သူ ပုဆစ်တုပ်လိုက်တော့ ကျွန်မပါ လိုက်ထိုင်မိရတယ်။

"အေးကွယ်၊ သားကိုတော့ အမေ မမြင်ဖူးခင်ကတည်းက ကျေးဇူးတင်ပြီးသားပါ၊ သမီးကို သားလိုလူလေးမျိုးရဲ့လက်မှာ အမေ စိတ်ချလက်ချ ထားနိုင်ပါတယ်၊ ဝမ်းလဲသာတယ် သား။ အမေ့ကို လာမတွေ့တာလဲ အမေနားလည်တယ်၊ ခုလဲ သားတို့ မဖြစ်မနေလာနေရမှာစိုးလို့ အမေ လာခဲ့တာ၊ မနူကာ လိုက်ပို့မယ် ပြောပါတယ်၊ အားနာလို့ ကိုယ့်ဘာသာပဲ မေးမြန်းလာခဲ့တယ်။ ကဲ သမီး၊ ဘယ်လိုလဲ စိတ်ချမ်းသာရဲ့လား"

"ဟုတ်ကဲ့"

"ကောင်းတယ်၊ ဒါမှ သမီးဘဝလေး တင့်တယ်သွားမှာ။ သမီးတို့ မောင်ပန္နက်မိုးရဲ့ မေမေနဲ့ တွေ့ပြီးကြပြီလား"

"မတွေ့သေးပါဘူး အမေ"





"တွေ့လိုက်ကြကွယ်၊ အိမ်ဝယ်တာ လောလိုက်တာ။ လူကြီးတွေ စီမံပေးမှာပေါ့၊ သားမေမေက အမေ့ကို လာတွေ့ရှာပါတယ်၊ သားတို့ကိုလဲ စိတ်မဆိုးပါဘူး၊ သူ့ဝတ္တရားရှိတဲ့အတိုင်း စီစဉ်ပေးမယ်လို့ ပြောတယ်"

ကျွန်မ မောင့်ကို လှည့်ကြည့်လိုက်မိတယ်။

မောင် အံ့ဩသွားဟန်မရှိတာ တွေ့ရတယ်။ သူ မျှော်လင့်ထားတဲ့စကားလား၊ သူ သိထားပြီးတဲ့အကြောင်းလား။

ဒါပေမဲ့ မောင်က ပြောလိုက်ပါတယ်။

"ကျွန်တော်တို့ ဘယ်သူ့မှ အားမကိုးဘဲ နှစ်ယောက်ဘဝ တည်ဆောက်ကြဖို့ ဆုံးဖြတ်ထားပါတယ် အမေ၊ မေမေနဲ့ မေမေ့ကိုလဲ ကျွန်တော်တို့ သွားကန်တော့မှာပါ"

အမေက ကျွန်မကို ကြည့်တယ်။

ဒီဆုံးဖြတ်ချက်ဟာ ကျွန်မစိတ်ရဲ့ဆန္ဒပဲဆိုတာ ကျွန်မကို မွေးထားတဲ့အမေက သိပ်သိတာပေါ့။ ဒါပေမဲ့ အမေက ဘာမှ မပြောဘဲ ခေါင်းညိတ်တယ်။

"အမေ ထမင်းစားပြီးမှ ပြန်လေ၊ သမီး ချက်ထားတယ်"

"ချက် ချက်၊ နောက်ဆို ထမင်းဟင်းချက် ပြီးလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ဘူး"

ကျွန်မ အမေ့ကို ထမင်းခူးကျွေးပြီး မေးခွန်းတွေ မေးရတော့တယ်။ မောင့်မေမေရဲ့ ကမ်းလှမ်းချက်ကို အမေက ဝမ်းသာအားရ ပြန်ပြောပြတယ်။

စိန်တစ်ဆင်ဆာတဲ့။

အဲဒါ ကျွန်မတန်ဖိုးလား။

မဟုတ်ပါဘူး။ ဒါဟာ ကျွန်မမောနကို ရိုက်ချိုးဖျက်ဆီးပစ်မယ့် လက်နက်တစ်မျိုးပဲ။ အမေ လက်ခံယူမထားလိုက်တာ တော်သေးတာပေါ့။

ကျွန်မသဘောထားကို အမေသိအောင် ပြောပြလိုက်တယ်။ ကျွန်မတို့ရဲ့ ညှိခံပွဲကိုလည်း အမေ လာခွင့်မလိုကြောင်း ပြောရတော့တယ်။

အမေက တိတ်တိတ်ကလေး ဆူရှာတယ်။

နင်ရူးနေပြီတဲ့။

ကျွန်မ ရယ်ပြလိုက်ပါတယ်။

အမေ ပြန်တော့...

"ဝသုန့်ကို အလိုမလိုက်နဲ့ မောင်ပဈွန်းမိုး၊ သူ့စိတ်ကို



ဆိုနှင်းပေးမယ့်သူရှိမှ ဖြစ်မယ်၊ သားကို အမေ အပ်ပါတယ်ကွယ်၊ ဆုံးမပါ၊ သွန်သင်ပါ၊ ခွင့်လွှတ်ပါ၊ သည်းခံပေးပါနော်"

"ဟုတ်ကဲ့၊ စိတ်ချသွားပါ အမေ"

မောင် ကတိပေးလိုက်တာလား၊ သေချာရဲ့လား မောင်ရေ။

"တွေ့လား မောင့်ကို အပ်သွားပြီနော်၊ စကားမှောင်ဦး အမေ့ကို ကားငှားပေးလိုက်ဦးမယ်"

မောင်က အမေ့လက်ကိုတွဲပြီးဆင်းသွားတယ်။ မောင်ရယ်၊ အဲဒီလို မလုပ်ပါနဲ့လားကွယ်၊ ဝသုန်ကတော့လေ မောင့်မေမေကို အဲဒီလို ဆက်ဆံနိုင်မှာ မဟုတ်ဘူး။

ဝသုန့်အမေက ရှိုးသားတယ်။

မောင့်မေမေက မရိုးသားဘူး။

အဲဒီကွာခြားချက်နှစ်ခုကို ဝသုန်တို့ ဘယ်လိုမှညှိလို့ ရနိုင်မှာ မဟုတ်ဘူးနော်။

ကြည့်ပါဦး၊ ပြောသွားလိုက်တာ မောင့်မေမေလေ။

"မိဘအုပ်ထိန်းမှုအောက်မှာ မကြီးပြင်းခဲ့ရမှတော့ ဒီလောက်တော့ ရှိမှာပေါ့"တဲ့။

ကျွန်မ ဘယ်လိုစမှုပစ်ရမယ့်စကားလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အရိုင်းအရိုင်းတစ်ယောက်လို့ လက်ညှိုး ထောက်ထောက် စွပ်စွဲတာထက်တောင် နာသေးတယ်။ ကျွန်မရဲ့ဘဝဟေ အခြေအနေကို တိုက်ရိုက်ထိနိုက်စော်ကားပစ်လိုက်တာပဲ။

ဘယ်မိန်းကလေးမျိုးက မိဘရင်ခွင်ကို မမက်မောဘဲနေကြမှာလဲ။ ကျွန်မလဲ အမေ့ရင်ခွင်မှာ ဝင်ပြီး နားခိုအိပ်စက်ပစ်ချင်လိုက်တာ။ အဲဒါ သိတတ်စအရွယ်ကတည်းက ကျွန်မ တောင့်တခဲ့တဲ့ ဆန္ဒပဲ။

ပြီးတော့ အမေ။ အမေ့မေတ္တာ။ အမေ့ဆုံးမစကား အမေ့အရိပ်အာဝါသကို ကျွန်မ သိပ်တောင့်တခဲ့တာပေါ့။ သူများတကာ အမေတွေကိုတွေ့တိုင်း ကျွန်မ ကျိတ်ပြီး မျက်ရည်ကျခဲ့ရတာ။

ကျွန်မဘဝက အမိအဖရဲ့ အုပ်ထိန်းမှုအောက်က ကင်းလွတ်နေခဲ့ရတဲ့ဘဝ။ ကျွန်မ သိပ်မုန်းတဲ့ဘဝ။ အဲဒီဘဝကိုမှ ထိမိုက်တွန်းတိုက်ပစ်တာ မောင့်မေမေလေ။

သူနဲ့ ကျွန်မ ဆုံခဲ့တာ ခဏလေးပါ။

သူ့စကားကလည်း နည်းနည်းလေးပါ။

ဒါပေမဲ့ သေးသေးချွန်ချွန်လေးနဲ့ နှလုံးသားထဲကို နက်နက်





ရှိုင်းရှိုင်း ထိုးဝင်လာတဲ့ ဆူးလိုပဲ။

'အောင်မြင်သွားတဲ့အခါ သူ့ကို လှည့်မကြည့်ကြတော့တာများပါတယ်' ဆိုတဲ့စကား၊ 'ကျေးဇူးသိတတ်တဲ့ သူတွေနဲ့ သိပ်မတွေ့ရပါဘူးကွယ်' ဆိုတဲ့ စကား။

အပ်သွားလို စူးနစ်ဝင်သွားခဲ့ရတယ်။

မောင့်မေမေက သိပ်စကားတတ်တဲ့သူပဲ။

သေသေချာချာ တွေးမကြည့်ရင်တော့ သူ့စကားအပေါ် ကိုယ်ကပဲ အကျွံအနံ ကောက်သလိုလို။

ရေးရေးကလေးမှ မမြင်သာတဲ့ သူ့အစွယ်တွေ။

အဲဒီလို ယောက္ခမမျိုးကို ကျွန်မ ဘယ်လိုရှိသေကိုင်းရှိုင်းရမှာတဲ့လဲ။

ခုပဲကြည့်။ ကျွန်မကို တိုက်ရိုက်ရို့ ဘယ်တောင်ပံ၊ ညာတောင်ပံဖြန့်ပြီး သူ စစ်ချီတော့မယ်။

ကျွန်မကတော့ အရှုံးမပေးနိုင်ဘူး မောင်ရေ။

မောင် နားလည်ပေးနိုင်ပါစေ။

• • •



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

"ဝသုန့်ကို အလိုမလိုက်ပါနဲ့သား၊ အခု သားတို့လုပ်နေတာတွေဟာ သမီးရဲ့ဆန္ဒတွေဆိုတာ အမေ သိပါတယ်၊ သမီးက ဘဝနာခံရတဲ့ မိန်းကလေး၊ ရှင်းရှင်းပြောရရင် အနာရထားတဲ့ ကျားမလေးပဲ သား။ ကျားနာတစ်ကောင်ရဲ့ ဒေါသကို သား သဘောပေါက်ထားရလိမ့်မယ်၊ သားမေမေကို သား သွားတွေ့ပါ တောင်းပန်ပါ၊ လူကြီးတွေ စီမံရာကို နာခံပါ သားရယ်"

ဝသုန့်အမေရဲ့ တိုက်တွန်းမှုကို နားထောင်ရင်း ရင်တွေ လာရတယ်။ ဝသုန်က ကျားနာမလေးတဲ့။ ကျားနာဆိုတာ မြင်မြင်သမျှ ရန်သူထင်တတ်တယ်ဆိုတဲ့ သဘော။ ဝသုန့်ဘက်ကို နားလည်နိုင်ပါတယ်။





ဒါပေမဲ့ မေမေ့ကိုလည်း သူ နားလည်နေတယ်။ မေမေ ဝသုန့်ကို ဘယ်နည်းနဲ့မှ အမြင်ကြည်နိုင်မှာ မဟုတ်ဘူးလေ။ လက်ဖွဲ့မယ်ဆိုတဲ့ကိစ္စ ချွေးနှီးသားရှိ၊ မဟုတ်တာအမှန်ပဲ။ ညီလေး လက်ထပ်တုန်းကတောင်မှ နှစ်ဖက်မိဘ သဘောတူကြတာဖြစ်ပါလျက် မေမေ့ဘက်က ဒီလောက်မရက်ရောခဲ့ဘူးလေ။

ခုတော့ မေမေက ရှုံ့ပြီးစီစဉ်တာ။

လက်ခံမှာမဟုတ်ဘူးဆိုတာ သိသိကြီးနဲ့ မက်လုံးပေးနေတာ။ အများအမြင်မှာ မိဘစေတနာကို စော်ကားသူများအဖြစ် ကမ္ပည်းထိုးခံရအောင် ဖန်တီးနေတာ။ ဒါကို သူသိနေပြန်တယ်။

လက်ရှိအခြေအနေမှာတော့ ဝသုန့်ဆန္ဒတွေ သူ လိုက်လျောပေးနေဖြစ်တယ်။ ဒါကလည်း သူ့ဆန္ဒနဲ့ အထိုက်အလျောက် ကိုက်ညီနေတဲ့အတွက်ပဲ။

သူ အိမ်ထောင်ပြုခဲ့ပြီလေ။

ဒီအိမ်ထောင်တစ်ခု တည်တံ့နိုင်မြဲဖို့ဆိုတာ အိမ်ထောင်ရှင် နှစ်ဦးလုံးရဲ့တာဝန်ဖြစ်တယ်။ နှစ်ယောက်ညီညွတ်ကြဖို့ လိုတယ်။

ပြီးတော့ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နိုင်တဲ့ အရွယ်တွေရောက်ပြီမို့ မိဘအားကို ၊ မိဘအရှိန်အဝါနဲ့ လက်မ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မနေချင်တာလည်း နှစ်ယောက်စလုံးရဲ့ ဆန္ဒတွေဖြစ်တယ်။ ဒါကြောင့်

"ကျွန်တော် ဝသုန်ကို စိတ်ချမ်းသာအောင် ထားနိုင်မယ်လို့ ယုံပါတယ် အမေ၊ သူ့ကို ကျွန်တော် နားလည်ပါတယ်၊ သူ့စိတ်ကို ကျွန်တော် အနှောင့်အယှက်ရမသွားစေချင်ပါဘူး၊ အမေ သဘောပေါက်မှာပါ" လို့ ပြောလိုက်ရတယ်။

"အင်း ခက်တယ်၊ ခက်တယ်" ဆိုတဲ့ ညည်းညူမှုနဲ့ သူ ပြန်သွားလေရဲ့။

အိမ်တံခါးဝမှာတော့ ဝသုန်က ငုတ်တုတ်ကလေးထိုင်ရင်း စောင့်နေတယ်။

"မှာသွားတယ်နော်၊ နားနားရိုက်တဲ့"

စကားကို ပေါ့ပေါ့လေးပြောရင်း ချစ်သူ့ပခုံးကိုဖက်ပြီး အိမ်ထဲကို ဝင်လိုက်တယ်။ ဝသုန်က...

"မောင် ရိုက်ရင်ခံမှာပါနော်" တဲ့လေ။

"စကားပါ ဝသုန်ရာ၊ မောင် အဲဒီလိုယောက်ျားမျိုး ဘယ်တော့မှ မဖြစ်ရဘူး၊ ချစ်လို့ ယူထားကြပြီးမှ စိတ်အခန့်မသင့်တာနဲ့ ရိုက်လားနှက်လား လုပ်ကြတာ၊ ယောက်ျားအားနဲ့ မိန်းမအား





ဘယ်လိုမှ မမျှတာဘဲ၊ မောင် သိပ်စက်ဆုပ်တဲ့အလုပ်ပါ ဝသုန်"

"ဝသုန်ကတော့ အဲဒီလို ပေါက်ကွဲပြလိုက်တာကိုမှ ခံချင်သေးတယ်၊ မကျေနပ်ရင် လမ်းခွဲလိုက်ကြရုံပဲလေ၊ တချို့ယောက်ျားတွေကတော့ အဲဒီလိုမလုပ်ဘူး မောင်၊ ဖျောဖျောလေးနဲ့ ညှဉ်းသတ်ကြတာ ဝသုန် အကြောက်ဆုံးပဲ"

"အဲဒါ မချစ်တတ်ကြသူတွေရဲ့လုပ်ရပ်တွေပါ ဝသုန်ရယ်၊ မောင်တို့နဲ့ မပတ်သက်တာတွေ မဆွေးနွေးကြပါနဲ့နဲ့၊ စာရင်းတွက်တာ မပြီးသေးဘူး၊ ဆက်တွက်ကြရအောင်၊ မင်္ဂလာပွဲလဲ ပြီးရော လက်ထဲလဲ ပြတ်ရောဆိုမှ ခုက္ခ"

ဝသုန်က ရယ်တယ်။

"လက်တွေ့မှ မပြတ်သေးဘဲ မောင်ရယ်၊ ပူမနေပါနဲ့"

တဲ့။

ဟုတ်ပါတယ်လေ။ တစ်ယောက်ကိုတစ်ယောက် အားပေးကြရင်း ဆက်ပြီးကြိုးစားကြရမှာပေါ့။

လူတစ်ယောက်ရဲ့ဘဝ အောင်မြင်ဖို့အတွက် ထဲ၊ ဥာဏ်၊ ဝီရိယဆိုတာ အခြေခံကျတဲ့ လိုအပ်ချက်တွေပါ။ ဒါပေမဲ့ လူနှစ်ယောက်ရဲ့တစ်ဘဝ အောင်အောင်မြင်မြင် ထူထူထောင်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ဆိုတာကတော့ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးတည်းနဲ့ မရ နိုင်ဘူး။ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ်၊ အချစ်ရယ်ဆိုပြီ 'အချစ်အင်အားတစ်ရပ်' ပူးပေါင်းပါဝင်လာမှ လုံလောက် လိမ့်မယ်။

ချစ်သူတစ်ယောက်ဟာ
ချစ်သူတစ်ယောက်အတွက်
အောင်မြင်ခြင်းအကြောင်းတရားတစ်ရပ်ပဲလေ။

* * *

"မင်းအမေကို ဘယ်တော့သွားတွေ့မှာလဲ"

"တွေ့မှာပေါ့ ကိုချောရာ၊ မေမေ့ကို တွေ့ရမှာ ကြောက်နေ လို့ပါ"

"မဟုတ်သေးဘူးကွာ၊ ဒါတော့ ငါမင်းကို အပြစ်တင်ရမ် တယ်၊ ဝသုန်နဲ့အမေနဲ့တောင် တွေ့ပြီးပြီ မဟုတ်လားကွာ"

"အဲဒါ သူ ရောက်လာလို့လေ"

"အေး ဒါတော့ သူကသူပဲ ပစ္စုန်၊ မင်းအမေကတော့ အဲဒီလို ရောက်လာမှာ မဟုတ်ဘူး၊ မင်းက သားပဲ၊ မင်းတွေ့





ရမယ်၊ ဒီအချိန်ရောက်မှ သူက မင်းတို့ကို ခွဲမနေပါဘူး ပစ္စုန် ရာ။ မင်းအမေကို ကြောက်တယ်ဆိုတာကမှ လက်ခံလို့ ရသေးတယ်၊ အမေကို ဘာလို့ကြောက်နေမှာလဲ၊ သွားလဲ ခံလိုက် ပေါ့ကွာ"

ချောလွင်ရဲ့ ထောက်ပြချက်ဟာ အမှန်တရားတစ်ခုပါ။ မေမေ့ကို တွေ့သင့်တယ်။ မေမေ့အစီအစဉ်တွေကို လက်မခံနိုင် တာက တစ်ပိုင်းပဲ။

'အမေ' ဆိုတဲ့အသံ၊ အမေရဲ့မေတ္တာ၊ အမေ့ရဲ့စေတနာ၊ ဒါတွေကို အမေ့မာနနဲ့ အစားထိုးဥပေက္ခာ မပြုလိုက်သင့်ပါဘူး။

"ဝသုန် မသိအောင် သွားမှဖြစ်မယ်"

"သွားပေါ့ကွာ၊ မင်းကိုတော့ အခန်းထဲ သော့ခတ်ပိတ် မထားပါဘူး၊ မင်းတို့ တရားဝင်လက်ထပ်ပြီးသားပဲဟာ"

စိတ်ကို ခိုင်ခိုင်းချုပြစ်လိုက်တယ်။

မေမေ့ကို သွားတွေ့မယ်။

ဝသုန့်ကိုတော့ အကြောင်းပြရမှာပဲ။ ဒီအချိန်မှာ ဝသုန် ကလည်း သူ့ကို မျက်စိအောက်က အပျောက်မခံတော့တာ။

စုတောင်မှ သူ့ရှေ့ကပျောက်သွားတုန်း ချောလွင့်ရဲ့စကားလွှတ်



www.burmeseclassic.com

www.burmeseclassic.com



လတ်လပ်လပ် ပြောခွင့်ရတာ။

"ငါတို့ ဘာလုပ်နေကြတယ်ဆိုတာ မေမေသိနေတယ် မဟုတ်လား ကိုချော၊ သူ ဘာပြောလဲ"

"သူ ဝသုန်ကို ခေါ်သတ္တကျက်နေတယ်၊ ဒါ အမှန်ပဲ ပန္နက်၊ ငါ မညာချင်ဘူး၊ မင်းအမေနဲ့ မိန်းမနဲ့ အမေရဲ့ကြားမှာ ညှိပေးတာက်ဖို့ အရေးကြီးတယ်"

"ဟူး အဲဒါ ဘယ်လိုမှဖြစ်လာမှာ မဟုတ်ဘူး၊ ငါပဲ ရှုံးသွားလိမ့်မယ်"

ကိုယ့်အဖြစ်က မရှုနိုင်၊ မကယ်နိုင်ပါပဲ။

"လောလောဆယ်တော့ ရေလိုက်ငါးလိုက်နေပြပေါ့ ပန္နက်ရာ၊ နှစ်ဖက်ထိပ်တိုက်မတွေ့ဖို့လောက်တော့ မင်း ထိန်းထားရလိမ့်မယ်"

"တွေ့စရာမရှိပါဘူး ကိုချော၊ မေမေကလဲ ငါတို့ဆီ မလာပါဘူး၊ ဝသုန်ကလဲ သွားမတွေ့ပါဘူး၊ ဒါတော့ ငါ ထိန်းနိုင်ပါတယ်"

"ဒါဖြင့်လဲ ပြီးရောပေါ့၊ မင်းအမေကိုတော့ သွားတွေ့ပြီး ခေါင်းချေ့လိုက်ပါ ပန္နက်၊ အမေဆိုတဲ့ သံယောဇဉ်က မင်းစိတ်ကို





တင်းကျပ်စေမှာ မဟုတ်ပါဘူး"

ချောလွှင့်ပြန်သွားတော့ မေမှုကို သတိရစိတ်တွေ ရင်မှာ ပြည့်သိပ်လာတယ်။ သူ့ကို လူလားမြောက်အောင် ပြုစုပျိုးထောင်ခဲ့တဲ့ မေမေ။ သားကြီးဖို့ ဦးစားပေးပြီး အခွင့်အရေးတွေ ပေးခဲ့တဲ့

[illegible]

မေမေနဲ့ သဟဇာတမဖြစ်တဲ့သားအတွက် အမြဲဖာထေးကာကွယ်ပေးခဲ့တဲ့ မေမေ။ မေမေရယ် သား မှားနေရင် ခွင့်လွှတ်ပေးပါဗျာ။

စို့လာတဲ့မျက်ရည်တွေကို မျက်တောင်ခတ်ထိန်းလိုက်မိတယ်။ ဝသုန် ပြန်လာတော့မယ်။ သူ့ကို ဒီအတိုင်း မြင်သွားလို့မဖြစ်။

သူ အင်္ကျီချွတ်ပြီး ရေချိုးဖို့ ပြင်လိုက်တယ်။ ရင်ဘတ်ပေါ်မှာ အမာရွတ်ကလေးက ထင်းနေနဲ့။ အဲဒီအမာရွတ်က ရေချိုးမှုလောင်တာလေ။ မေမှုမှာ သူ့ကြောင့် ဖြစ်ရတယ်ဆိုပြီးတစ္ဆပ်ရှုပ်ငိုလိုက်တာ။ သူ ဆယ့်တစ်နှစ်သားကပေါ့။

"မောင် ရေချိုးနေတာလား"

"အော်... ဝသုန်ပြန်လာပြီလား၊ ဟုတ်တယ် ဝသုန်၊



www.burmeseclassic.com

ဦးတော့မှာပါ"

"မြန်မြန်လုပ်နော်၊ အအေးမိဦးမယ်"

ရေ ကမန်းကတမ်းချိုးထွက်လာတော့ ဝသုန်က မျက်နှာသုတ်ပဝါကို ကိုင်ရင်း စောင့်နေတယ်။ သူ့ကိုယ်ပေါ်ကရေစက်တွေကို တယုတယ သုတ်ပေးနေတဲ့ချစ်သူကြောင့် ရင်တွေနွေးလာရတယ်လေ။ အဲဒီအချိန်မှာတော့ မေမေဆိုတာ အာရုံထဲမှာ ပေဝါးပျောက်ကွယ်သွားလေရဲ့။

* * *

"ဟင်… ကိုကြီး၊ မေမေ ကိုကြီး ပြန်လာပြီ၊ ဒီမှာ ကိုကြီးရယ် လွမ်းလိုက်တာ"

ညီမလေးက ဖက်တွယ်ငိုချလိုက်တော့ ရင်ထဲမှာ နင့်ခနဲ။ မိသားစု အလိုက်အမြဲရဲ့ အငွေ့အသက်တွေ ချက်ချင်း တောင့်တလာမိတော့တယ်။

"ပန္နက်လား အပေါ်တက်ခဲ့ သား"

"ဟုတ်ကဲ့ မေမေ"

မေမေရှိရာကို တက်လာတော့ ခြေလှမ်းတွေက နှေးကွေး



လေးလံလို့ပါ။ ရင်ထဲမှာ တလှပ်လှပ်။

"မေမေ"

မေမေ့ကိုတွေ့တော့ မျက်ရည်က ထိန်းမရ။ ဘယ်လိုက ဘယ်လို ကျလာမှန်းမသိတော့။

"တစ်ယောက်တည်းလား သား" ဆိုတဲ့ မေမေ့အသံကလည်း တုန်ခါလှိုက်မောနေပြန်တယ်။

"ဟုတ်… ဟုတ်ပါတယ် မေမေ"

မေမေ ငိုတော့မချလိုက်ပါ။ စိတ်ကို တင်းထားလိုက်ပုံပါပဲ။ လေသံတိုးတိုးနဲ့…

"ခုမှ ပြန်လာရသလား သားရယ်" တဲ့။

"ကျွန်တော် ပြန်လာတာမဟုတ်ဘူး မေမေ" ဆိုတဲ့ စကားကို မနည်းအားယူ ပြောလိုက်ရတယ်။

မေမေက ခေါင်းညိတ်တယ်။

"အင်း ဟုတ်တာပေါ့၊ သားကို မေမေတို့မှ မပိုင်တော့ဘဲ၊ ဟိုကလေးမရော သားလာတာ သိရဲ့လားကွယ်"

"သိ… သိပါတယ် မေမေ"

မေမေ့ကို ညာပြောလိုက်ရပါတယ်။ ဝသုန့်အကြောင်း မေမေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေ ထပ်မတင်စေချင်လို့ပါ။

"ဒီလိုတော့လဲ ခွင့်ပြုသားပဲ၊ ဒါနဲ့များ ခပ်စောစောက လာခဲ့ရောပေါ့ သားရယ်၊ မေမေက သားကို ပေးစရာတွေ ပြင်ဆင်ပြီး စောင့်နေတာ"

"ကျွန်တော့်အတွက် ဘာမှမလိုပါဘူး မေမေ၊ မေမေတို့ မေမေတို့ရဲ့ မေတ္တာတွေ ပျက်မသွားကြရင် ကျွန်တော် ကျေနပ်ပါပြီ"

"ကြိုကြိုဖန်ဖန် သားရယ်၊ မိဘက မေတ္တာ ပျက်တယ်လို့ ရှိပါ့မလား၊ မေမေတို့က သားရှင်လေ၊ မေမေတို့မှာ ဝတ္တရားတွေ ရှိတယ် သား၊ မြန်မာဓလေ့ထုံးစံအရဆိုရင် ဒီကလေးမကို အုပ်ထိန်းသူလက်ပြန်အပ်ရမယ်၊ ပြီးတော့ မင်္ဂလာကိစ္စ ဆွေးနွေးကြရမယ်၊ ခက်တာက သူ့မှာ အုပ်ထိန်းသူမရှိဘူးလေ၊ မေမေ သူ့အမေကို သွားတွေ့ပါတယ်၊ ဖျော နိုးသားရှာတယ် သား ဝမ်းသာအားရ ကျေးဇူးတင်ကြောင်း ပြောတယ်၊ မေမေတို့ စိတ်ကြိုက်စီစဉ်ပါတဲ့၊ ဒါပေမဲ့ သားတို့ပေါ်လာတော့ မေမေတို့ ဘာလုပ်ရမှန်းမသိဘူး၊ သားကို စောင့်နေရတယ် သား"

"ကျွန်တော်တို့ ပုဂံမှာ ကြာသွားတယ် မေမေ၊ ပန်းချီပွဲမေ





ဖြစ်တာကြောင့်ပါ၊ အခု ကျွန်တော်တို့ တောင်သဂုံမှာ အိမ်ဝယ်ထားတယ်၊ သိပ်မကြာခင်မှာ စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ကြမယ်၊ မေမေ့ဆီကို မလာရဲလို့ မလာတာပါ မေမေ၊ မေမေ့ကိုလဲ ကြောက်လို့ပါ"

"သားမေမေက စုတလော လုံးဝမအားဘူး သားရေ၊ နိုင်ငံခြားကို ခဏခဏ သွားနေရတယ်၊ အခုလဲ မလေးရှား သွားတယ် သား၊ အိမ်မှာ မရှိဘူး၊ မေမေ့ကိုများ သားက ကြောက်ရတယ်လို့ကွယ်၊ မေမေက သားတို့ကိုခွဲမှာမို့လား၊ မေမေ့မှာလဲ သမီးလေးနဲ့ပါ၊ သူများသားသမီးကို အဲသလို လုပ်ပါ့မလား သားရယ်၊ သားချစ်လို့ ယူပြီးပြီပဲ၊ မေမေ့ခွေးမပေါ့၊ သားတို့အတွက် မေမေ ပေးသင့်ပေးထိုက်တာ ပေးရမှာပေါ့ သား၊ ပြီးတော့ မင်္ဂလာဆောင်ပေးရမယ်လေ"

"ကျွန်တော်တို့ လက်ထပ်ပြီးပါပြီ မေမေ၊ အဲဒါတွေ မလိုတော့ပါဘူး၊ ကျွန်တော်တို့ သူငယ်ချင်းတွေကို ဖိတ်ကျွေးဖို့ စီစဉ်ထားပါတယ်၊ ကျွန်တော် အရွယ်ရောက်ပါပြီ မေမေ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပါပြီ၊ မိဘဆီက ဘာအထောက်အပံ့မှ မယူပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာကွယ်၊ မိဘတို လူကဲ့ရဲ့အောင်တော့ သား မလုပ်ပါနဲ့"

မျှော်လင့်ထားတဲ့အတိုင်း မေမေနဲ့ အတိုက်အခံ ပြုရတော့မယ်။

"ဒါ ကဲ့ရဲ့စရာမဟုတ်ပါဘူး မေမေရယ်၊ မေမေ့စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် မိန်းမ တစ်ယောက်ကို ကိုယ့်အစွမ်းအစနဲ့ ရှာကျွေးပြချင်လို့ပါ၊ ကျွန်တော် အခု မလိုအပ်သေးပါဘူး မေမေ၊ သိပ်လိုအပ်လာတဲ့အခါ မေမေ့ကို အကူအညီတောင်းမှာပါ"

မေမေ့မျက်နှာ တင်းမာသွားတယ်။

ပြီးတော့...

"ဒါ မင်းမိန်းမသင်ပေးလိုက်တာလား"တဲ့။

"မဟုတ်ပါဘူး မေမေ၊ သားစိတ်ဆန္ဒအမှန်ပါ" ဆိုပေမဲ့ မေမေ လုံးဝ ယုံကြည်ဟန်မပြဘူး။

"မင်းမိန်းမအကြောင်း မေမေ သိတယ် သား၊ သူ့မှာ လောက်တော့ မေမေက ဂရုမစိုက်ဘူး၊ သူက မေမေ့ကို အနိုင် ယူသွားခဲ့တာ၊ သားကို မေမေ့ရင်ခွင်ထဲက ဆွဲထုတ်သွားခဲ့တာ





သူ အောင်မြင်ပါတယ်၊ သားက အချစ်စိတ်မှန်နေတာကိုး၊ အေး... ဒါပေမဲ့ နေရာတိုင်းမှာ သူ့ဖြစ်ချင်သလို ဖြစ်နိုင်မှာ မဟုတ်ဘူး သား၊ မေမေက မေမေတို့ရဲ့ဂုဏ်သိက္ခာကို အမွှန်းပဲ ခံပြီး သားကို ရွှံ့တော၊ ဗွက်တောထဲမှာ ပစ်ထားရမှာလား"

မေမေ့ခံစားချက်တွေ ပွင့်ထွက်လာခဲ့ပြီ။ စောစောက ကြေကွဲနေတဲ့ မေမေ့လေသံနဲ့ ဟန်ပန်တွေလည်း လုံးဝ ပြောင်းလဲသွားခဲ့ပြီ။

"ဒီလိုတော့လဲ မဟုတ်ပါဘူး မေမေရယ်၊ ကျွန်တော်ကလဲ ရွှံ့ဗွက်ထဲမှာ နေပျော်မယ့်ကောင် မဟုတ်ပါဘူး၊ ကျွန်တော့် အစွမ်းအစနဲ့ ဘဝသစ်တစ်ခု တည်ဆောက်ချင်တာပါ"

"အုတ်၊ ထုံး၊ သဲ၊ ကျောက် မပါဘဲနဲ့ ဘယ်လိုလုပ်ပြီး ခိုင်ခန့်တဲ့တိုက်ကို ဆောက်နိုင်မှာလဲ ပဒ္မုန်၊ သားဟာ ဖေဖေတို့ မေမေတို့ သားနော်၊ သား ဆောက်သင့်တာ ဘယ်လိုအဆောက်အဦးမျိုးဖြစ်မလဲ၊ အဲဒီအတွက် သားမှာ ဘာတွေလိုနိုင်သလဲ၊ ဘယ်ကရမလဲ၊ လူကြားကောင်းအောင် ဖွဲ့၊ လုံ့၊ ဝီရိယ ဆိုတာတွေ ကြွေးကြော်မနေနဲ့၊ အရေးကြီးတာက အရင်းအနှီးပဲ"

မေမေနဲ့ ပြိုင်ငြင်းနေလို့မဖြစ်တော့။ ဆက်လက်ဖြစ်ပွား



www.burmeseclassic.com

www.burmeseclassic.com



လာမယ့် ဇာတ်ပကျွတွေကြောင့် ဝသုန်နဲ့အပေါ် အငြိုးအတေးတွေ ပိုကြီးလာတော့မယ်။

"ကျွန်တော် သိပါတယ် မေမေ၊ ကျွန်တော်လဲ တဲကလေး ကိုတော့ မထိုးပါဘူး၊ မေမေ မေမေတို့ရဲ့ ဂုဏ်သိက္ခာလဲ ကျွန်တော့်ကြောင့် မညှိုးနွမ်းစေရပါဘူး၊ စိတ်ချပါ"

"ဒါဖြင့်လဲပြီးရော၊ သား ဘယ်နေ့ပြန်လာမလဲ၊ မေမေ စီစဉ်ထားမယ်"

"သိပ်မကြာစေရပါဘူး မေမေ"

မေမေက သားရေသေတ္တာအပြည့် သူ့အသုံးအဆောင် အဝတ်အစားတွေ ထည့်ပေးတယ်။ ကျွန်းမာရေးကို ဂရုစိုက်ဖို့ မိန်းမ အလိုမလိုက်ဖို့ မှာတယ်။

မေမေ ခရီးကပြန်လာရင် အကြောင်းကြားမယ်တဲ့။

မေမေ့အရိပ်အငွေ့က ပြန်ထွက်လာတော့ ရင်ထဲမှာ ဟာလိုက်တာ၊ မျက်ရည်ကျလုလုပါပဲ။

ယူလာတဲ့သေတ္တာကို ဈေးလွှင်ဆီမှာ ပေးအပ်ထားခဲ့ရတော့ ကိုယ့်ကိုယ်ကို ယူကြုံးမရ ပထမဆုံးဖြစ်ရတယ်။

ဒါပေမယ့်...။





မြေလွှမ်းတွေကတော့ ခပ်သုတ်သုတ်ပေါ့။

"ကြာလိုက်တာ မောင်ရယ်၊ ဝသုန်တစ်ယောက်တည်း မီးကလဲ ပျက်၊ ရပ်ကွက်ကလဲ တိတ်ဆိတ်လို့"

ချစ်သူရဲ့ အားငယ်မှုက ဝေဒနာတစ်ရပ်ကို အနှားသပ်ပစ် လိုက်ပြန်တယ်။

"ဟုတ်ပါရဲ့ကွာ၊ ဖိတ်စာလိုက်ကမ်းရတာ မလွယ်လိုက် တာ၊ လှည်းတန်း၊ ကျောက်မြောင်းကနေ ဟိုး ရှစ်မိုင်အထိ ဆိုတော့ မိုးချုပ်သွားတာပေါ့"

"အင်း မောင် သိပ်ပင်ပန်းသွားပြီ ထင်တယ်၊ အဝတ်လဲလေ မောင်၊ စောနားပြီး ရေချိုးနော်၊ ဝသုန် ဒီနေ့ ငါးဖိချက် ချက် ထားတယ်၊ မောင်ကြိုက်တဲ့ ရေတ်သီးစိမ်းမှုမှုကြီးက မနည်း ရှာဝယ်ရတယ် မောင်ရဲ့၊ ဝသုန်လဲ တစ်ယောက်တည်းတုန်းက အပျင်းထူပြီး အခြောက်စားနေခဲ့တာ၊ မှမပဲ နိုစိုဖတ်ဖတ် စားပြစ် ပေတော့တယ်"

အဲဒီ အရသာ။

ဘာနဲ့များ လဲလို့ရမှာတဲ့လဲ။

"လှန်ပြီ ဝသုန်၊ တနင်္ဂနွေနေ့အတွက် အားလုံး အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီ၊ စနေညကျရင်တော့ ဈေးလွင်တို့အုပ်စု ဒီအိမ်လာအိပ်ကြလိမ့်မယ်"

"ဟုတ်လား၊ ကောင်းတာပေါ့၊ ဝသုန်လဲ မသက်တို့သားအမိကို ခေါ်ထားတယ်၊ ဝသုန့်သူငယ်ချင်းတွေကတော့ သိပ်များများ လာမှာမဟုတ်ပါဘူး၊ ရှိတာလဲ နည်းနည်းပဲဟာ ဝသုန်က လူချစ်လူခင်လဲ သိပ်မများဘူးလေ"

"ဘယ်သူမှ မချစ်လေ ကောင်းလေပေါ့ ဝသုန်၊ မောင်တစ်ယောက်တည်း ချစ်လို့ရတာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ မောင်ကသာ လူချစ်လူခင်များ၊ အပေါင်းအသင်းများလွန်းလို့ စိုးရိမ်ရမှာပါ"

"မစိုးရိမ်ပါနဲ့၊ မောင်က တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်ပဲ"

အဲဒီလို ပြိုင်ပွဲလေးတွေကိုရော။

ဘယ်လို ကျောနိုင်းပစ်နိုင်ပါမလဲလေ။

• • •



## အခန်း (၁၁)

ဘုန်းကြီးဆွမ်းကပ်၊ ရေစက်ချ၊ အမျှဝေပြီးတာနဲ့ဧည့်သည်တွေ ရောက်လာပါရော။

ပျော်စရာကောင်းလိုက်တာ။

ညကလည်း တစ်ညလုံး အိမ်မှာ ဆူညံပွက်လို့၊ စကြ၊ နောက်ကြ၊ စားကြ၊ သောက်ကြ၊ ကုလားကား ကြည့်ကြ။

မနက်ခင်း ဆွမ်းချက်သူကချက်၊ ပြင်ဆင်သူကပြင်ဆင်၊ အငြိုအငြင် လုံးဝမရှိတဲ့ပွဲ။

မဏ္ဍပ်ထဲမှာလည်း ရယ်ကြမောကြ မဲလိပ်တွေနှိုက်ကြ၊ ကြိုက်သလို ထည့်စားကြ။

ဒါ ကျွန်မရဲ့ မင်္ဂလာပွဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မောင့် သူငယ်ချင်းတစ်စုရဲ့ ဂစ်တာလက်သံကလည်း နားထဲမှာ တစ်ချက်တစ်ချက်ဝင်လာ။

"ဟေး... ဘာပေါက်လဲ"

"သွားရည်စံတဲ့"

"ဟား ဟား ကောင်းတယ်၊ အပေါ်ပဲ"

"အောင်မာ၊ နင်လဲ ဖွင့်စမ်း၊ ဘာလဲ"

"ပြဲဟ ဖြ ဖြ"

"ဟာ မကြည့်နဲ့၊ ငါပြောမယ်"

"ဘာလဲ"

"မျက်မှန်၊ မျက်မှန်ဟေ့၊ ဘာလို့လုတာလဲ"

"မေး ဘရာဇီယာကြီးပါလား၊ အပေါ်ပဲ၊ အိမ်ကျရင် အမေ့ကို ကန်တော့လိုက်"

"ဝါး... ဟား... ဟား"

တစ်ချိန်လုံး ပါးစပ်မပိတ်ရဘဲ ရယ်မောနေရတယ်။ ပျော်လိုက်တာ မောင်ရယ်။ ဒီလိုမင်္ဂလာပွဲလေး ဖြစ်မြောက်အောင် မောင်ဆနွှဲပြည့်ပေးခဲ့တဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်။

"မြဟသံ့တဲ့ဟေ့၊ ဟိုကောင်၊ ဘယ်ထွက်ပြေးတာလဲ၊





ကိုယ်ပေါက်တာ လာယူလေ"

"ဒီကောင်က မြဟသံ့မလိုဘူးကွ၊ အားပြည့်ပြီးသား သဓိုးဖော်ဝမ်းဒေးတဲ့"

"ဝေး ဝမ်းစမ်း"

မောင်က ကျွန်မလက်ဖဝါးကို လာဆုပ်တယ်။

"ပျော်လား ဝသုန်" တဲ့။

"အရမ်းပျော်တာပဲ မောင်"

"ဝသုန် စောင့်နေဦးနော်၊ မောင် မျှော်ရုံက လူကြီးတွေဆီ သွားနှုတ်ဆက်ချင်လို့၊ မောင်တို့ကို သိပ်အမြင်မကြည် ဖြစ်နေတယ်လို့ ကိုမျှော်က ပြောတယ်၊ မင်္ဂလာပွဲလား၊ ရေတတ်ကျူးပွဲလားလို့ မေးသွားသတဲ့"

"ဟင်... သူတို့ကလဲ ရက်စက်လိုက်တာ၊ သူများမင်္ဂလာပွဲကို ပျစ်ပျစ်နှစ်နှစ် ကဲ့ရဲ့တယ်"

"ထုံးတမ်းစဉ်လာနဲ့ တခြားစီဖြစ်နေတာကိုး ဝသုန်ရယ်၊ သူတို့နားလည်အောင် မောင် သွားရှင်းပြလိုက်ချင်တယ်၊ စောင့်နေခဲ့ဦးနော်"

"အင်းပါ၊ မြန်မြန်ပြန်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး။

လှေတွေများ ခက်လိုက်တာ။

ပိုးစားချကိုက်နေတဲ့ ရှေးဦးတုံးစံ တအုပ်ကြီးကို စုထိ လက်ကိုင်ပြနေကြတုန်း။

ဘယ်သူ့ကိုမှ မစော်ကား၊ မထိခိုက်၊ မနစ်နာစေဘဲဘယ်လို ပကာသနမပါတဲ့ ရိုးသားသော မင်္ဂလာပွဲကလေးကိုများ စရုတ်ကျွဲလို့ မေးရက်ကြတယ်။

မောင် ထွက်သွားပြီး ခဏနေတော့။

"ဝသုန်"

"ရှင် ကိုချော"

"ပချွန် ပြန်မလာသေးဘူးလား"

"ဟင့်အင်း၊ မလာသေးဘူး"

"ခုကွဲပဲဟာ၊ ရှေ့မှာ သူ့အမေ ရောက်နေတယ်"

"ဘာရယ်"

ကျွန်မ အသံက စူးခနဲ။

"ဤစကြွေမပျက်နဲ့နော် ဝသုန်၊ သူ အထဲဝင်လာနေပြီ ငါပချွန်ကို အမြန်သွားခေါ်ခဲ့မယ်"





ကျွန်မ ရင်တွေ ခုန်လာတယ်။

သူ ဘာလို့လာရတာလဲ။ သူ့ကို ဘယ်သူက သွားပြီး ဖိတ်လိုက်တာလဲ။ ကျွန်မ သိပ်ပျော်ရွှင်နေတဲ့ ဒီလိုအချိန်မျိုးမှာ သူရောက်လာတို့ လုံးလုံးမကောင်းပါဘူး။

မောင့်မေမေ။ သူ ကျွန်မဆီလာနေပြီ။ အားလုံးရဲ့အသံတွေ သိသိသာသာ တိတ်သွားတော့တယ်။

ကျွန်မ ဘာလုပ်ရမလဲ။

ဖြစ်နိုင်ရင်တော့ ဒီနေရာက တစ်ကိုယ်လုံး ပျောက်ပြီး ထွက်ပြေးသွားချင်တယ်။

ဒါမှမဟုတ် သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မောင်း ထုတ်ပစ်လိုက်ချင်တယ်။

ဒါပေမဲ့ လက်တွေ့မှာတော့ ကျွန်မ မျက်ဝန်းထဲမှာ မျက်ရည်တွေ အိုင်ထွန်းလာတယ်။

"မေဝသုန်"

ကျွန်မ မထူးလိုက်နိုင်ဘူး၊ ဒါပေမဲ့ စူးစူးစိုက်စိုက် ပြန် ကြည့်နေလိုက်ဖြစ်တယ်။

"ပချွန်ရော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဝင်ပေါက်ဆီကို လှမ်းကြည့်လိုက်တယ်။ မောင်ရေ၊ မြန်မြန်ပြန်လာခဲ့ပါတော့။ ဝသုန်တို့မင်္ဂလာပွဲကလေး ပျက်စီးမသွားပါရစေနဲ့။

ကျွန်မနှားထဲမှာ တစီစီဖြစ်လာတယ်။ 'မိဘအုပ်ထိန်းမှုအောက်မှာ မကြီးပြင်းခဲ့ရမှတော့ ဒီလောက်တော့ ရှိမှာပေါ့' ဆိုတဲ့အသံ။ ဘယ်က ရောက်လာပြန်ပါလိမ့်။

"ဒါ မင်္ဂလာပွဲတဲ့လား၊ တို့မိသားစုရဲ့ဂုဏ်သိက္ခာကို နှိမ့်ချဖော်ကားလိုက်တာ"

ကျွန်မ နှုတ်ခမ်းတွေတုန်လာတယ်။ ဘာပြန်ပြောရမလဲ။ ဘာပြန်ပြောသင့်သလဲ။ ကျွန်မ စကားပြောမှဖြစ်မယ်။ ငြိမ်နေလို့ မဖြစ်ဘူး။

"အန်တီ ဘာလာလုပ်တာလဲ"

"ဩော်... ဘာလာလုပ်တာလဲ ဟုတ်လား၊ မင်္ဂလာပွဲလာတက်တာလေ၊ မင်္ဂလာဆောင်ကို လာလက်ဖွဲ့တာပေါ့"

"ကျွန်မတို့ အကူမခံဘူး"

"တို့ကလဲ လာကူတာ မဟုတ်ပါဘူး၊ မေဝသုန်၊ လက်ဖွဲ့လာပေးတာပါ"





"လက်ဖွဲ့လဲ လက်မခံပါဘူး"

"မင်း လက်ခံဖို့မဟုတ်ပါဘူး၊ သားကိုပေးမှာပါ၊ ဘယ်မှာလဲ သား"

ကျွန်မအသားတွေ တဆတ်ဆတ်ဖြစ်လာနေပါပြီ၊ အဲဒီအချိန်မှာပဲ အပြေးအလွှား ကျွန်မအနားကို မောင် ရောက်လာတယ်။ ကျွန်မရဲ့အေးစက်နေတဲ့လက်ဖဝါးကို မောင်က ဆုပ်ကိုင်လိုက်တယ်။

"မေမေ တစ်ယောက်တည်းလား၊ ဆိုင်ဦးလေ မေမေ၊ ကျွန်တော်တို့ အပေါင်းအသင်းတွေချည်း ရွေးဖိတ်ထားတာပါ၊ ကဲ အားလုံးပဲ ဆက်ပျော်ကြပါ၊ ဒါ ကိုယ့်မေမေ၊ ပြဿနာမရှိပါဘူး"

မောင်က လှမ်းအော်လိုက်ပေမဲ့ လူတွေက မလှုပ်ကြ၊ အာရုံက ဒီနေရာမှာ။ မောင်က ပြဿနာမရှိပါဘူးဆိုပဲ။

ပြဿနာ၊ ပြဿနာ ဘာလို့မရှိရမှာလဲ။
ဒါအကြီးမားဆုံး ပြဿနာပေါ့။
ဒီနေရာကို သူရောက်လာတာကိုက ပြဿနာ။
သူ ပြဿနာရှာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလုပ်နေတာလဲ ပစ္စုန်၊ ဒါ မေမေတို့ဂုဏ်သိက္ခာကို သား ဖော်ကားပြလိုက်တာပေါ့၊ ကြည့်ပါဦးကွယ်၊ မင်္ဂလာဆောင်တဲ့၊ ပန်းမကာမ်း၊ ယပ်မကာမ်း၊ အခမ်းအနားမရှိ၊ တဝါးဝါး တဟားဟား ပျော်ပွဲစားထွက်နေတဲ့အတိုင်း၊ ရုက်စရာကောင်းလိုက်တာ၊ မင်း ဗုဒ္ဓဘာသာ မဟုတ်ဘူးလား ပစ္စုန်၊ ဒါ မေမေရှက်နော်"

မောင် ခေါင်းငုံ့နေတယ်။

ဘာလို့ ခေါင်းမော့မဖြေရှင်းရတာလဲ။

မောင် ဘာလို့ငြိမ်ခံနေရတာလဲ။

"ကျွန်တော်တို့ မနက်က အရေးပ်မင်္ဂလာဆွမ်းကပ် ပါတယ် မေမေ"

"ပစ္စုန်ရယ်၊ သား သိပ်မှားနေပြီ၊ မေမေ ရင်တွေနာလိုက်တာ၊ ဒါ မေမေ့သားရဲ့ မင်္ဂလာပွဲတဲ့လား၊ ဘယ်လိုမှ မေမေ မယုံနိုင်ဘူး၊ သား သိပ်ရက်စက်တယ်"

ဘုရားရေ။

ဒါ ငိုကြွေးရမယ့်နေရာ မဟုတ်ဘူး။

သူ... သူ ဘာလို့ မျက်ရည်ကျနေရတာလဲ။

မောင်ကရော...





အို... မောင့်မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်းတစ်ခု တွေ့လိုက်ဖြတ်သန်း။

မောင့်နှုတ်ခမ်းက စကားတစ်ခွန်းကြွေကျ

"သားကို ခွင့်လွှတ်ပါ မေမေ" တဲ့။

ကျွန်မလက်ကို ဆုပ်ကိုင်ထားတဲ့ မောင့်လက်တွေ ကွာကျသွားတယ်။ ပြီးတော့ မောင် ဒူးထောက်ထိုင်ချလိုက်တယ်၊ ကျွန်မ ကျွန်မ ဘာလုပ်ရမလဲ။

"သားကြီးရယ်"

ရှိုက်သံသဲ့သဲ့က ကျွန်မနှလုံးသားကို လာဖွဲ့ပြီ။

လူတွေ ကျွန်မကို ဝိုင်းကြည့်နေကြ။

အဲဒီမှာ...

"မေမေ သားအတွက် လက်ဖွဲ့လာပေးတာပါ ပစ္စုန်။ ရော့ ဒါက ခေါ်ပုံတိုက်ရဲ့စာချုပ်စာတမ်းတွေ၊ ဒါက သားအတွက် အရင်းအနှီးပြုဖို့ ငွေချက်လက်မှတ်၊ ဒါကတော့ မေမေ ကတိပေးထားခဲ့တဲ့ စိန်တစ်ဆင်ဆာ၊ နောက်ပြီး သားမေမေက သီးသန့်ပေးလိုက်တာရှိတယ်၊ အဲဒါကတော့ ရွှေမှာရပ်ထားတဲ့ ကားပဲ၊ ဒီမှာ မီးသော့နဲ့ လိုင်စင်စာချုပ်တွေ၊ မေမေ သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



သား၊ မေမေ့အတွက်တော့ ယူကျုံးမရ ဝမ်းနည်းကြေကွဲခြင်းတွေ ပြန်ယူသွားရမှာပေါ့လေ"

မောင့်လက်ထဲကို ထည့်လိုက်တဲ့ပစ္စည်းတွေ။

မောင် လက်ခံယူလိုက်ပြီ။

"မောင် မယူနဲ့"

ကျွန်မအသံကို ကုပ်ခြစ်အော်လိုက်မိသလား။ ဒါပေမဲ့ လည်ချောင်းဝမှာ တစ်ဆို့ပြီး ဝိုးတဝါး။

မောင်က လုံးဝမကြား။

မောင် ထလိုက်ပြီ။

သူက မောင့်ပခုံးကိုဖက်ပြီးလှည့်ထွက်သွား။ မောင်က လိုက်လျှောက်သွား၊ တံခါးမကြီးကို ကျော်ဖြတ်။

သွားပြီ။

ကျွန်မ မျှော်လင့်ခဲ့သမျှတွေ၊ ကျွန်မ ကြည်နူးပျော်ရွှင်ခဲ့သမျှတွေ၊ ကျွန်မရဲ့ မာနတွေ။

ရေထဲကိုသဲကျသလို နောက်ကျိ။

သဲထဲကို ရေကျသလို ပျောက်ကွယ်။

ကျွန်မ... ကျွန်မ





"ဝသုန် ဝသုန် ဝသုန်"

ခေါ်သံတွေက ပိုဝေးသွား။

အမြင်တွေ ပျောက်ဆုံးသွား။

နောက်ဆုံး ကြားလိုက်ရတာက...

"ဟော့ လုပ်ကြပါဦး၊ ဒီမှာ ဝသုန် တက်သွားပြီ၊ ဝသုန် ဝသုန် ဝသုန်"

* * *

မေမေ ကားပေါ်တက်တယ်။

မေမေ့မျက်ရည်တွေက ရင်တစ်ခုလုံးပူလောင်ကျွမ်းမြည့်သွားရသလို ဘာစကားနဲ့ နှုတ်ဆက်ရမှန်းမသိတော့။

"မေမေ သွားတော့မယ်" တဲ့။

ယူကျုံးမရဝမ်းနည်းကြေကွဲခြင်းတွေ ပြန်ယူသွားမယ်ဆိုတဲ့ မေမေ။ မေမေ သွားပြီလေ။ မေမေ့ဆီက လက်ခံယူထားလိုက်တဲ့ ပစ္စည်းပစ္စယတွေက လက်ထဲကနေ လောင်ရယ်နေလေသလား။ အနီရောင်ကားတစ်စီးက မျက်လုံးရှေ့တည့်တည့်မှာ ပိုင်ရှင်အသိကို မဲပြုံးပြုံးပြနေသလို။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ...

"ပန္နက်၊ ပန္နက်၊ မြန်မြန်လာ၊ ဒီမှာ ဝသုန် သတိလစ်သွားပြီ"

"ဟင် ..."

သူ နောက်ပြန်လှည့်ပြေးလိုက်တယ်။

တစ်နေရာမှာ လူတွေအုံလို့။

သူ အတင်းတိုးဝင်လိုက်တော့ မျောမျောလဲကျနေတဲ့ ဝသုန့်ကို တွေ့လိုက်ရတယ်။ မသက်က ဝသုန့်ခေါင်းကို ကိုင်ပြီးခေါ်နေတယ်။

"ဝသုန်၊ ဝသုန်"

မျက်လုံးတွေ ပြာသွားခဲ့ရတယ်။

လက်ထဲကပန်းစည်းတွေ ဘုတ်ခနဲပြုတ်ကျ၊ သူမအနားမှာ ဒူးထောက်ထိုင်ချ၊ ရင်ခွင်ထဲကို ဆွဲသွင်းလိုက်မိတယ်။

"ဝသုန်၊ ဝသုန်လေး၊ ဝသုန်၊ ခေါ်လို့မရပါလား၊ လုပ်ကြပါဦးကွာ၊ ဒီအတိုင်းကြည့်နေကြတော့မှာလား၊ ဝသုန်ရေ၊ မောင် မောင်ခေါ်နေတယ်လေ"

"စိတ်အေးအေးထား ပန္နက်၊ သူ အသက်ရှူနေပါတယ်၊ ဆေးရုံပို့ကြရအောင်၊ ကဲ အားလုံးဖယ်ကွာ၊ မြင်တဲ့အတိုင်းပဲ၊ နည်းနည်း ဝိုင်းကူမလည်ပေးကြပါ"





ကိုချောက ဦးဆောင် လုပ်ရှားတယ်။

"စိတ်ချ သွား၊ နောက်ပိုင်း ကိုယ်တို့ရှိတယ်"

"စာရွက်စာတမ်းတွေ သိမ်းထားပေးမယ် ပန္နက်၊ ဘာမှ နောက်ဆံမတင်းနဲ့"

"မင်း စိတ်ထိန်းထားနော်၊ မင်းပါ ခေါင်းသွားလို့ မဖြစ်ဘူး ကြားလား ပန္နက်"

ချစ်သူကို တင်းတင်းပွေ့ရင်း ငိုကြွေးနေမိတယ်။ ဝသုန်ရယ် မောင့်ကို ပစ်မထားခဲ့ပါနဲ့၊ မောင့်ကို ခွင့်လွှတ်ပါ၊ နားလည်ပေးပါ ဝသုန်ရယ်။

"ကဲ ပွေ့ ပွေ့၊ ဟိုကားအနီပေါ်ပဲ တင်လိုက်ရအောင်၊ အသာပွေ့ကြကွာ၊ ပန္နက်သတိထားနော်"

ဟုတ်တယ်၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းထားမှဖြစ်မယ်၊ ဝသုန် သတိရလာရင် ကိုယ့်ကိုမြင်ဖို့ လိုတယ်။ ကိုယ် ဝသုန့်ကို ပစ်မသွားဘူးဆိုတာ ဝသုန် သိဖို့လိုတယ်။

ကားပေါ်ရောက်တဲ့အထိ ဝသုန်ကတော့ တုပ်တုပ်မှမလှုပ်၊ ကားထဲမှာတော့ ကိုချောရယ်၊ မသက်ရယ်၊ ကားမောင်းပေးတဲ့ ကျော်နီရယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်က ကားနစ်စီးစာအပြည့် လူတွေပါလာကြသေးတယ်။

"ဘယ်သွားမလဲ"

"ရွှေဂုံတိုင်ဆေးရုံကို မောင်းကွာ"

ကားထွက်လာပြီ။

ဒီကားပေါ့။ တို့များရဲ့ မင်္ဂလာလက်ဖွဲ့အဖြစ် မေမေပေးသွားခဲ့တာ။ ခုတော့...

"မငိုနဲ့ ပန္နန်၊ ချက်ချင်း ရှော့ခ်ဖြစ်သွားတာပါ၊ သတိရလာမှာပါကွာ"

"သူ့တစ်ကိုယ်လုံး အေးစက်နေတာပဲ၊ ဝသုန်ရယ်၊ သူငယ်ချင်းရယ်၊ ဖြစ်မှဖြစ်ရလေဟယ်"

"မငိုပါနဲ့ မသက်၊ စိတ်တင်းထားပါ၊ ဝသုန့်ခမျာ သူ့စိတ်ကို ဘယ်လိုမှ တင်းမထားနိုင်ဘဲ ဖြစ်သွားရှာတာ၊ ထင်တော့ထင်တယ်၊ သတိလှမ်းပေးမလို့ပဲ၊ ပန္နန်နဲ့ အန်တီတို့အဖြစ်ကလဲ ဘယ်လိုမှ မကြည့်ရက်စရာဆိုတော့"

**မောင် ဘာလုပ်ရမလဲ ဝသုန်ရယ်။**

**မောင် မှားသွားပြီကွာ၊ စောစောစီးစီးကတည်းက ဒီပိုင်ဆိုင်**





မှုတွေကို ဝသုန်မသိအောင် မောင် လက်ခံထားလိုက်ရမှာ၊ ဝသုန့်စိတ်တွေ အနည်ထိုင်မှ မောင် တဖြည်းဖြည်း ဖွင့်ပြောပြရမှာ၊ ခုတော့ မောင် အချိန်ဆွဲထားမိခဲ့တယ်၊ မေမေကလည်း ဒီရက်ကို ရွေးပြီး....

မေမေရယ်။

မေမေ့ကို သားအပြစ်မတင်ပါဘူး၊ မေမေ သိပ်ခံစားသွားရမယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ ဝသုန့်အဖြစ်ကို မေမေမြင်စေချင်တယ်ဗျာ။

"ဝသုန်၊ ဝသုန်၊ သတိရပါတော့ကွာ"

"ရမှာပါ ပန္နန်ရာ"

"သူ သူ တစ်ခုခုဖြစ်သွားရင် ငါဘယ်လိုမှဖြေနိုင်မှာမဟုတ်ဘူး ကိုချော၊ ငါ့ကြောင့် ငါ့ကြောင့်ပါကွာ"

"အဲဒီစိတ်ကိုဖျောက်ပါ သူငယ်ချင်းရာ၊ သူ ခုလိုဖြစ်တာ သူ့ရဲ့မာနကြောင့်ပါ၊ မင်း သူ့ကို နားလည်သားပဲကွာ"

"နားလည်တယ်၊ နားလည်လွန်းလို့ သိပ်သနားတယ်၊ သိပ်ချစ်ခဲ့တာ ကိုချော၊ သူ့ဘဝမှာ ဘယ်သူ့ကိုမှ အားကိုးခဲ့ရတာမဟုတ်ဘူး၊ အရိပ်၊ အမိုးမဲ့ခဲ့ရတဲ့ သူ့ဘဝမှာ သူ အားကိုးတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့မာနပဲလေ၊ အဲဒီမာနကို ဒီကနေ့ ရိုက်ချိုးဖျက်ဆီးခံလိုက်ရသလို ဖြစ်သွားတော့ သူ မဟန်နိုင်တော့ဘူး၊ ငါသိပါတယ်၊ သိသိလျက်နဲ့ ငါ မကာကွယ်လိုက်နိုင်တာ၊ ငါ ငါ မပြေနိုင်ဘူး၊ ဝသုန် ဝသုန်ရေ မောင့်ကို ခွင့်လွှတ်ပါ၊ မောင့်ကို ဆက်ပြီးချစ်ပါ၊ ထပါတော့ ဝသုန်ရယ်၊ ဝသုန်ရယ်"

* * *

ဆေးရုံရောက်တာနဲ့ ဝသုန် သူ့ရင်ခွင်ထဲက ခွဲထွက်သွားတယ်။ ပျားပန်းခတ်လှုပ်ရှားနေကြတဲ့ ဆေးရုံဝန်ထမ်းတွေ။

"ပရက်ရှာ သာတီးပဲရှိတယ်၊ အောက်စီဂျင်အွန်ပါ၊ ဆယ်လူကောတက်စ် အမြန်ထိုး"

ဝသုန့်အသက်ကို ဝိုင်းကယ်နေကြရပြီ။

"စိုးရိမ်လယ်ဗယ်လ် မရောက်သေးပါဘူး၊ စိတ်အေးအေး ထားပါ၊ ဒီမှာ စောင့်နေကြပါ၊ ကျွန်မတို့ အထူးကြိုးစားပါ့မယ်"

ဆိုတဲ့ ဆရာဝန်မကြီးတစ်ယောက်ရဲ့ အားပေးသံက မျှော်လင့်ချက်ကို ဆက်လက်မောင်းနှင်ပေးတဲ့ အင်ဂျင်တစ်လုံးလို။

သူ့နံဘေးမှာ အပေါင်းအသင်းတွေ ဝိုင်းလို့။

စောစောပိုင်းမှာ မင်္ဂလာပွဲမှာ ဆူညံပျော်ရွှင်အော်ဟစ်နေခဲ့





ကြသူတွေ၊ ခုတော့လည်း အမှုမျက်နှာတွေနဲ့ စိတ်မကောင်းခြင်းများကို ဖွဲ့ရိုက်ရပ်နေခဲ့ကြတယ်။

"အရမ်းပျော်တာပဲ မောင်" ဆိုတဲ့ ဝသုန့်စကား။ မြူးကြွ လန်းဆန်းနေတဲ့ ဝသုန့်ရဲ့ အသွင်သဏ္ဌာန်၊ လှုပ်ရှားသွက်လက်နေတဲ့ ဝသုန့်ရဲ့ ဟန်ပန်တွေ။

ကံကြမ္မာရယ်၊ မရက်စက်လိုက်ပါနဲ့။

"ပန္နက်၊ ငါ ဝသုန့်အမေကို သွားခေါ်လိုက်မယ်နော်၊ ဒီကိစ္စ အကြောင်းကြားရမယ် သူငယ်ချင်း၊ မင်းမှာ တာဝန်ရှိတယ်၊ ပြီးတော့ မင်းအမေကိုလဲ ငါ ပြောပြလိုက်မယ်၊ သူ့ရဲ့ ကြေကွဲမှုတွေကို နှိုင်းချုပ်နိုင်လိမ့်မယ်လို့ ငါထင်တယ်"

"မင်း ကောင်းမယ်ထင်သလိုလုပ်တော့ ကိုချော၊ ဒီအချိန်မှာ ငါ့ဆန္ဒက တစ်ခုတည်းပဲ၊ ဝသုန် သတိပြန်ရစေချင်တာကလွဲပြီး ငါ ဘာမှ ဆန္ဒမရှိဘူးကွာ၊ ငါ စိတ်ကိုထိန်းနိုင်ပါပြီ၊ မင်းလုပ်သင့်တာ လုပ်ပေးပါ"

ဟုတ်တယ်။

ဒီအဖြစ်ကို မေမေသိရင်တော့ မေမေလည်း သူ့အမှားကို မြင်လာနိုင်လာမှာပါ။ သားကို ချစ်စိတ်ကတစ်ဖက်၊ ဝသုန်အပေါ် မာနနဲ့ အနိုင်ယူပြချင်တဲ့စိတ်ကတစ်ဖက် မေမေ့[illegible]ကွက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အခေါ် သူ နားလည်နေခဲ့ပါတယ်။ ဒါပေမဲ့ အပြစ်မတင်ရက်ခဲ့ပါဘူး မေမေရယ်။

ခုတော့ မာနချင်းယှဉ်ပြိုင်ပွဲမှာ မေဝသုန်ဆိုတဲ့ အရိပ်မဲ့ မိန်းကလေးတစ်ယောက် နောက်ကောက်ကျသွားခဲ့ရပြီလေ။

မေမေ ကျေနပ်သွားမလား။ မဟုတ်ပါဘူး။

နလုံးသားရှိတဲ့ မေမေ။ အတော့်ကို တုန်လှုပ်ကြေကွဲသွားမယ်လို့ သား ထင်ပါတယ်။

ဝသုန့်အမေလည်း ဘယ်လောက်တောင်မှ ပူပင်ကြေကွဲရှာမလဲ။

'အမေ' ဆိုတဲ့ အမေတွေဟာ လူသားတွေရဲ့ဘဝမှာ အရေးအပါဆုံး လူသားတွေပါပဲ။

"ပရက်ရှာ ပြန်တက်လာပြီသိလား၊ နလုံးအခုန် မှန်လာပြီ၊ သတိတော့ မရသေးဘူး၊ မျှော်လင့်ချက် ပိုကောင်းလာပါပြီ"

သတင်းပေးသွားတဲ့ ဆရာမလေးကို ကျေးဇူးစကားတောင် မဆိုလိုက်မိတော့။ ရင်ထဲမှာ ဝမ်းသာစိတ်ကလေး ရိုက်ခတ်သွားပါတယ်။

"အခန်းယူဖို့ သွားစီစဉ်လိုက်မယ် ပချွန်"

သူငယ်ချင်းတစ်ယောက်က ပြောတယ်။





သူ ခေါင်းညိတ်လိုက်တယ်။

"ဒီမှာ မင်းပိုက်ဆံအိတ်၊ မင်းထိန်းထားနိုင်ပြီနော်"

"ဪ... အေး၊ ရတယ် ပေးလေ"

"စာရွက်စာတမ်းတွေ ကားထဲကာဒက်ရှိဘုတ်ထဲမှာ သိလား၊ ဒါက ကားသော့"

"မင်းတို့ ပြန်ချင်ပြန်ကြလေ"

"ဘာလို့ ပြန်မှာလဲ ပချွန်ရာ၊ စိတ်ချရတဲ့ အခြေအနေရောက်မှ ပြန်ကြမှာပေါ့၊ ဘာမှ စိတ်မညစ်နဲ့၊ ဒီလိုပွဲမျိုး ပြန်ဖန်တီးလို့ရတယ်၊ ဝသုန် နေကောင်းလာတာနဲ့ ပွဲပြန်ဆက်ကြမယ် ဟုတ်လား"

"အင်း အင်းပါကွာ"

မင်္ဂလာပွဲကို ပြန်ဖန်တီးကြမယ်တဲ့။

ဖြစ်နိုင်ပါ့မလား သူငယ်ချင်းတို့ရယ်။

ဝသုန် သတိရလာရင် ငါ့ကိုမြင်ပြီး စာယ်လိုဆုံးဖြတ်မလဲဆိုတာ ရင်မှ နေရပြန်တယ်ကွာ။

သူ ငါ့ကိုမုန်းသွားမှာလား။

စိတ်နာသွားမှာလား။

ဝသုန်ရေ။ နာကြည်းခါမှ နာကြည်းသွားပါစေ မင်းလေး



www.burmeseclassic.com

www.burmeseclassic.com



အသက်မသေဘဲ ပြန်လည်နိုးထရှင်သန်လာပါစေလို့ မောင် ဆုတောင်းနေပါတယ် အချစ်ရယ်။

"မေဝသုန့်အခြေအနေက စိတ်ချသွားရပါပြီ၊ သတိကတော့ မရတစ်ချက် ရတစ်ချက် ဖြစ်နေသေးတယ်၊ စောစောနေရင် ကောင်း သွားမှာပါ၊ အခန်းယူပြီးရင် ပို့ပေးထားမယ်"

ဝမ်းသာလိုက်တာ ဝသုန်ရယ်။

မောင် ဆုတောင်းပြည့်ပြီ။

ဝသုန် မသေတော့ဘူးတဲ့။

မောင်တို့ဘဝသစ်ကို တည်ဆောက်ကြမယ်နော်။ ဝသုန် မကြိုက်တာ မောင်မလုပ်ဘူး၊ မေမေ့ကိုလည်း တောင်းပန်ပြီး အားလုံး ပြန်ပေးလိုက်တော့မယ်။ မေမေ နားလည်လက်ခံမှာပါ ဝသုန်ရယ်။

"ဟုတ်ကဲ့ ဆရာမ၊ ငါးထပ်မှာ နေရာရပါပြီ၊ အခန်း ငါးနှစ်ငါးမှာ"

"အဲဒီမှာ သွားစောင့်နေကြပါ"

"လာလေ ပန့်"

"အေး... အေးပါကွာ"

* * *



## အခန်း (၁၂)

ဟိုးအဝေးကြီးက ကောသံသဲ့သဲ့။

နားစည်ကို လာရိုက်ခတ်နေတယ်။

နောက်ပြီး ပျောက်သွားပြန်တယ်။

ပေကာ ကြားရပြန်ပြီ။

'မိဘအုပ်ထိန်းမှုအောက်မှာ မကြီးပြင်းခဲ့ရမှတော့ ဒီ လောက်တော့ ရှိမှာပေါ့' တဲ့။

မိဘအုပ်ထိန်းမှု၊ မိဘအုပ်ထိန်းမှု။

အဖေရေ သမီးကို လာခေါ်ပါ။

အမေရေ သမီး လာခဲ့ပါရစေ။

အဖေနဲ့ အမေမျက်နှာတွေ ပေါ်လာလိုက်၊ ပျောက်သွား လိုက်၊ ခေါင်းတွေက ဘယ်ပြန်ညာပြန်ရမ်းခါလို့။



www.burmeseclassic.com

www.burmeseclassic.com



ပဲရစ်က အီဖယ်မျှော်စင်ကြီးက ဘွားခနဲပေါ်လာ။ အဲဒီ အောက်မှာ အမေနဲ့ မိန်းမတစ်ယောက်။

ပြီးတော့ ကလေးတစ်ယောက်။

ဘာတွေပြောပြီး ရယ်မောနေကြပါလိမ့်။

သမီးလေ အမေ၊ သမီးလည်း ရယ်ပါရစေ။ မရယ်ရတဲ့ သမီး မောနေပါတယ် အမေရယ်။ သမီးကို ကယ်ပါဦး။

ဟင်... ဘယ်ရောက်သွားပြီလဲ။

ထရံက သွပ်မိုးအိမ်တစ်လုံးရှေ့ ရောက်သွား။

ဟော... ဟိုမှာ အမေ၊ အမေရေ၊ အမေ။

အမေကမကြား၊ သူ့အနားမှာ ရွတည်တည်မျက်နှာထားနဲ့ ယောကျ်ားတစ်ယောက်။ ကလေးနှစ်ယောက်က အမေ့လက်ကို ဆွဲထား။

အဲသလိုမလုပ်ကြပါနဲ့၊ ဒါ ငါ့အမေပါ။ ငါ့အမေကို ဆွဲမထားကြပါနဲ့၊ ငါ့ဆီ လွှတ်ပေးကြပါ။

အမေရေ လာပါဦး။

သမီးရှေ့မှာမှောင်လို့၊ မည်းလို့၊ ဘာမှလည်း မမြင်ရ။ ဟင်းလင်းပြင်မှာ သမီး လွင့်သွားတော့မယ်။





ဝသုန်၊ ဝသုန်၊ ဝသုန် တဲ့။

ဒီအသံ။ ယောကျ်ားတစ်ယောက်ရဲ့အသံ။

ဟုတ်တယ်။

'မောင့်' အသံပဲ။ မောင်ရေ၊ မောင် ဝသုန့်ကို ပစ်မထားခဲ့ပါနဲ့၊ မောင့်အမေနဲ့ ပြန်လိုက်မသွားပါနဲ့။

အောင်မယ်လေး၊ ကြောက်တယ်၊ ကြောက်တယ်။

ကျွန်မကို အဲဒီလိုမျက်လုံးကြီးနဲ့ မကြည့်ပါနဲ့။ ကျွန်မ မောင့်ကို ပေးလိုက်ပါတော့မယ်၊ ပြန်ယူသွားပါ၊ ပြန်ခေါ်သွားပါ။

မောင်၊ မောင်မငိုပါနဲ့လေ။

ပြန်လိုက်သွားနော်၊ ဝသုန် ကြောက်တယ်။

ဟော... ဟိုမှာ တဲအိုပျက်ကလေး။

လာခဲ့မယ်။

ငါလာခဲ့မယ်နော်။

အမယ်လေး၊ ဘယ်ပါပါ့မလဲ တဲအိုပျက်လေးရယ်၊ နှင်က တဲအိုပျက်ပဲ၊ ဘယ်သူက လိုက်လာချင်မှာလဲဟဲ့။

ငါပဲလာရမှာ၊ ငါ့ကိုတော့ နှင်မလွှတ်နဲ့နော်။

**နှင့်မှာ အမေရှိသလား၊ အမေရောရှိလား။**



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာတော့ မရှိဘူးဟာယ်။

မဟုတ်ဘူး ရှိတယ်၊ ရှိတာပေါ့၊ ငါ့မှာ အမေရော၊ အဖေရော၊ ယောက်ျားရော ရှိတယ်လေ။ ငါ ဘာလို့ တစ်ယောက်တည်း ဖြစ်ရမှာလဲ။ မဖြစ်ရဘူး၊ မဖြစ်ရဘူး။

အို… မှောင်လိုက်တာ။

ဘာမှမမြင်ရတော့ဘူး။

လွင့်သွားပြန်ပြီ။ ဖမ်းဆုပ်စရာလည်းမရှိ၊ ဆွဲထားမယ့်သူလည်းမရှိ၊ ဘယ်အထိလဲ၊ ဘယ်အထိ လွင့်မျောသွားမှာလဲ။

ဟင့်အင်း၊ မသွားပါရစေနဲ့။

ကယ်ကြပါ။

အမေ၊ အမေ၊ မောင်ရေ ကယ်ပါ၊ ကယ်ပါဦး။

"ကယ်ကြပါဦး"

အာခေါင်ကို ခြစ်ထုတ်အော်ဟစ်ပစ်လိုက်တယ်။

အဲဒီနောက် မှောင်အတိပြန်ကျသွားပြန်တယ်။ မှောင်သမှ ဝိန်းပိတ်အောင်မှောင်၊ မှောင်လိုက်တာ။

• • •

"ကယ်ကြပါဦး" တဲ့။





"ဟာ ဝသုန် သတိရပြီထင်တယ်"

ကျယ်ရှလောင်ချွန်းရှတဲ့အသံတစ်ခု ဝသုန့်ဆီက ထွက်လာတယ်။ လူတွေ ဝသုန့်နား ပြေးကပ်လာကြတယ်။

"ဝသုန်၊ ဝသုန်၊ သတိရပြီလားဟင်၊ မောင် ခေါ်နေတယ်လေ၊ ကြားလား၊ ကြားရလားဟင်"

လုံးဝလှုပ်ရှားမလာတဲ့မျက်နှာက ဝမ်းမြောက်မှုကို အားမပြုပါ။ ဝသုန် ယောင်ယမ်းအော်လိုက်တာပါလား။

"ကယ်ကြပါဦး" တဲ့လား ဝသုန်ရယ်၊ မောင် ကယ်ပါရစေ၊ ဘယ်လိုကယ်ရမလဲ။ ဝသုန့်အသိတရား၊ သတိတရားတွေ ပြန်နိုးထလာအောင် မောင် ဘာလုပ်ရမလဲ။

မသက် သွားခေါ်လို့ ဆရာဝန်မလေးတစ်ယောက် ရောက်လာပြီ။ သွေးပေါင်ချိန်တယ်။ မျက်လုံးကို ဖြဲဖွင့်တယ်၊ ဒါပေမဲ့ ဝသုန် တုပ်တုပ်မှ လှုပ်မလာ။

"အသံထွက်လာတယ်ဆိုမှတော့ အခြေအနေကောင်းလာပါပြီ၊ သတိရလာမှာပါ၊ ခါးဖောက်စစ်ထားတဲ့ အခြေသိရင် ပိုကောင်းမယ်၊ သည်းခံစောင့်ကြပါဦး၊ သူ့ကိုသိပ်ပြီး မျှော်ကြပါနဲ့၊ သွေးပေါင်လည်း မှန်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မှုလနေရာတွေမှာ ခပ်ငူငူပြန်ထိုင်လိုက်ကြတယ်။ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိကြတော့လည်း ဆုတောင်းနေကြရဲ့ အပြင် ဘာများ တတ်နိုင်မှာလဲ။

တိတ်ဆိတ်ငြိမ်သက်နေတဲ့အခန်းထဲမှာ အသက်ရှူသံတွေက ခြောက်ခြားစရာ။

ဝသုန်လည်း အသက်ရှူနေတယ်။

အသက်ရှင်သန်နေပေမဲ့ ဝိညာဉ်ကတော့ ဘယ်များလွင့်မျော လျှောက်သွားနေသလဲ မသိ။

ပြန်လာခဲ့ပါ ဝိညာဉ်လေးရယ်၊ ဝသုန့်ကိုယ်ပေါ်ကို အမြန် ပြန်လာကပ်တွယ်လိုက်ပါတော့။

"ကျွိ"

အခန်းတံခါးပွင့်သံ။

ပြီးတော့...

"သား ပန္နုန်"

သူ့အနားအပြေးရောက်လာတဲ့ မေမေ။ မေမေ့ရင်ခွင်မှာ ခေါင်းဝင်ရိုး၊ ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိတော့တယ်။

"မေမေ၊ မေမေရယ်၊ ဝသုန့်ကို ကယ်ပါဦး၊ ဝသုန် နုထိ



သတိမရသေးဘူး၊ သူ သူ သားကြောင့်"

"တိတ်ပါ သားရယ်၊ တိတ်ပါ၊ သူ သတိရလာမှာပါ၊ မေမေ သေသေချာချာ မေးလာခဲ့ပါတယ်၊ စိတ်မကောင်းလိုက်တာ ကွယ်၊ တို့များမာနတွေကြောင့် ခုလိုဖြစ်ရတာ၊ သား စိတ် အေးအေးထား၊ ဝသုန် သတိရလာရင် သူ့ဆန္ဒအတိုင်း မေမေတို့ လိုက်လျောပေးမယ် သား၊ ချောလွင် ရှင်းပြလို့ မေမေ တော်တော် သဘောပေါက်သွားပါတယ်၊ မေမေ နည်းနည်းမှ စိတ်မကောင်းဘူး သား၊ မေမေ့မှာ အပြစ်ရှိသွားပြီ"

"မေမေ့အပြစ်မှုတော့ မဟုတ်ပါဘူး မေမေရယ်၊ မေမေက သားကိုချစ်တာကိုး"

"အင်းလေ၊ အဲဒီချစ်တဲ့စိတ်က အစွန်းကြီးသွားတာ၊ ကိုယ့် သမီးအရွယ် မိန်းကလေးနဲ့ မာနချင်းပြိုင်ခဲ့မိတာ မေမေ မှားသွား ပါတယ် သားရယ်၊ သူကလေးသာ တစ်ခုခုဖြစ်သွားရင် မေမေလဲ ဘယ်လိုမှ ဖြေလို့ရမှာ မဟုတ်ပါဘူး"

ဝသုန်ရေ။

သတိရပါတော့ အချစ်ရယ်။

မင်းရဲ့ တစ်မန်ပြန်လည်ရှင်သန်ခြင်းမှာ စိတ်ရှင်းရဲ့ရော

www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ ရှိတော့မှာ မဟုတ်ပါဘူးကွာ။

ဝသုန့်ဘဝတစ်သက်လုံး မောင့်ရင်ခွင်မှာ ငြိမ်ငြိမ်းချမ်းချမ်း နားနိုင်တော့မှာပါ။ မောင်တို့နှစ်ယောက် လက်တွဲပြီး နိုင်ငြ နိုင်မာတဲ့ဘဝကို တည်ဆောက်ကြရတော့မှာပါ။ အနှောင့်အယှက် မရှိတော့ပါဘူး ဝသုန်ရယ်။

"ဝသုန့်အမေ မရှိဘူး သား။ သူ့ယောက်ျားနဲ့ ခရီး ထွက်သွားတယ်လို့ ပြောတယ်။ အသက်ကို မထိခိုက်နိုင်တော့ဘူး ဆိုမှတော့ အကြောင်းကြားမနေတော့ဘူးလေ"

အသီးကျွန် မိန်းကလေးရယ်...

မင်းဘဝကို မောင် နားအလည်ဆုံးပါ။

မောင် မင်းကို ဘယ်တော့မှမစွဲဘူး။

မင်းရဲ့ အမိုး

မင်းရဲ့ အကာ

မင်းရဲ့ အရိပ်

မင်းရဲ့ အဖော်အဖြစ် မင်း အသက်ရှင်နေသရွေ့ မောင် ရပ်တည်သွားမယ် ဝသုန်။

ပြုံးပြီး ခေါင်းညိတ်ပေးပါတော့လားကွယ်။





"အင်း အင်း"

"ဟော... သူ သတိရလာပြီထင်တယ်"

"ဝသုန်၊ ဝသုန် သတိရလာပြီလားဟင်"

"အင်း အင်း"

မိန်းကလေးမျက်လုံးတွေ တဖြည်းဖြည်း မွင့်လာ၊ ပုတ်ခတ်ပုတ်ခတ်ဖြစ်၊ နောက်တော့ တည်ငြိမ်သွား၊ ပြီးတော့ ဟိုဟိုသည်သည် ရွေ့လျား။

"ခဏ ခဏမယ်ကြပါ"

သူနာပြုဆရာမလေးက စတင် လှုပ်ရှားတယ်။

"ညီမလေး၊ သတိရပြီနော်"

"ဟုတ်... ဟုတ်ကဲ့"

ဆရာဝန်တွေ ဝင်လာကြတယ်။ ဝမ်းသာအားရပါ။

"နိုးပြီလား သမီး၊ သမီးက အိပ်လိုက်တာ အကြာကြီးကိုး ကွယ်၊ ဒီကာလမှာတွေမှာ သမီးနိုးအောင် ရင်တမမနဲ့ စောင့်လိုက်ကြ ရတာ၊ ကဲ ပြောပါဦး၊ အနံ့တိမေးတာ"

ဆရာဝန်မကြီးရဲ့ ကြင်နာတဲ့ လေသံ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနာမည် ဘယ်သူလဲ"

"မေဝသုန်ပါ"

"အဖေနာမည်ရော"

"ဦးကျော်ခင်" -

"အမေ နာမည်ရော"

"ဒေါ်ခင်နှင်းဝေ"

"သမီး ယောကျာ်းရှိသလား"

"ဟုတ်ကဲ့"

"ဘယ်သူလဲ"

"ကိုပစ္စုန်မိုး"

"ဟုတ်ပြီ၊ သမီး ဘယ်မှာနေသလဲ"

"မှ လောလောဆယ် တောင်ဒဂုံမှာပါ"

"သမီးက မှတ်ဉာဏ်သိပ်ကောင်းတာပဲ၊ ကဲ ပြောပါဦး သမီးရယ်၊ သမီး ဘာဖြစ်သွားတယ်ဆိုတာ"

"မ… မသိဘူး"

"ပြော်… အေးလေ၊ မသိလိုက်ဘူးပေါ့၊ ကဲ အခု သမီး ပြန်သတိရပြီနော်၊ ခေါင်းမူးသေးလား"





"နည်းနည်းမူးတယ်"

"အသက်ရှုကျပ်လား"

"မကျပ်ပါဘူး"

"မောသလား"

"မမောပါဘူး"

"ဟုတ်ပြီ၊ သမီးလက်ကလေး၊ ခြေကလေးတွေ လှုပ်ပြပါဦး၊ မြောက်ပြပါဦး ဟုတ်ပြီ"

ဆရာဝန်မကြီးက ဆေးပေးဖို့ လမ်းညွှန်တယ်၊ အခြေအနေကို ကျေနပ်သွားတယ်။

"သမီး၊ ဒီမှာ တစ်ရက်နှစ်ရက် နားလိုက်နော်၊ သမီး ဘာဖြစ်ချင်သလဲ၊ ပြောပါဦး"

"ကျွန်မ တစ်ယောက်တည်း နေပါရစေ"

"ဟင်…"

"ဟုတ်ကဲ့၊ ဒီအခန်းထဲမှာရှိတဲ့ လူတွေနဲ့ ကျွန်မ တစ်ယောက်မှ မတွေ့ချင်ဘူး၊ သူတို့ကို နှင်ထုတ်ပေးပါ အန်တီ"

"ဝသုန်၊ ဘယ်လိုပြောလိုက်တာလဲကွာ"

"ဘယ်လိုပြောလိုက်တာလဲဆိုတာ ကြားမှာပါ၊ ကျွန်မ တစ်ယောက်တည်းနေပါရစေ၊ ကျွန်မ ဘာကိုမှ ပြန်တွေးချင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့မှလဲ စကားမပြောချင်ဘူး၊ ကျွန်မ ကျွန်မ"

"သမီးလေး စိတ်ထိန်းထားလေ၊ ပြန်သတိရလာဦးမယ်၊ ကဲ ကောင်းပြီ၊ ဒီဆရာမလေးကိုတော့ သမီးနေခွင့်ပေးရမယ်နော်၊ အားလုံးပဲ ကျွန်မနဲ့ လိုက်ခဲ့ကြပေးပါ"

"ဟိုအစ်ကိုကြီး၊ လိုက်သွားပါ၊ ကျွန်မ စောင့်ရှောက်ထားပါမယ်"

ဝမ်းသာအားရ နှုတ်ဆက်စကားဆိုကြမယ့်သူအားလုံး စိတ်မကောင်းစွာ ထွက်လာခဲ့ကြရတော့တယ်။

အခန်းပြင်ရောက်တော့...

"စိတ်မကောင်းမဖြစ်ကြပါနဲ့၊ ခုချိန်မှာ သူ့ကိုထပ်ပြီး စိတ်ထိခိုက်အောင် လုပ်လို့မဖြစ်ဘူး၊ တဖြည်းဖြည်း သူ စိတ်ပြန်ပြီး ကြည်လင်လာမှာပါ၊ သူ့ကျန်းမာရေးက အားလုံးကောင်းပါတယ်၊ ဘယ်လိုက စဖြစ်တယ်ဆိုတာ ကျွန်မကို ပြောပြပါ၊ စိတ်နဲ့ သက်ဆိုင်ရင် စိတ်ရောဂါဆရာဝန်ကို ပင့်ပေးပါ့မယ်"

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။ မေဝသုန်ကို ဘယ်လိုမှ တွေ့ခွင့်မရ။ ဆေးရုံရှေ့မှာ ငုတ်တုတ်ငိုက်ခဲ့ရ။

နောက်ဆုံးတော့...

* * *





"အကောင်းဆုံးကတော့ သူ့ကို တစ်ယောက်တည်း နေခွင့်ပေးဖို့ပဲ မောင်ပဏ္ဍုန်"

"ဘယ်လိုဖြစ်မှာလဲ ဆရာရယ်၊ သူက ကျွန်တော့် မိန်းမပါ၊ ကျွန်တော်တို့နှစ်ယောက် သိပ်ချစ်ကြတာပါ ဆရာ၊ ဆောင်ခရုအိမ်ကလဲ ကျွန်တော်တို့နှစ်ယောက် နှခမည်နဲ့ အတူနေကြဖို့ ဝယ်ထားတာပါ၊ အခုဆိုရင် မေမေကလဲ သူ့ လက်ဖွဲ့တ... အားလုံး ပြန်ယူသွားပါပြီ၊ သူနဲ့ ကျွန်တော် ရေ့ကို ချစ်ချစ်ခင်ခင် လက်တွဲသွားကြဖို့ပဲ ရှိပါတယ်"

"အင်း သမားရိုးကျဆိုရင်တော့ အဲဒီအစီအစဉ်က သိပ် ကောင်းတာပေါ့ မောင်ပဏ္ဍုန်၊ ဒါပေမဲ့ အခု မေဝသုန့်မှာက စိတ်ရောဂါဝင်နေပြီ၊ အားတော့နာတယ်ကွာ၊ ဒါပေမဲ့ မင်း သိအောင်တော့ ပြောပြရမယ်၊ သူက မင်းအဲ့မကို သိပ်မုန်း... နာကြည်းသွားတယ်၊ အဲဒီစိတ်ကို သူဖြေလို့မရဘူး၊ ဆရာ စမ်းသပ်မေးမြန်းတိုင်း မေဝသုန်ပြောတဲ့စကားက ... မင်းအမေက ပြောခဲ့တဲ့ 'မိဘအုပ်ထိန်းမှုအောက်မှာ ... ခဲ့ရမှတော့ ဒီလောက်တော့ရှိမှာပေါ့' ဆိုတဲ့ စကား ... အကြီးအကျယ် အနာရသွားပုံတာပဲ၊ အဲဒီမှာ သူ ... ကြည်မှုက



www.burmeseclassic.com

www.burmeseclassic.com



နိဘာတွေအထိ ရောက်သွားတယ်၊ မေဝသုန့်ဘဝလေးက အတော့်ကို သနားစရာကောင်းတယ်ကွယ်၊ နဂိုက အနာရှိနေတဲ့စိတ်ကို တုတ်နဲ့ ခပ်နာနာထပ်ရိုက်လိုက်သလို ဖြစ်သွားခဲ့ရရှာတာ"

"ကျွန်တော် နားလည်ပါတယ် ဆရာ၊ ဒါကြောင့်လဲ သူ့ကို တစ်ယောက်တည်း ကျွန်တော် ပစ်မထားရက်ခဲ့နိုင်ဘူး၊ သူ ဗိုပြီး စေနာရလာမှာပေါ့ ဆရာရယ်"

"မဟုတ်ဘူး မောင်ပစ္စုန်၊ တစ်ယောက်တည်းဆိုတော့ သူ နေကျင့်ရထားပြီးသာ အခြေအနေလေး၊ သူ နေသွားနိုင်ပါလိမ့်မယ်၊ အေးလေ သူ ငယ်ပါသေးတယ်၊ တစ်နေ့နေ့တော့ သူ့စိတ်တွေ အနည်ထိုင်ပြောင်းလဲလာနိုင်ပါတယ်၊ မင်း စိတ်ရှည်ရှည် စောင့်ပေးလိုက်ပါ"

"ကျွန်တော်"

"ဆရာဝန်တစ်ယောက်အနေနဲ့ အသိပေးတိုက်တွန်းတာပါ မောင်ပစ္စုန်၊ ဆုံးဖြတ်ရမှာတော့ မင်းပါပဲ၊ မေဝသုန့်ကို မင်း တကယ်ချစ်တယ်ဆိုရင် သူ့စိတ်ကို ထပ်ပြီးမနာကျင်ပါစေနဲ့လို့ ပြောချင်ပါတယ်၊ ကဲ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်"





အရှုံးပေးလိုက်ရတာလား။

အနိုင်ပေးလိုက်ရတာလား။

အရှုံးအနိုင်နဲ့ မသက်ဆိုင်တဲ့ ပြိုင်ပွဲတစ်ခုမဟုတ်တဲ့အတွက် ဘယ်သူမှလည်း မရှုံး၊ ဘယ်သူမှလည်း မနိုင်။

အစင်းဖြစ်မွှားရာ တလင်းပြင်ကတော့ မှုမှုကြေအောင် ပျက်စီးသွားခဲ့ရတာမျိုး။

ဝသုန်ရေ။

မောင်တို့နှလုံးသားတစ်စုံတော့ ပျက်စီးကြေမွ သွားခဲ့ကြရပြီ နော်။

အဲဒီ နာကျင်ကြေမွပျက်သွားတဲ့နှလုံးသားတစ်စုံဟာ ဘဝ တစ်ခု တိုးတက်ဖို့၊ ဆုတ်ယုတ်ဖို့အတွက် ဘယ်လောက်အထိ ဖိအားပေးနိုင်မလဲဆိုတာ မောင်တို့ စောင့်ကြည့်ကြရတော့မှာပေါ့။

ချစ်သူအတွက် အမိုး၊ အကာ၊ အရိပ်၊ အစောင့်မဖြစ်ရမှု တော့လည်း မောင့်ဘဝကတော့ အချစ်ရာသီရဲ့ပြင်ပမှာ အထီးကျန် လွင့်မျောရတော့မှာပါပဲ ဝသုန်ရယ်။

• • •



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သမျှတွေဟာ ကျွန်မရဲ့ အတ္တသက်သက်ချည်း ကြောင့်သာပဲလို့ စွပ်စွဲလိုက်ပါတော့ မောင်။

ကျွန်မကတော့ ဒါဟာ ရပိုင်ခွင့်အရှိဆုံးနဲ့ အသုံးချခွင့်အရှိဆုံး အခွင့်အရေးတစ်ရပ်လို့ပဲ နားလည်ထားတယ်။ နားလည်ထားတယ်ဆိုပေမဲ့လည်း နားလည်တဲ့အတိုင်းတော့ အလွဲသုံးစား မလုပ်ခဲ့ရသေးပါဘူး မောင်ရယ်။

တကယ်ဆိုရင်...

မောင့်အမေရဲ့လက်ဖွဲ့ (ကျွန်မအတွက်တော့ သေနတ်တစ်လက်နဲ့ ဘာမှမခြားဘူး)ကို မောင် ခါးခါးတူးတူး ငြင်းပစ်လိုက်ပါတော့လား။ အဲဒီလက်ဖွဲ့ပစ္စည်းဆိုတာတွေကိုထားဖို့ ကျွန်မတို့မှာ နေရာလွတ် မရှိဘူးလေ။

တကယ်ဆိုရင်...

ကျွန်မတို့ရဲ့ မင်္ဂလာပွဲကို ရောက်လာတဲ့ (တကယ်တော့ ကျွန်မရဲ့ မာနကို ကြိတ်ချေပွဲအနေနဲ့ပါ) မောင့်အမေကို မောင် ကြောက်ကြောက်လန့်လန့် မောင်းထုတ်ပစ်လိုက်ပါလား။

ဒီအမျိုးသမီးဟာ (တစ်ချိန်ချိန်မှာမဟုတ်သေးဘူး) အခု အချိန်ကတည်းက ကျွန်မနဲ့ မောင့်အကြားမှာ ခလောက်သံတွေ





ညံနေစေခဲ့တာလေ။

(ကျွန်မရဲ့အတ္တအလိုအရဆိုရင်) ‘မောင့်အမေအတွက် ကျွန်မတို့ရဲ့ မင်္ဂလာပွဲမှာ နေရာလပ်မရှိစေရ။

တကယ့်တကယ်ကျတော့...

ကျွန်မငြင်းဆန်သမျှ အရာအားလုံးကို မောင် လက်ခံခဲ့တယ်။ ဘယ်လိုမှ မလွန်ဆန်ရဲတဲ့ သားလိမ္မာတစ်ယောက်ရဲ့ မိခင်အပေါ် ရိုကျိုးမြတ်နိုးခြင်းတွေ ကျွန်မ အထင်အရှား မြင်ခဲ့ရတယ်။

အဲဒီအချိန်မှာပဲ ကျွန်မဟာ မောင့်အတွက် အရာရာ မဖြစ်နိုင်ပါလားဆိုတဲ့ အသိက ကျွန်မအတွက်တော့ မောင်ဟာ အရာရာဖြစ်ခဲ့တယ် ဆိုတဲ့အသိကို သိမ်းယူဝါးမျိုသွားတော့တယ်။

ကျွန်မရဲ့ အမြင့်မားဆုံး အသုံးချခွင့် နယ်ပယ်တစ်ခုကို ကျူးကျော်ခံလိုက်ရတဲ့အဖြစ်ပါ။ ဒီနယ်ပယ်ဟာ ကျွန်မနဲ့ မောင် (မောင်တော့မသိပါ) ရဲ့ ‘ယနေ့မှသည်...’ အစချီပြီး နောက်ဆုံး နှစ်ပရိစ္ဆေဒ အလီလီတွေအထိ အကျုံးဝင်ပါတယ် မောင်။

ဒီလိုအချစ်နဲ့ ရံထားတဲ့ နယ်ပယ်တစ်ခုရဲ့ ပျက်ပြိုရေးဟာ ဘယ်လောက်အရေးပါခဲ့လိမ့်မလဲဆိုတာ မောင်တွေးကြည့်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလုံခြုံမှုအတွက် အရေးအပါဆုံး၊ တာဝန်အရှိဆုံးလူသားနှစ်ဦးဟာလည်း မောင်နဲ့ ကျွန်မနှစ်ယောက်တည်းရှိတာပဲ မဟုတ်လား။

မိဘအသိုင်းအဝိုင်း၊ ဂုဏ်ထူး၊ ဘွဲ့ထူး၊ ဥစ္စာဓနတွေဆိုတာ အချစ်ရဲ့ အခြေအရံအဆင့်လောက်မှာသာ ရှိတာပါ။ သူတို့က ချစ်သူနှစ်ယောက်ရဲ့ လုံခြုံရေးကို ဘယ်ပုံဘယ်နည်းနဲ့မှ အာမ မခံနိုင်ကြပါဘူး။

မောင်လိုအပ်မယ်ဆိုရင် ကျွန်မကပဲ မောင့်အတွက် မိဘ၊ ဂုဏ်ဒြပ်၊ ဓနဥစ္စာတွေ ဖြစ်ပေးချင်ခဲ့ပါတယ်။ မောင်နဲ့ကျွန်မ နှစ်ယောက်မှအပ ဖြစ်တဲ့ တခြားသက်ရှိသက်မဲ့ ဘယ်လိုအရာကိုမှ ကျွန်မ မလိုလားဘူး။

မောင် သိပ်ကိုအေးမြဖို့ လိုအပ်ခဲ့ပြီလား။ ကျွန်မကပဲ မိုးဥတုလေး ဖြစ်ပေးချင်တာပါ မောင်။ မိုးဥတုရဲ့ အချက်အလက်တွေ ရသိမ်းပြီး မောင့်ရဲ့နေ့မှာ၊ ညမှာ မောင့်ရဲ့ ရွှေမှာ၊ ဆောင်းမှာ ငြိမ်းချမ်းရေး မိုးစက်တွေနဲ့ တဖွဲဖွဲ ရွာပေးနေချင်တာပါ။

အဲဒီမိုးဥတုတစ်ခု ဖြစ်တည်ဖို့အတွက်တော့ဖြင့် ကျွန်မ တစ်သက် မောင့်တစ်သက် အခွေ့ပုံမျောက်ကျွယ်ပေးလိုက်ရလည်း ကျွန်မအတွက် ဘာအရေးလဲ။





ဒါဟာ ကျွန်မရဲ့ တစ်မူတည်းသော ဆန္ဒ။

အပြန့်ပြောဆုံး ရခဲတာနာ။

အမျှော်လင့်ခဲ့ဆုံး ဘဝတစ်ခုပါ။

ဒါပေမဲ့…

မောင့်အတွက် အာရာရာမှန်သမျှ ကျွန်မ မဖြစ်ခဲ့ရမှတော့ ဘာဆိုဘာမှလည်း ကျွန်မ ဖြစ်ချင်တော့ပါဘူး မောင်…

မောင် မှားခဲ့တာပဲ။

ဟုတ်တယ်။

ကျွန်မအတွက်နဲ့ မာနစံနှုန်းအရဆိုရင် မောင်ဟာ အပြစ်ကျူးလွန်သူ၊ အပြစ်ရှိသူ၊ အမှားယွင်းဆုံးသူတစ်ယောက် ဖြစ်ခဲ့ပြီ။

ဝမ်းနည်းပါတယ် မောင်။

မောင့်အတွက်ရော၊ ကျွန်မဘဝအတွက်ရောပေါ့။

ဘာကိုမှ မိမိရရ ပိုင်ဆိုင်ခွင့်မရရှိခဲ့တဲ့ မိန်းမတစ်ယောက် ဘဝမှာ ပိုင်ဆိုင်ခွင့်ရှိတယ်လို့ (လောဘတကြီး၊ အတ္တကြီးကြီး) ယုံကြည်ခဲ့တဲ့ ယုံကြည်မှုတစ်ခု ပျက်စီးသွားတာလောက် ဆိုးပါးတဲ့အပြစ် ရှိဦးမှလား။

ခွင့်မလွှတ်ပါဘူး မောင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ခွင့်လွှတ်ပါလို့လည်း မတောင်းဆိုဘူး။

ဒီအမှားမျိုးဟာ တောင်းပန်စကားတစ်ခွန်း၊ နှစ်ခွန်းလောက်နဲ့ မလုံလောက်ဘူး။ (လုံလောက်မယ့်ပမာဏလည်း မရှိပါဘူး မောင်)

တတ်နိုင်ရင် မောင့်ကို ကျွန်မ တူးတူးခါးခါး မုန်းပစ်လိုက်ချင်တာ။ ဒါမှ ဒီအမှားကို ကျွန်မ ခွင့်လွှတ်လို့ရလိမ့်မယ်။

ခုတော့ ကျွန်မမောင့်ကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့...

ကျွန်မ မောင့်ကို မုန်းလို့မှမရဘဲ...

ကျွန်မ မောင့်ကို သိပ်ကိုချစ်နေခဲ့လို့ပါ မောင်။

• • •

## နိဂုံး

ဘာတွေသေချာခဲ့ပြီး...

ဘာတွေ မသေချာဦးမယ်မှန်းမသိတဲ့ လမ်းမရှည်ကြီးက ရှေ့မှာ တမျှော်တခေါ်...

ဒီဇင်ဘာရဲ့ နှင်းမှုန်တွေကြားထဲက မြင်နေရသလိုမျိုး ဝိုးတဝါး မှုန်ရီလို့...

ဒီလိုပဲလား...

ချစ်သူမပါတဲ့ အနာဂတ်ကာလဆိုတာ နှင်းမှုန်ထဲက မြင်ကွင်းတစ်ခုလို မပီပြင်မပြတ်သားကြေးတဲ့လား။

ချစ်သူရှိခဲ့တဲ့ အတိတ်ကာလကျတော့ ဘာအတွက်ကြောင့် နှင်းမှုန်ထုထုထဲထဲကြားမှာလည်း တလက်လက် ဝင်းပနေခဲ့ရတာတဲ့လဲ။

ပန်းနုမိုး

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ

'မောင်'သည်

'ကျွန်မ' ၏

'ရင်ခုန်သံနှိုးစက်တစ်လုံး' ဖြစ်ခဲ့သည်။

မေဝသုန်

ပြီးပါပြီ။

မေမှုလဲဦး

BURMESE CLASSIC .com

www.burmeseclassic.com